# ရွှေစက်တော်သမိုင်းစုံ



## ရွှေစက်တော်လမ်းညွှန်

ငွေမြင့်သိမ်း (ဒဿနိက)


မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ခွင့်ပြုချက်ဖြင့်ထုတ်ဝေသည်။



## နဂါးပွက်တောင်မှတ်တမ်း

၁၃၆ဂ ခု၊
တပေါင်းလပြည့်နေ့
အဓိဌာန်အောင်
နဂါးသလျှာန်
ပွက်နေသောပုံ

နဂါးပွက်တောင်သာယာလှပရေးအဖွဲ့ ခွင့်ပြုချက်ဖြင့်ထုတ်ဝေသည်။



N
E
S
ရန်ကုန်သို့

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ❋ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❋ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- ❋ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❋ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❋ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး။
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❋ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေ
- ❋ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆော
- ❋ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❋ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း


တမူခွင့်ပြုချက်အမှတ် • ၃၂၀၃၃၂၀၆၀၈

သာသနာရေးခွင့်ပြုချက်အမှတ် • သသန ၁၁၄/၀၈(၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၃၂၀၃၃၂၀၆၁၁

စီစဉ်သူ • စည်သူသိမ်း(LLB)

ကွန်ပျူတာစာစီ • "သိရိ" ကွန်ပျူတာ

ကာလာခွဲနှင့်ဖလင် • ကိုအေးလွင်၊ဦးကြည်

ဓာတ်ပုံ • ဦးနီတွတ်(နတ်သမ်းမွေး)၊သန်းထက်(၁-ရပ်၊မင်းဘူးမြို့)<br>ရွှေမင်းသား(ရောင်ခြည်ဦး)၊ကိုထွန်း(စက္ကိန်းတဲ)<br>မင်းဇော်(သိရိရွှေစင်)၊ ဒိုးလုံးဦးစိုးဆန်း(နက္ခတ)<br>ဆယ်ကျော်သက်၊ညီမငယ်(မန်းရွှေငယ်)

တည်းစိစစ် • ဒေါ်အေးနွဲ့နွဲ့၊မြင့်ဦးကျော်ဌေး

ထုတ်ဝေသူ • ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)၊ရွှေနံ့သာကျေးရွာ၊<br>မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။

အတွင်းပုံနှိပ်- • အောင်သုခ ပုံနှိပ်တိုက်၊၁၃/၂၇၊ရွှေဝါလမ်း၊တာမွေမြို့နယ်။

မျက်နှာဖုံးပုံနှိပ်- • "သင်္ဂဟ" ပုံနှိပ်တိုက်၊ ၂၅၈၊လမ်း(၄၀)အထက်<br>ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသည့်ကာလ • ၂၀၀၉-ခုနှစ်၊မတ်လ

အုပ်ရေ • ၅၀၀(ပထမအကြိမ်)

တန်ဖိုး- • ၂၀၀၀-ကျပ်

ဖြန့်ချိရေး- • ဘက်စုံအလှူခံဌာနများ၊ရွှေဆိုင်းအရောင်းဌာန<br>စည်သူသိမ်း(LLB) ၀၉၄၃၀၅၃၈၅၉





# ရွှေစက်တော်သမိုင်းစုံ

# ရွှေစက်တော်လမ်းညွှန်

# နဂါးပွက်တောင်မှတ်တမ်း

ဦးဌေးမြင့်သိမ်း(ဒဿနိက)

# ရွှေစက်တော်ဘုရားရှိခိုး
# (ကျောက်စာမှ)

**နန္ဒိတံ နာဂ ရာဇာဘိ၊**
**တရင်္ဘာယ ဝဋ္ဋိတံ၊**
**ဂုဟာနဒ္ဓော သဏ္ဌာပေန္တံ၊**
**ဏာမေ ပါဒ လဝဋ္ဌနံ၊**
**ပုညေနာနေန သဗ္ဗမ္ပိ၊**
**သမိဇ္ဈတု ယထိစ္ဆိတံ။**

**နာဂရာဇာဘိ**- နမ္မဒါနဂါးတို့သည်၊ **နန္ဒိတံ**- နှစ်သက်အပ်သော၊ **ဂုဟာနဒ္ဓော** - ခက်ခဲလုံခြုံစွာသော နမန္တာမြစ်နား၌ **တရင်္ဘာယဝဋ္ဋတံ**-လှိုင်းတံပိုးဘေးကင်းသော၊ **ပါဒ လဝဋ္ဌနံ**-ရွှေစက်တော်ကို၊ **သဏ္ဌာပေန္တံ** - ကောင်းစွာ ထားတော်မူခဲ့သော မြတ်စွာဘုရားကို၊ **ဏာမေ**- ရှိခိုးပါ၏။ **အနေနပုညေန**-ဤသို့ ရှိခိုးသောကောင်းမှုကြောင့်၊ **သဗ္ဗမ္ပိ**-အလုံးစုံသောဆုသည်လည်း၊ **ယထိစ္ဆိတံ**-အလိုရှိတိုင်း၊ **သမိဇ္ဈတု**-ပြည့်စုံပါစေသတည်း၊

**(အောက်စက်တော်ရာ ရှေ့ ကျောက်စာ)**

င်တော် ဩဝါဒါစရိယ သက်တော်ရှည် ဆရာတော်ကြီး
ဒ္ဒန္တသာဂရ (သာသနဓဇ ဓမ္မာစရိယ)မှ စာပေစီစစ်ပြီးဖြစ်ပါသည်။

## မာတိကာ


| | |
|---|---|
| နိုင်ငံတော်ပြဒါးဒါဇရိယ ဆရာတော်ကြီး၏ အမှာစာ | ၂၇ |
| ရွှေစက်တော်ပြဒါးဒါဇရိယ ငပဲဆရာတော်၏ အမှာစာ | ၂၈ |
| ကန်တော့ချိုး ကျေးဇူးတင်လွှာ | ၃၀ |
| ဝိတ်ဆက်နိဒါန်း | ၃၁ |
| ရွှေစက်တော်သမိုင်းစုံကောက်နုတ်ချက် | ၃၈ |
| ရွှေစက်တော် ဖွင့်ပွဲ ဝိတ်ပွဲ | ၄၅ |
| ရွှေစက်တော်သို့ လမ်းညွှန် | ၄၆ |
| ရွှေစက်တော်မှ ဘုရားဖူးခရီးစဉ်ဆက်သွားလိုလျှင် | ၄၈ |
| အောက်စက်တော်ရာ | ၆၂ |
| အထက်စက်တော်ရာဘုရားဖူးလမ်းညွှန် | ၆၄ |
| ခြေတော်ရာ (ပွား) | ၇၃ |
| တစ်ရာ့ရှစ်ကွက် လက္ခဏာတော် | ၈၄ |
| အထက်ခြေတော်ရာကိုငုံ၍တည်ထားသော မူလပထမစေတီတော် | ၉၀ |
| ရွှေစင်စစ် စက်တော် (ခြေတော်ရာပွား) | ၉၄ |
| ရွှေစက်တော်ပုံသဏ္ဌာန် | ၉၅ |
| ရဟန္တာခြေတော်ရာသို့ ခြေလျင်တောင်တက်ခရီး | ၁၀၀ |
| မန်းရွှေစက်တော်သမိုင်း | ၁၀၄ |
| စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်သမိုင်း | ၁၀၉ |

## မာတိကာ


| | |
|---|---|
| ငါးလှပ်ငွေလာကျောင်းတော်ရာ | ၁၂၂ |
| အထက်စက်တော်ရာမုခ်ဦးမှကိုးခန်းကြီးဓမ္မာရုံသို့ | ၁၂၈ |
| ဘုရားရှင်၏ခြေတော်ရာရှာဖွေခြင်း | ၁၄၆ |
| ဘုရားရှင်၏ခြေတော်ရာရှာဖွေတွေ့ရှိခြင်း | ၁၄၉ |
| ပုခန်းမြို့တောင်းစည်သူရှင်သရက္ခန်ရုပ်ပွားတော် | ၁၅၂ |
| ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော် | ၁၆၈ |
| နဂါးပွက်တောင် | ၁၈၂ |
| မကွေးမြသလွန်စေတီတော် | ၁၉၄ |
| မလွန်မြသပိတ်စေတီတော် | ၂၀၆ |
| ပုဂံ(ရွှယ်တော်လေးဆူ)ခရီးလမ်းညွှန် | ၂၁၀ |
| ပုပ္ပါးတောင်(စကားဝါမြေ)၊ပုပ္ပါးတောင်ကလပ် | ၂၁၅ |
| ရှင်ပင်ချမ်းသာကြီးစေတီတော်(ဓာတ်တော်ကုန်း) | ၂၂၁ |
| မင်းဘူး ဦးဩဘာသဆရာတော်၏အတ္ထုပ္ပတ္တိ | ၂၂၇ |
| မင်းဘူး ဦးဩဘာသဆရာတော်၏ရွှေစက်တော်ဘုရားရှိခိုး | ၂၃၅ |
| ရှင်မဟာရဋ္ဌသာရဆရာတော်၏ရွှေစက်တော်ဘုရားရှိခိုး | ၂၃၉ |
| ဗိုးသုတော်ဦးမင်း၏ရွှေစက်တော်ဘွဲ့လေးချိုး | ၂၄၃ |
| မန်းရွှေစက်တော်ရှေးဟောင်းခရီးလမ်းညွှန် | ၂၄၅ |

ခြေတော်ရာကို ၊ တစ်ခါရောက်လျှင်
သွားချင်နေကြ ၊ လွန်တောင့်တ၍
ဟတ္ထသွယ်ပျောင်း၊ လက်ဆယ်ချောင်းကို
ဦးခေါင်းထိပ်တင်၊ ကြည်လင်မြတ်နိုး
ရှိခိုးပါ၏။
ရှိခိုးပါရ ၊ ဤပုညကြောင့်
ဘဝအမှန် ၊ ထက်ရှာစံသည်
နိဗ္ဗာန်ရွှေမြို့၊ ရောက်စေသော်...။

မင်းပူး ဦးဩဘာသ(ကုန်းဘောင်ခေတ် စကားပြေ စာဆိုဆရာတော်)
မင်းဘူးမြို့၊ ရပ်သာရွာ ဇာတိဖွား
ရှာဖွေတင်ပြသူ–ဦးဒွေးမြင့်သိမ်း(ဒဿနိက)

# ရွှေစက်တော်ပုံသဏ္ဌာန်

စက်ဝိုင်းသဏ္ဌာန်အလယ်ဗဟိုတွင် မြတ်လေး (မုလေး) ပန်းတစ်ပွင့်၊ လက်ျာရစ်ခရုသင်းတစ်လုံးနှင့် ထီးဖြူတစ်လက်၊ ကြန္ဒနီလာ မြအဆင်းရှိ အလယ်ကွက်တွင် ငွေရောင်၊ အတွင်းအပြင်ငွေအဆင်းရှိ (ရွှဲ)များ။

အပြင်နားတွင် အကန့်တစ်ထောင်၊ သန္တာအဆင်းရှိ၍ ရတနာ(၇)ပါးစီချယ်ထား။

အကန့်တစ်ကန့်နှင့်တစ်ကန့်ကြား ရတနာ(၇)ပါး အဆင်းရှိသော ရွှဲကြိုးများဖြင့် ခြားထား။

အပြင်ဆုံးတွင် ရွှေကြုံဆစ်ကာရံထားသော သန္တာအဆင်း။

အကန့်(ဆယ်ခု) (ဆယ်ခု) အကြားတွင် လက်ဝဲ၊ လက်ျာ ပန်းဆိုင်းဆွဲလျှက် သန္တာရိုးတပ်သော ထီးဖြူများရှိ (ထီးဖြူနှင့်ခရုသင်းအဖြူ တစ်ရာစီရှိ)။

အကွက်နား ပုံတောင်းပေါက် အရှေ့နားတွင် ခြသေ့်ခံတွင်းသဏ္ဌာန်၊ ပုလဲသွယ်သဏ္ဌာန် စီလျှက်ရှိ။

ပါဒစက်တော်ရာ သုတေသီမိသားစု

ရွှေစက်တော် ၊ ရှင်ပင်စက္ကိန်းတဲရွှေစေတီတော်
ရှင်ပင်ချမ်းသာကြီးစေတီတော်၊ မင်းပူးဦးသြဘာသ
ဆရာတော်၏ ပိဋကတ်တိုက်တော်ကြီး စေတီတော်
နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည်ဆရာတော်ကြီး

# အမှာစာ

ဤရွှေစက်တော်သမိုင်းစုံ၌ ရွှေစက်တော်
ပေါ်၊ ဆုတောင်းတို့ ၈ ဥ ၂ သောအားဖြင့်
မှတ်ချက် - မသိကျေးလေးသော မဟာဥဒါန်များကို
ရေးသား ပြီး၊ - ရဖွယ်ရာ သံဂါရ လိုခံ ထား၍ ဖော်ပြ
ပုဂ္ဂိုလ်စက် မြင်ပါသည် ။ ။

၁၃၅၀-ခု-တပို့တွဲ
လပြည့်ကျော် (၂) ရက်

ဦးသော်ဂဏ (စန္ဒာဓိက)
မဟာဝိသုတာရာမတိုက်အုပ်
ဆင်းတွေးမြို့

ငဖဲမြို့မဟာသမယာရာမ ကျောင်းတိုက်
ဘဒ္ဒန္တကစ္စာယန ဓမ္မာစရိယ
မန်းရွှေစက်တော်ဘုရားကြီး ဩဝါဒါစရိယ
ငဖဲဆရာတော်

**အမှာစာ**

ရွှေစက်တော်သမိုင်းစုံ၊ ရွှေစက်တော်လမ်းညွှန်၊ နဂါးပွက်တောင်မှတ်တမ်းကို ဦးငွေးမြင့်သိမ်း (ဒသနိက) မင်းဘူးက ရေးသားပြုစုသော ဤလမ်းညွှန်မှတ်တမ်းများသည် ခေတ်ကာလတိုးတက်ဖွံ့ဖြိုးမှုနှင့် လျော်ညီစွာ လိုက်လျောညီထွေ ဖြစ်ပေါ်လာသော ရှေးထုံးမပယ်သွားထုံးလွယ်သော ဗဟုသုတဖြစ်နိုင်သည့် အားဖြည့်မှု တစ်ရပ်ပင်ဖြစ်ပါသည်။ မန်းရွှေစက်တော်ဘုရားကြီးသည် ဥတုရာသီမရွေး လွယ်လင့်စွာ သွားရောက်ဖူးမျှော်နိုင်သောကာလ၊ နေ့ညမရွေးလျှပ်စစ်မီးတို့ဖြင့် အလင်းရောင်လျှမ်းအမှောင်ကုန်ခန်းသွားကာလတွင် - ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပသော ကာလများ၌ မြန်မာနိုင်ငံတနံတလျားသာမက နိုင်ငံရပ်ခြားကမ္ဘာ့ခရီးသွားများပင် ဝင်ရောက်လေ့လာနေသော အချိန်၌

ပွဲတော်ရက်ကာလများတွင် ဘုရားဖူး ရဟန်းသံဃာ သူတော်သီလရှင် ဥပါသကာ (အမျိုးသား) ဥပါသိကာမ (အမျိုးသမီး)တို့သည် တစ်ရက်တာတွင် ၁၃၀၀ကျော်နှင့် ၁၅၀၀ကြားတွင် ရှိနေပါသည်။ ထိုဘုရားဖူးတို့သည် တစ်ညအိပ် တစ်နေ့တာမျှ ပါဒနှစ်ဆူခြေတော်ရာကို အဓိက ထား၍ ဘုရားစုံသွားရောက်ကြည်ညို ဖူးမျှော်ရသော်ငြား လည်း တဒင်္ဂကာလမို့ သွားလာမှုနှင့်တကွ မှတ်သားမှုများ အိပ်မက်ပမာ ဇဝေဇဝါဖြစ်နိုင်ပါသည်။ ဤသမိုင်း ဤလမ်းညွှန်ကို လက်ဝယ်ကိုင်ဆောင်ထားလျှင်ကား ဆွေအစဉ်မျိုးအစုတို့သည် ရွှေစက်တော်နှင့် ပတ်သတ်သော ဗဟုသုတများနှင့်တကွ ဘုရားဂုဏ်ကို အောင့်မေ့နိုင်လျက် ဗုဒ္ဓါနုဿတိဘာဝနာများဖြင့် ဘဝကံဇာတာတိုးမြှင့်ဖြာပြီး ကြီးပွားနိုင်ကြလိမ့်ဟု မျှော်လင့်ပါသည်။

ဘဒ္ဒန္တကစ္စာယန (ဓမ္မာစရိယ)
ရွှေစက်တော်ဩဝါဒါစရိယ (ငဖဲဆရာတော်)
၁၃၆၉ – ခု ၊ တပေါင်းလဆန်း (၈) ရက်၊
၁၆ – ၃ – ၂၀၀၈ (တနင်္ဂနွေနေ့)

# ကန်တော့ချီး
# ကျေးဇူးတင်လွှာ

ရတနာသုံးပါး နှင့် ခင်ပွန်းကြီးဆယ်ပါးအား ကျေးဇူးဆပ်သောအားဖြင့် ရွှေစက်တော်သမိုင်းစုံ အမည်ဖြင့် ရှာဖွေတင်ပြလှူဒါန်းရသော ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

ဤစာအုပ်ရေးသားရသော ကုသိုလ်ကောင်းမှုနှင့် ကျွန်ုပ်တို့မိသားစု ပြုပြုသမျှ ကုသိုလ်ကောင်းမှုများကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှရကြပါစေ။

★ ★ ★ ★ ★

ခင်ပွန်းကြီးဆယ်ပါးကျေးဇူးဖြင့် ရွှေစက်တော် သမိုင်းစုံစာအုပ်ထုတ်ဝေနိုင်ရန် ပံ့ပိုး ကူညီကြသော ကျေးဇူးရှင်များ၊ ရွှေစေတီတော်များ၏ ဂေါပကအဖွဲ့ဝင် များ၊ စာမူဖတ်ပြီး ပြုပြင်ပေးသူများ၊ ကွန်ပျူတာစာစီ၊ ပုံနှိပ်၊ ဖလင်ကာလာခွဲ၊ ဓါတ်ပုံဆရာများ၊ စာအုပ်ချုပ်၊ ဖြန့်ချိသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြု အပ်ပါသည်။

ငွေးမြင့်သိမ်း

# မိတ်ဆက်နိဒါန်း

ရွှေစက်တော်သမိုင်းစုံမှတ်တမ်းလမ်းညွှန်ဆိုသည့် အတိုင်း ပိဋကတ်တော် ပုဏ္ဏောဝါဒသုတ္တန်လာ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော် ပါဝင်မှ ရွှေစက်တော်သမိုင်း ပြည့်စုံပါသည်။ မင်းဘူးမြို့၊ ရှင်ပင်စက္ကိန်းတဲရွှေစေတီတော်၊ မကွေးမြို့စွန် မြသလွန်စေတီတော်၊ မလွန်မြသပိတ်စေတီ တော် သမိုင်းများ ပိဋကတ်တော်တွင် မတွေ့ရှိရသော်လည်း ဂေါပကအဖွဲ့များမှ ထုတ်ဝေထားသော သမိုင်းစာအုပ်များ အရ ဖော်ပြထားပါသည်။ (ဘေးကင်းရန်ကွာ မန်းစက်တော် ရာ) ဆိုရိုးအတိုင်း ရွှေစက်တော်တွင် မင်းငါးဆက်၏မိဖုရား ရှင်ဘို့မယ်ကို အင်းဝဘုရင်မင်းခေါင်လာရောက် ခေါ် ဆောင်ပြီး မင်းနှစ်ပါးပူးပေါင်း၍ မင်းပူးမြို့အမည်ပေးပြီး ဓါတ်တော်ကုန်းတွင် ရှင်ပင်ချမ်းသာကြီးစေတီတော် တည်ထားသဖြင့် ၎င်းသမိုင်းကို တင်ပြရပါသည်။

ရှင်ပင်ချမ်းသာကြီးစေတီတော် အနီးကပ် အနောက်ဘက်တွင် ကုန်းဘောင်ခေတ်စာဆိုတော် ဇာတ် တော်ကြီး (၈)ဘွဲ့ကို မြန်မာစကားပြေ ရေးသားတော်မူ ခဲ့သော မင်းပူးဆရာတော် ဦးဩဘာသ ပိဋကတ်တိုက်နှင့် တိုက်တော်ရှေ့ကျောက်စာမော်ကွန်းမှ ဆရာတော်၏ ထေရုပ္ပတ္တိကို ဆက်လက်တင်ပြရပါမည်။ မင်းပူးဆရာတော်

ဦးညြဘာသ၏ ရွှေစက်တော်ဘုရားရှိခိုး တင်ပြခဲ့ပါမည်။ ရွှေစက်တော်ဘုရားဖူးများသည် ခရီးစဉ်မသိလျှင် မကွေးမြို့ ဦးတည်လာ၍ မကွေးမြို့စွန် မြသလွန်စေတီတော် ဝင်ရောက်ဖူးမျှော်ပြီး ဧရာဝတီမြစ်ကူးတံတားဖြတ်၍ မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော် ဖူးမျှော်သောအခါ တောင် တော်ပေါ်မှ ရှုခင်းများတွင် နဂါးပွက်တောင်ကို တွေ့မြင်ရပြီး ဗဟုသုတ လေ့လာရေးခရီးသွားကြပါသော ကြောင့် နဂါးပွက်တောင်မှတ်တမ်းကို တင်ပြလိုက်ပါသည်။

ရွှေစက်တော်ဆိုသည်မှာ (၁၀၈) ကွက် လက္ခဏာ တော်များနှင့် မသက်ဆိုင်သော သီးသန့် စက်ဝိုင်းသဏ္ဌာန်၊ အကန့်တစ်ထောင်ရှိကြောင်း၊ ဗုဒ္ဓဘုရားရှင်၏ ခြေဖဝါးတော် လေးပိုင်း ပိုင်ခြားကြည့်မြင်ပါက ခြေဖမျက်တော်တွင် တည် ရှိကြောင်း တင်ပြထားပါသည်။ ပိဋကတ်တော်တွင် မတွေ့ ရှိရသော်လည်း ရှေးပညာရှင်များအဆိုအရ ခြေတော်ရာ သည် ဗုဒ္ဓဘုရားရှင်၏ လက်တော်ဖြင့် တစ်ထွာလက်သုံးသစ် သာရှိကြောင်း တင်ပြပါသည်။

(၁၀၈)ကွက် လက္ခဏာတော်များမှာလည်း ဗုဒ္ဓဘဝ သံသရာများ ဖော်ပြထားခြင်းမဟုတ်ကြောင်းနှင့် လောက သုံးပါးသည် ဗုဒ္ဓဘုရားရှင်၏ ခြေဖဝါးတော်အောက်တွင် ရှိကြောင်း တင်ပြထားပါသည်။ ရွှေစက်တော် ရင်ပြင်တော် ပေါ်တွင် စပ်ဆိုသွားခဲ့သော အင်းဝဆရာတော် အရှင်မဟာ ရဋ္ဌသာရ၏ ရွှေစက်တော်အလင်္ကာကြီး ဘုရားရှိခိုးနှင့်

တောလားတို့၏ ကောက်နုတ်ချက်တို့ကို စာအုပ်နောက်ဆုံးတွင် ဖော်ပြထားပါသည်။ အောက်စက်တော်ရာအတွင်းရှိ အလုံးကြီးမှာ ဖနောင့်တော်နေရာဖော်ပြထားခြင်း မဟုတ်ကြောင်းနှင့် ခြေတော်ရာကြီးမားနေရခြင်းမှာ ပိဿာချိန် (၁၂၀၀) ရှိသော ကြေးသွန်းနဂါးမင်းနှစ်ကောင် ရုပ်ထုဝန်းရံထားသည်ကို ဘုရားဖူးများမှ ရွှေချထားသဖြင့် ကျယ်ဝန်းနေရခြင်းဖြစ်ကြောင်း တင်ပြထားပါသည်။ ခြေတော်ရာများတွင် နှစ်ဆူလုံး ဘယ်ဘယ်များသာ ဖြစ်ပါသည်။ အထက်ခြေတော်ရာအား စေတီငုံတည်ထားသဖြင့် အမိကဖူးသင့်ကြောင်း တင်ပြထားပါသည်။

ရွှေစက်တော်အမှတ်တရပစ္စည်းများ ရွှေစက်တော်တွင် လက်ကျားဖြန့်ချီနေစဉ် မန်းရွှေစက်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ဦးမောင်မောင်မြင့် (၂၀၀၁-၂၀၀၄) တာဝန်ပေးချက်အရ ဘက်စုံအလှူငွေရရှိရေး အကျိုးဆောင်အဖြစ်လည်းကောင်း၊ ပြန်ကြားရေးတာဝန်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ မင်းဘူးဆရာတော်ကြီးဖြစ်သော ဘဒ္ဒန္တသာဂရ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ သြဝါဒါစရိယဆရာတော်များ၏ သြဝါဒ၊ ဦးမောင်မောင်မြင့်နှင့် ဂေါပကအဖွဲ့ဝင်များ၏ တိုက်တွန်းချက်ဖြင့် စာအုပ်ထုတ်ဝေရန် (၂၀၀၃) ခုနှစ်ကစ၍ စီစဉ်ခဲ့သော်လည်း ဆရာကြီးဦးတင်ရှိန်၏ သမိုင်းကြီးစာအုပ် အရှိန်ဖြင့် စာအုပ်ထုတ်ဝေရန် လက်တွန့်နေမိပါသည်။

သမိုင်းအထောက်အထားများရှာဖွေနေစဉ် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသာဂရ ဆရာတော်ထံ သောကြာနေ့တိုင်းသွားရောက်ဖူးမျှော်ပြီး ရွှေစက်တော်သမိုင်းစုံလျှောက်ထားသကဲ့သို့ အပြန်တွင် မင်းပူးဦးဩဘာသဆရာတော် ပိဋကတ်တိုက်တော်ကြီးရှေ့တွင်လည်း မှတ်တမ်းများရေးသားပါသည်။ ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်သို့လည်း တနင်္လာနေ့တိုင်း၊ အရိပ်ရပင်များ ထိန်းသိမ်းစောင့်ရှောက်မှုများပြုသောအခါ ဘုရားဖူးများ၏ (စက်ကဒဲ)ဘွဲ့မည်ခေါ်ဆိုမှုများသည် မမှန်ကြောင်းနှင့် “စက်ကိန်းတဲ”ဟု ဘွဲ့မည်အမှန်ခေါ်ဆိုသင့်ကြောင်း ရှင်းပြရင်း စက်ကိန်းတဲဘိုးဘိုးကြီးနတ်ကွန်းတွင် မှတ်တမ်းရေးသားပါသည်။

အရှင်ပညာနန္ဒ သီတဂူကြယ်တစ်ပွင့် ဆရာတော် (၂၃. ၁. ၂၀၀၇) နေ့တွင် ရွှေစက်တော် ဘုရားဖူးခရီးစဉ်၌ ဗြဟ္မစိုရ်အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဘုရားဖူးရန် နေရာထိုင်ခင်းစီစဉ်ပေးပြီး ရွှေစက်တော်သမိုင်းစုံကျောက်စာမှတ်တမ်းနှင့် သုတများ လျှောက်ထားသောအခါ ဆရာတော်မှ ဘုရားဖူးများစွာကိုလည်း သိစေလိုသော ဆန္ဒဩဝါဒပေးသဖြင့် DVD ဗီစီဒီထုတ်ဝေပြီးသောအခါ ယခုကဲ့သို့ စာအုပ်အဖြစ် ထုတ်ဝေရပါသည်။

ရွှေစက်တော်သမိုင်းစုံနှင့် မှတ်တမ်းရှာရန် ရွှေစက်တော်တွင် အောက်စက်တော်ရာ၌ ကျောက်စာတစ်ချပ် ရွှေသာလျှောင်းတွင် ကျောက်စာတစ်ချပ်၊ ပန်းခြံထဲတွင်

ကျောက်စာတစ်ချပ်၊ မင်းဘူးမြို့၊ စက္ကိန်းတဲရွှေစေတီမုခ်ဦး ကျောက်စာ၊ ဓာတ်တော်ကုန်း ကျောက်စာနှင့် ချမ်းသာကြီး ရွှေစေတီတော် ကျောက်စာများသာ ရှိပါသည်။

(ရွှေစက်တော်အစ ကျောင်းတော်ရာက) စာဆို အတိုင်း စန္ဒကူးနံ့သာကျောင်းတော်ရာတွင် ကျောက်စာတိုက် ရှိပါသည်။ စန္ဒကူးနံ့သာကျောင်းတော်ရာတွင် ပိဋကတ် တော်လာ သာသနာ့သမိုင်းဝင်ဖြစ်သည့် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်ကြီးနှင့်တကွ ထောင့်တိုင်လေး တိုင် စေတီတော်များ၊ အရှင်မဟာပုဏ္ဏ မထေရ်မြတ်၏ ကျောင်းတော်နေရာစေတီ၊ ဓာတ်တော်စေတီ၊ (ယဉ်ကျေးမှု ဝန်ကြီးဌာနမှ စိုက်ထူထားသော) ဝါဏိဇ္ဇဂါမရွာ မှတ်တိုင် အရှင်မဟာပုဏ္ဏမထေရ်မြတ်၏ ကြေးသွန်းရုပ်ထု၊ ဝတ္တက မြေနယ်နိမိတ်ပြမှတ်တိုင်၊ ဘေးမဲ့ဒေသပြမှတ်တိုင်များနှင့် ကျောက်စာတိုက်အတွင်းမှ ကျောက်စာများသည် သမိုင်း အထောက်အထားများဖြစ်နေပါသည်။ စန္ဒကူးနံ့သာကျောင်း တော်ဆောက်လုပ်နေစဉ်က ဗုဒ္ဓဘုရားရှင်နှစ်ရက်၊ သုံးရက် ကြွတော်မူခဲ့ကြောင်း၊ ဒေါက်တာဘွဲ့နှစ်ဘွဲ့ရ သီတဂူ ဆရာတော်ကြီး အရှင်ဉာဏိသာရ (PhD DLitt)( )၏ ပုဏ္ဏောဝါဒသုတ္တန် စာအုပ် (၁၉၈၀) ခုနှစ်တွင် မှတ်သားရ ပါသည်။ ပိဋကတ်တော် ပုဏ္ဏောဝါဒသုတ္တန်လာ သာသနာ သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ အကျိုးဆောင်ချုပ် အရှင်ဓမ္မာစာရ (သာသနဓဇဓမ္မာစရိယ) ဆရာတော်၏

စန္ဒကူးနံ့သာ ကျောင်းတော်ရာသမိုင်းစာအုပ် အဓိက အားကိုးရေးသားပါသည်။ စာအုပ်ရေးသားပြီးနောက် (၁၇. ၁. ၂၀၀၈)နေ့တွင်

သမိုင်းတွင်

မပါဝင်သင့်သော အကြောင်းများကို ဆရာတော်ထံ ဩဝါဒ ခံယူခဲ့ပါသည်။

ရွှေစက်တော်သမိုင်းတင်ပြသောအခါ စန္ဒကူးနံ့သာ ကျောင်းတော်သို့ ဗုဒ္ဓဘုရားရှင် ကြွတော်မူသော အချိန်သည် ပိဋကတ်တော်တွင် မပါဝင်သော်လည်း ရှေးပညာရှိများ၏ အဆိုအရ ဝါတော် (၂၀)ခန့် ဝါတွင်း ကာလဟုဆိုကြောင်း တင်ပြရပါသည်။

ရွှေစက်တော်ခြေတော်ရာ ဖွင့်ပွဲအား (တပို့တွဲ လဆန်း၊ ၅ ရက်)နေ့တွင် မည်သည့်အတွက်ကြောင့် ဖွင့်ပွဲကျင်းပရသနည်းဟု စုံစမ်းကြပါသည်။ အရှင်တေဇောဘာသဆရာတော်၏ ရုပ်ပြသမိုင်းစာအုပ်တွင် ဖော်ပြထားသည်မှာ (၁၉၆၆)ခုနှစ်၊ မင်းဘူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မန်းရွှေစက်တော် ဂေါပကအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်သည်ဟု ဖော်ပြထားပါသည်။ ယခင်က တပေါင်းလဆန်းမှ ပွဲတော်ကျင်းပသည်ကို တစ်လကျော် ရက်တိုးမြှင့်ခြင်းဖြစ်ပါသည်။ (၁၉၆၆) ခုနှစ်ပွဲတော် စတင်ကျင်းပသောရက်မှာ တပို့တွဲလဆန်း၏ ကောင်းမွန်သော ရက်မြတ်မင်္ဂလာ တပို့တွဲလဆန်း (၅) ရက်ဖြစ်သဖြင့် နောင်တွင် အစဉ်အလာ

ဖြစ်သွားသည်ဟုဖြေကြားရပါသည်။

အခြေအနေနှင့်အချိန်အခါအရဘာက်စုံမွမ်းမံ ပြင်ဆင်နေရပါသဖြင့် ယခုအခါပွဲတော်ရက်သည် ဧပြီ (၂၀)ရက်ဖြစ်နေပါသည်။၂၀၁၀-ခုနှစ် ဇန်နဝါရီလ (၁၉)ရက်နေ့တွင်ခြေတော်ရာဖွင့်ပွဲ ကျင်းပမည် ဖြစ်သောကြောင့် နောင်အကြောင်းညီသော အချိန် ကာလတွင် ခြေတော်ရာ ဖွင့်ပွဲကျင်းပမည့်ရက်သည် ဇန်နဝါရီ(၁၈)ရက်နှင့်ပိတ်ပွဲရက်သည်ဧပြီလ (၁၈)ရက် ဖြစ်နိုင်သကဲ့သို့ နောင်ကာလ များတွင်လည်း အစဉ်အလာဖြစ်သွားသင့်ကြောင်း ဆန္ဒပြု မိပါသည်။

မန်းရွှေစက်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌကြီး၏ စွမ်းဆောင်ရည်ဖြင့်(၂၀၀၈)ခုနှစ်တွင် မြန်မာ့လျှပ်စစ်စွမ်းအား ဌာနမှရွှေစက်တော်အားပူဇော်နိုင်ခဲ့ပါသည်။နောင်ကာလ တစ်ခုတွင်ကိုးခန်းကြီး-- ငမွာရုံမှအထက် စက်တော်ရာသို့ ဘုရားဖူးများကို သယ်ယူပို့ဆောင်ပေးနိုင်မည့် စက်လှေ ခါး၊ဓါတ်လှေခါးများ လှူဒါန်းမည့် အလှူရှင် များပေါ်ပေါက်လာပါစေကြောင်းဆုမွန် တောင်းမိ ပါသည်။

ရွှေစက်တော်သမိုင်းစုံ စာအုပ်နှင့်ပတ်သက်၍လိုအပ်ချက်များရှိနေပါသည်။ ဩဝါဒပေးမှု၊ အကြံဉာဏ်ပေးမှုစေတနာများကို ခံယူပြီး ဒုတိယအကြိမ် ထုတ်ဝေ သောအခါပြုပြင်မည်ဖြစ်ပါသည်။

ရွှေစက်တော်မဖူးရသေးသူများနှင့် ဖူးပြီးသူများအတွက်ဤစာအုပ်က သုတရသရရှိပြီး ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါစေ။

ငွေးမြင့်သိမ်း ( ဒသာနိက)

# ရွှေစက်တော်သမိုင်းစုံ ကောက်နုတ်ချက်

ရွှေစက်တော်ဆိုသည်မှာ ဗုဒ္ဓခြေတော်ရာကို အပိုင်းလေးပိုင်း ပိုင်းခြားကြည့်မြင်ပါက ခြေဖမျက်တော်တွင် တည်ရှိသော အကန့်တစ်ထောင်ပါရှိသော စက်ဝန်းသဏ္ဍာန်လေးကိုခေါ် ဆိုပါသည်။ ခြေတော်ရာနှစ်ဆူသည် ဘယ်ဘက်များသာဖြစ်ပါသည်။

(၁၀၈)ကွက် လက္ခဏာတော်သည် စက်ဝန်းသဏ္ဍာန်ရှိသော ရွှေစက်တော်နှင့်မသက်ဆိုင်၊ သီးသန့်ဖြစ်သကဲ့သို့ ဗုဒ္ဓဘုရားရှင်ဘဝသံသရာဖြစ်စဉ်များ ဖော်ပြထားခြင်းဆိုသည်မှာ မမှန်ပါ။ လောကသုံးပါးနှင့် စကြာဝဠာမင်းအသုံးအဆောင်များသည် ဗုဒ္ဓခြေတော်အောက်တွင်ရှိသည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ပိဋကတ်တော်တွင် ရှာဖွေမတွေ့ရသော်လည်း ရှေးပညာရှိများ၏ မိန့်ဆိုချက်မှာ ဗုဒ္ဓခြေတော်ရာသည် ဗုဒ္ဓဘုရား၏ လက်တော်ဖြင့် တစ်ထွာလက်သုံးသစ်သာ ရှိသည်ဟုဆိုကြပါသည်။

ခြေတော်ရာကြီးမားနေရခြင်းမှာ ပိသချိန် (၁၂၀၀) ရှိသော ကြေးသွန်းနဂါးမင်းနှစ်ကောင် ရုပ်ထု ဝန်းရံထားသည်ကို ဘုရားဖူးများမှ ရွှေချထားသဖြင့် ကျယ်ဝန်းနေခြင်းဖြစ်ပါသည်။

အောက်စက်တော်ရာအတွင်းမှ အလုံးကြီးမှာ ဖနောင့်တော်နေရာဟု မယူဆသင့်ပါ။ ဘုရင့်ဘောင်းတော် (ဦးထုပ်) ကျသွားသည်ကို ရတနာအပြည့်ထည့်၍ ရွှေချထားခြင်းဖြစ်သည်ဟု ပြောဆိုနေကြပါသည်။

အထက်စက်တော်ရာအား ငုံ၍ ကိုးတောင်ပြည့် (မူလပထမ)စေတီ တည်ထားကိုးကွယ်ထားပါသည်။ အနီးကပ်တွင် ခြေတော်ရာ (ပွား) အပူဇော်ခံထားရှိပါသည်။ ခြေတော်ရာ (ပွား) အနီးကပ်တွင် ဒုတိယစေတီတည်ထားတော်မူပါသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော် ဩဝါဒါစရိယအဖွဲ့၏ ပထမဆုံး ဥက္ကဌ ဆရာတော်ကြီး ဦးဣန္ဒာသဘ အမိန့်ရှိသော ( ရွှေစက်တော်အစ ကျောင်းတော်ရာက၊ ကျောင်းတော်ရာအစ မဟာပုဏ္ဏ က) ဟူသော ဆောင်ပုဒ်အရ မြန်မာပြည်၏

(ပထမ) ရဟန္တာ အရှင်မဟာပုဏ္ဏ
(ဒုတိယ) ရဟန္တာ အရှင်သစ္စဗန္ဓ
(တတိယ) ရဟန္တာ အရှင်ဣသိဒိန္န
( အရှင် ဣသိဒိန္နထေရ ဝတ္ထု ၄ - နှာ ၃၉၉)

အထက်စက်တော်ရာသို့ ကိုယ်ပိုင်မော်တော်ယာဉ်များ တောင်ထိပ်သို့တက်ရောက်နိုင်ပြီး လှေကားထစ် (၁၅) ထစ်ပြန်ဆင်းရပါမည်။ မော်တော်ယာဉ်လိုင်းကားစီးသူများ

ကိုးခန်းကြီး ဓမ္မာရုံမှ လှေကားထစ် (၈၄)ထစ် တက်ရပါမည်။ မုဆိုးတောင်သို့ အထက်စက်တော်ရာရင်ပြင်မှ လှေကားထစ် (၁၇၄)ထစ် တက်ရပါမည်။ အထက်စက်တော်ရာမှ ပြန်ဆင်းသောအခါ အပြန်တွင် ရွှေစက်တော် သုတ၊ ရသနှင့် အညာပွဲတော်ဈေး လှေလာရန် စောင်းတန်းအတိုင်း အထက်စက်တော်ရာမှ လှေကားထစ် (၅၂၈) ထစ် ဆင်းရမည်မှာ ပျော်စရာကောင်းပါသည်။

ဂေါပကအဖွဲ့ စည်းကမ်းတင်းကြပ်မှုနှင့် အရံစောင့်များ၏ စောင့်ရှောက်မှုကြောင့် စောင်းတန်းဈေးသည်များသည် စည်းကမ်းရှိမှုကြောင့် ဘုရားဖူးများသည် သံလက်ရမ်းများကို ကိုင်၍ဆင်းနေကြသည်ကို စိတ်ချမ်းသာစွာ တွေ့မြင်နိုင်ပါသည်။

ရွှေစက်တော်အမှတ်တရ၊ အိမ်ပြန်လက်ဆောင် ဓမ္မဒါနပေးရန် သီတဂူကြယ်တစ်ပွင့်၏ ရွှေစက်တော်သမိုင်းစုံ DVD ၊ ဗွီစီဒီ ၊ ရွှေစက်တော်သမိုင်းစုံစာအုပ်၊ ရုပ်ပြ၊ ပိုစတာ၊ ပို့စကတ် ဝယ်ယူအားပေးနိုင်ပါသည်။ သနပ်ခါးတုန်း၊ မုံရွာငုဝါစောင် ၊ ပခုက္ကူမြစ်ချေ အညာစောင်၊ မျှစ်ခြောက်၊ မျှစ်ချဉ်၊ မြေစာဥ၊ ပြောင်းစေ့အရွှကြော်၊ မန်ကျည်းသီး၊ ကြက်သွန်၊ ကရဝေးရွက်၊ သစ်ဂျပိုးခေါက်၊ နလင်ကျော်၊ တောင်နံကတိုး၊ ညော်ခံမြစ်စသည် တောတောင်ဒေသထွက် ပစ္စည်းများ စုံလင်လှပါသည်။



စက်ဝိုင်းသဏ္ဍာန်ရွှေစက်တော်အား ညွှန်ပြနေပုံ (ဓာတ်ပုံ-ဦးနီတွတ်)



ရွှေစင်စစ်စက်တော်နှင့်(၁၀၈)ကွက်လက္ခဏာတော် ဖွင့်ပွဲ



မြေလတ်ဒေသ ရှင်လောင်းများလှည့်လည်ပွဲပုံ



ရွှေစက်တော်ဘုရား ပွဲတော်ဖွင့်ပွဲ (၂၀၀၉) ခုနှစ်



ရွှေစက်တော်ဘုရား ပွဲတော်အမှတ်တရပုံများ

# ရွှေစက်တော် '' ဖွင့်ပွဲ – ပိတ်ပွဲ ''

ရွှေစက်တော်ခြေတော်ရာဖွင့်ပွဲကို နှစ်စဉ်တပို့တွဲ လဆန်း (၅) ရက်၊ ဇန်နဝါရီလ (၂၀) ရက်ဝန်းကျင်မှ စတင်ဖွင့်လှစ်ခဲ့ပြီး (၂၀၀၇) ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက် တွင် ဖွင့်လှစ်ခဲ့ပါသည်။ (၂၀၁၀) ခုနှစ်တွင် ဇန်နဝါရီလ (၁၉) ရက်ဖွင့်လှစ်ပါမည်။ ပွဲတော်ကျင်းပရက် (၂)လမှ (၃) လအထိ ရှိပါသည်။ ရွှေစက်တော် ခြေတော်ရာပိတ်ပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်၊ ဧပြီ -၁၆/၁၇ ရက်များတွင် ပိတ်လေ့ရှိသော်လည်း ယခုအခါ သင်္ကြန်ရုံးပိတ်ရက် ရက်ရှည် (၁၀) ရက်ပိတ်သဖြင့် ခြေတော်ရာပိတ်ပွဲကို (၂၀၀၇) ခုနှစ်မှစတင်၍ ဧပြီလ (၂၀) ရက်နေ့မှ ပိတ်မည်ဟု စတင် ကြေညာထားပါသည်။ မန်းချောင်းဘေးတွင် တည်ရှိ သော အောက်စက်တော်ရာကို ရာသီသဘာဝအရ သံမဏိ အုပ်ဆောင်းဖြင့် အုပ်ထားသော်လည်း သစ္စာဗန္ဓတောင်ပေါ် တွင် တည်ရှိသော အထက်စက်တော်ရာသို့ အချိန်ကာလ မရွေး ရာသီမရွေး ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီး တဆင့် တောင်ပေါ်(၈)မိုင်လမ်းခွဲဖြင့် လမ်းခရီး လုံခြုံ ချောမွေ့စွာ သွားရောက်ဖူးမျှော်နိုင်ပါသည်။




ရွှေစက်တော်ဘုရား ပွဲတော်အမှတ်တရပုံများ

# ရွှေစက်တော် '' ဖွင့်ပွဲ – ပိတ်ပွဲ ''

ရွှေစက်တော်ဓြေတော်ရာဖွင့်ပွဲကို နှစ်စဉ်တပို့တွဲလဆန်း (၅) ရက်၊ ဇန်နဝါရီလ (၂၀) ရက်ဝန်းကျင်မှ စတင်ဖွင့်လှစ်ခဲ့ပြီး (၂၀၀၇) ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်တွင် ဖွင့်လှစ်ခဲ့ပါသည်။ (၂၀၁၀) ခုနှစ်တွင် ဇန်နဝါရီလ (၁၉) ရက်ဖွင့်လှစ်ပါမည်။ ပွဲတော်ကျင်းပရက် (၂)လမှ (၃) လအထိ ရှိပါသည်။ ရွှေစက်တော် ခြေတော်ရာပိတ်ပွဲကို နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်၊ ဧပြီ -၁၆/၁၇ ရက်များတွင် ပိတ်လေ့ရှိသော်လည်း ယခုအခါ သင်္ကြန်ရုံးပိတ်ရက်၊ ရက်ရှည် (၁၀) ရက်ပိတ်သဖြင့် ခြေတော်ရာပိတ်ပွဲကို (၂၀၀၇) ခုနှစ်မှစတင်၍ ဧပြီလ (၂၀) ရက်နေ့မှ ပိတ်မည်ဟု စတင် ကြေညာထားပါသည်။ မန်းချောင်းဘေးတွင် တည်ရှိသော အောက်စက်တော်ရာကို ရာသီသဘာဝအရ သံမဏိအုပ်ဆောင်းဖြင့် အုပ်ထားသော်လည်း သစ္စာဗန္ဓတောင်ပေါ်တွင် တည်ရှိသော အထက်စက်တော်ရာသို့ အချိန်ကာလမရွေး ရာသီမရွေး ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးမှ တဆင့် တောင်ပေါ်(၈)မိုင်လမ်းခွဲဖြင့် လမ်းခရီး လုံခြုံချောမွေ့စွာ သွားရောက်ဖူးမျှော်နိုင်ပါသည်။

# ရွှေစက်တော်သို့ လမ်းညွှန်

ရွှေစက်တော် တည်ရှိရာဒေသမှာ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်အတွင်းမှာတည်ရှိပြီး ၊ မင်းဘူးမြို့မှ (၃၁)မိုင်၊ မကွေးမြို့မှ(၃၈)မိုင်၊ ရန်ကုန်မြို့မှ မိုင် (၃၄၀) ခန့်၊ မန္တလေး၊တောင်ကြီး-စစ်တွေမြို့များမှ မိုင် (၂၃၀)ကျော် အကွာအဝေးတွင် တည်ရှိပြီး နေပြည်တော်-မန္တလေး-မုံရွာ-တောင်ကြီး-ရန်ကုန်-ပုသိမ်-စစ်တွေ မြို့ကြီး များမှ နေ့ချင်းပေါက် ခရီးဖြင့် ရွှေစက်တော်ဘုရားသို့သွား ရောက်ဖူးမြော်နိုင်ပါသည်။

ဘုရားဖူးခရီးစဉ်မသိခဲ့လျှင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့သို့ ဦးတည်လာရောက်ရမည်ဖြစ်သည်။

(၁) နေပြည်တော်မြို့နယ်များမှ လာရောက်မည် ဆိုလျှင် တောင်ညို-ကံပြား-မြို့သစ်-မကွေးမြို့ခရီးလမ်းနှင့် ပျော်ဘွယ်-နတ်မောက်-မကွေးမြို့ ခရီးလမ်း။

(၂) တောင်ကြီးမြို့မှလာရောက်မည်ဆိုလျှင် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးမှတဆင့် ပျော်ဘွယ်-နတ်မောက်-မကွေးမြို့ခရီးလမ်း။

(၃) မြောက်ဦး-ကျောက်ဖြူ-စစ်တွေမြို့များမှ အမ်းတောင်ကြားလမ်းအတိုင်း၊ကမ်းသာယာ-ပေလီ-သံတွဲ မြို့များမှ ပန်းတောင်းကားလမ်းအတိုင်းလာ၍

ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီးမှာတဆင့် ရွှေစက်တော်သို့ တိုက်ရိုက်ခရီးစဉ်ဖြင့် သွားလာနိုင်ပါသည်။ ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီးမှ ရွှေစက်တော်သို့ (၃)မိုင် လမ်းခွဲသည် မော်တော်ယာဉ်သက်သာစေပါသည်။ (၃)မိုင် လမ်းခတွင် မန်းချောင်းတံတားမရှိသောကြောင့် ရွှေစက်တော်ဘုရားပွဲကာလမဟုတ်လျှင် (၈)မိုင်လမ်းခွဲ လမ်းကိုအသုံးပြုရပါမည်။

ရွှေစက်တော်ဘုရားသည် ပုသိမ်မြို့မှ(၂၇၅)မိုင်ကွာဝေးသလို၊ မုံရွာမြို့မှလည်း (၂၇၅)မိုင်ကွာဝေးပါသည်။ ပြည်မြို့-မလွန်မြို့-မကွေးမြို့-ချောက်မြို့-ပခုက္ကူမြို့-မုံရွာမြို့တို့တွင် ဧရာဝတီမြစ်ကူးတံတားကြီးများရှိသဖြင့် ရွှေစက်တော် ဘုရားဖူးခရီးစဉ်ကို လျှင်မြန်သွက်လက်စွာ သွားလာနိုင်ပါသည်။

အထက်အညာဒေသမှ ကျောက်ပန်းတောင်းမြို့-ပုပ္ပါး-ပုဂံ-ချောက်မြို့ ဧရာဝတီမြစ်ကူးတံတား (အနော်ရထာ) ကိုဖြတ်သန်း၍ ဆိတ်ဖြူမြို့-စလင်း-ပွင့်ဖြူမြို့ တို့မှတဆင့် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားခရီးစဉ်ကို အသုံးပြုနိုင်သော်လည်း တံတားမရှိသည့်သဲချောင်းများကို ဖြတ်ကျော်သွားလာရမည်ဖြစ်သည်။

## ရွှေစက်တော်မှဆက်၍ ဘုရားဖူးခရီးစဉ် သွားလိုသော်

ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ရာနှင့် မင်းဘူးစက်ကိန်းတဲ စေတီတော်သို့ ဦးတည်သင့်ပါသည်။ မင်းဘူးမြို့၊ စက်ကိန်းတဲ စေတီတော် အနီးကပ်တွင် လေ့လာစရာ နဂါးပွက်တောင် (သဘာဝရွှံ့ဗွက်တောင်) တည်ရှိပါသည်။

ရွှေစက်တော်မှ မင်းဘူး စက်ကိန်းတဲ ရွှေစေတီသို့ (၃၃) မိုင်၊ မကွေးမြသလွန်မှတဆင့် စန္ဒကူးနံ့သာကျောင်းတော်ရာ ဖူးပြီး၊ မိုင်(၆၀) ခရီး ပွင့်ဖြူမြို့၊ စလင်းမြို့၊ ဆိတ်ဖြူမြို့မှ ဧရာဝတီမြစ်ကူး အနော်ရထာတံတားဖြင့် ချောက်မြို့မှ တဆင့် (၁၃) မိုင်အကွာ၊ ပုဂံ(ညောင်ဦး)သို့ ပုဂံစွယ်တော်လေးဆူနှင့် ရှေးဟောင်းဘုရားများ ဖူးမျှော်နိုင်ပါသည်။ ပုဂံမှ ဗျတ္တပန်းဆက်လမ်းဖြင့် ပုပ္ပား၊ ကျောက်ပန်းတောင်း၊ အင်းလေး၊ တောင်ကြီး၊ ရှမ်းပြည်နယ်သို့ ဘုရားဖူးခရီးစဉ် ဆက်နိုင်ပါသည်။

ရွှေစက်တော်မှ (၃) မိုင်လမ်းခွဲထိပ် ပုသိမ်မုံရွာ လမ်းပေါ်တွင် ဘယ်ဘက်ကွေ့ပြီး ကျောင်းတော်ရာသို့ (၂၇) မိုင်ခရီးဖြင့် မော်တော်ယာဉ်ငယ်လေးများသာ သွားနိုင်ပါသည်။

ရွှေစက်တော်မှ ကျောင်းတော်ရာသို့ မိုင် (၃၀)ခရီး ကွာဝေးပါသည်။

ပုသိမ်-မုံရွာလမ်းပေါ်တွင် ခေတ္တသာ မောင်းရမည်ဖြစ်ပြီး လမ်းညွှန်ကြည့်၍ ညာဘက်သို့ ဆည်မြောင်းတာတမံဘောင်ပေါ်မှ စကုမြို့ထိပ်လမ်းဆုံတွင် ဘယ်ဘက်လယ်ကိုင်းသို့ (၅) မိုင် လယ်ကိုင်းမှ ညာဘက်ကျောင်းတော်ရာသို့ (၄)မိုင် (၄)ဖာလုံ လမ်းခွဲဝင်ရမည်ဖြစ်ပါသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာမှ မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော်နှင့် နဂါးပွက်တောင်သို့ မိုင် (၂၀) ခရီးဖြစ်ပြီး၊ မကွေးမြသလွန်မှ ပုဂံညောင်ဦး၊ ပုပ္ပါးသို့ ခရီးဆက်နိုင်ပါသည်။ မော်တော်ယာဉ် ဆီထုတ်ယူခွင့် စာအုပ်ပါသူများမကွေးမြို့အထွက် ဆီဆိုင်နှင့် ကျောက်ပန်းတောင်းရောက်ခါနီး (၈)မိုင်တွင် (ချောက်မြို့လမ်းခွဲ) ငွေးချိုကျေးရွာ ဆီဆိုင်၌ဆီထုတ်ယူခွင့် (၂၀၀၇) ခုနှစ်က ရရှိပါသည်။ ငွေးချိုလမ်းခွဲမှချောက်မြို့သို့ (၂၉)မိုင်ခရီးဖြင့် ပုဂံ(ညောင်ဦး)ခရီးဆက်နိုင်ပြီးညောင်ဦးမြို့ ဆီဆိုင်တွင် နေ့စဉ် ဆီထုတ်ခွင့်ရရှိပါသည်။ ပုဂံ(ညောင်ဦး)မြို့မှ ဗျတ္တပန်းဆက်လမ်း (၂၉)မိုင်ခရီးဖြင့်ပုပ္ပါးသို့ သွားရောက်နိုင်ပါသည်။ ကျောက်ပန်းတောင်းမှ (၈) မိုင်ကွာ ငွေးချိုတွင် ဆီပြန်ထည့်နိုင်သကဲ့သို့ မကွေး၊ ပြည်တို့တွင်လည်း (၂၀၀၇) ခုနှစ်က ဆီထည့်ခွင့်ရရှိခဲ့ပါသည်။

## ရန်ကုန်၊ ပြည်၊ ပေလီ၊ ချောင်းသာ၊ ရခိုင်ပြည်နယ် သို့

မင်းဘူး စက်ကိန်းတဲ၊ မကွေး မြသလွန်ဖူးပြီးသော ဘုရားဖူးများသည် ရွှေစက်တော်မှ ပုသိမ်-မုံရွာလမ်းဖြင့် ခရီးဆက်လိုသော် ရေ၊ လေ၊ ဆီ၊ စားသောက်စရာနှင့် သောက်ရေသန့်ယူဆောင်ရပါမည်။ လမ်းတွင် ကျေးရွာဆက် ဝေးပါသည်။ တောင်တက်လမ်းတွင် လေအေးပေးစက်ဖွင့်ထားခြင်း မပြုသင့်ပါ။ ရေဆူတတ်ပါသည်။

ရွှေစက်တော်လမ်းခွဲမှ ညာဘက်သို့ ပုသိမ်-မုံရွာ လမ်းအတိုင်း (၁၀) မိုင်ခန့် သွားပြီးသောအခါ ပဒါန်းကျေးရွာလမ်းဆုံမှ **(ရခိုင်ပြည်နယ်)** ရှေးဟောင်းမြောက်ဦးမြို့၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့သို့ ခရီးဆက်လိုသူများသည် နတ်ရေကန် အမ်းလမ်းအတိုင်း ခရီးဆက်နိုင်ပါသည်။

**ပေလီကမ်းသာယာ သံတွဲမြို့**သို့ သွားလိုသူများသည် ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီးအတိုင်း ပြည်မြို့ နဝဒေးတံတားအနီး ဥသျှစ်ပင်ကျေးရွာမှ ပန်းတောင်းမြို့ လမ်းခွဲဖြင့် တောင်ကုတ်မြို့သို့ ခရီးဆက်နိုင်ပါသည်။

**ပုသိမ်-မုံရွာအဝေးပြေးလမ်းမကြီးအတိုင်း ရန်ကုန်သို့ ခရီးဆက်လိုသော်** ဧရာဝတီမြစ်ကူး နဝဒေး တံတားဖြင့် ပြည်မြို့ဆီဆိုင်တွင် ဆီထုတ်ပြီး ခရီးဆက်နိုင်

ပါသည်။ ပြည်မြို့မှ ရန်ကုန်သို့ (၁၇၅) မိုင် ခရီးသာရှိပြီး လမ်းကောင်းလွန်းပါသည်။

**ပုသိမ်မြို့၊ ချောင်းသာ၊ ငွေဆောင်၊ ငွေသောင်ယံသို့** ခရီးဆက်လိုသူများသည် ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးအတိုင်း ခရီးဆက်နိုင်ပါသည်။

(အကြောင်းသုံးဆူနေ့ချင်းဖူး) (အကျိုးစိတ်ချမ်းသာ) ဆိုရိုးစကားအတိုင်း ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ရာ၊ ရွှေစက်တော်နှင့် စက်ကိန်းတဲ ရွှေစေတီတို့အပြင် မကွေးမြသလွန်၊ မလွန်မြသပိတ်၊ စေတီငါးဆူအနက် (နေ့ချင်းပြီး) ရွှေစက်တော်၊ စက်ကိန်းတဲ၊ မြသလွန်ဖြစ်စေ၊ ရွှေစက်တော် ကျောင်းတော်ရာ၊ စက်ကိန်းတဲဖြစ်စေ၊ (ရွှေစေတီတော်မြတ် အကြောင်းသုံးဆူ) နေ့ချင်းဖူးပါက (အကျိုး)ကျေးဇူးအဖြစ် (စိတ်ချမ်းသာ)စေမည် ဆိုလိုပါသဖြင့် ရွှေစက်တော်ဘုရားဖူး ခရီးစဉ်များ အထက်ပါစေတီတော်ငါးဆူအနက် နောက်ထပ် စေတီတော်နှစ်ဆူဖူးဖြစ်အောင် ကြွရောက်ဖူးမျှော်ပါရန် အကျိုးမျှော်၍ စာရေးသူမှ နှိုးဆော်အပ်ပါသည်။

## မကွေးမြို့စွန် မြသလွန်မှ ရွှေစက်တော်သို့

မကွေးမြို့လေယာဉ်ကွင်း-ဆေးတက္က သိုလ်-မကွေးဟိုတယ်တို့တည်ရှိရာလမ်း ဖြစ်သည့်နတ်မောက်လမ်းနှင့် မကွေးမြို့မဈေးကြီး (အရှေ့) လမ်းတို့ဆုံရာ ဧရာဝတီမြစ်ကူးတံတား(မကွေး)ထိပ်ရှိ အဝိုင်းပတ်တွင် ညာဘက်သို့ ကွေ့ရပါမည်။ ယင်းလမ်းကြောင်းဖြင့် မကွေးမြသလွန်စေတီသို့ ဝင်ရောက်ဖူး မြော်နိုင်ပါသည်။

မကွေးမြသလွန်စေတီတော်မှ ပြန်လည် ထွက်ခွါလာရာ အဝိုင်းပတ်သို့ ရောက်ရှိလျှင် ညာဘက်ရှိလမ်း မှတဆင့် ဧရာဝတီဖြစ်ကူးတံတား(မကွေး) ကိုဖြတ် ကျော် ရမည်။ တစ်ဖက်ကမ်းတံတား အဆင်းကွေ့ လမ်းခွဲတွင် ဘယ်ဘက်ကားလမ်းအတိုင်း သွားလျှင် မင်းဘူးမြို့အဝင် လမ်းဆုံသို့ ရောက်ရှိပါမည်။ ညာဘက် ကွေ့သည့်လမ်းဖြင့် ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်သို့ဦးတည်ဝင်ဖူးရန် ဖြစ်ပါသည်။ မကွေးတံတားမှ (၃)မိုင်ကျော်သာ ကွာဝေးသည်။

ပိဋကတ်တော်မှာ မပါရှိသော်လည်း ရာဇဝင် သမိုင်းအရနှင့် ရှေးခေတ်ပညာရှိတို့၏ မိန့်ဆိုချက်အရ ဗုဒ္ဓကိုယ်တော်တိုင်ခေတ္တကြွရောက် ကိန်းစက်သည် ဆိုသောနေရာဒေသသည် ရှင်ပင်စက္ကိန်းတဲရွှေစေတီတည်ထားသောတောင်တော်နေရာဖြစ်သည်။ တောင်တော် မှပြန်ဆင်းလာသောအခါ ဖြတ်သန်းခဲ့ရသော လမ်းဆုံ သို့ပြန်သွားပြီး

လမ်းဆုံသို့ရောက်လျှင် မည်သည့်ဘက်မှမကွေ့ဘဲတည့်တည့်သွားလျှင် နဂါးပွက်တောင်သို့ရောက်မည်။ နဂါးပွက်တောင်မှ အပြန်လမ်းဆုံသို့ ပြန်ရောက်လျှင် ဘယ်ဘက်သို့ကွေ့ရမည်။ စည်ပင်သာယာရေးရုံးရှေ့မှမြောက်ဖက်အရပ်သို့(၁)မိုင်ကျော်ခရီးကို မင်းဘူးမြို့ အတွင်းမှဖြတ်သန်း ရမည်ဖြစ်သည်။

မင်းဘူးမြို့အထွက်လမ်းရှိအဝိုင်းပတ်သို့ရောက် လျှင် ဘယ်ဘက်ကွေ့သည့်လမ်းအတိုင်းသွားလျှင် ရွှေစက်တော်သို့ရောက်ရှိပါမည်။ (၃၁)မိုင်ခရီးဖြစ်သည်။ (၁၉)မိုင် (၆)ဖါလုံ အကွာရှိလေးပင်ကျေးရွာအလွန် လမ်းဆုံ ရောက်လျှင် ညာဘက်ကွေ့၍ ဖြတ်လမ်းအတိုင်းသွား သောအခါ (၅)မိုင်လမ်းဆုံး၌ အသုံးပြုခ ကောက်ခံသောဂိတ်ရှိသဖြင့် ဂရုပြုမောင်းသင့်ပါသည်။ ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးဆုံချက်တွင် ညာဘက်သို့ ပုသိမ်-မုံရွာလမ်း ပေါ်မိုင်တိုင် (၂၇၀)မိုင်တွင် လမ်းကျယ်ကျယ်ဖြင့် မောင်းရသော်လည်း အရှိန်ဖြင့် မမောင်းသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် အနည်းငယ် မောင်းပြီးသောအခါ မန်းချောင်းဖြတ် ဥယျာဉ်တံတားထိပ်တွင် ဂိတ်ရှိသဖြင့် အရှိန်ထိန်းမောင်းသင့်ပါသည်။

မိုင်တိုင်အမှတ်(၂၇၀)မိုင်၊(၄)ဖါလုံတွင် ဘယ်ဘက်သို့ (၃)မိုင်လမ်းခွဲအတက်လမ်းဖြစ်သည်။ ဝင်ပေါက်မှ (၁)မိုင်ကျော်ခန့်တွင် မြေနီကုန်းအတက်လမ်း ရှိသကဲ့သို့ (၃)မိုင်လမ်းဆုံးခါနီးတွင် အန္တရာယ် အဆင်းကွေ့ ဖြစ်သည်။ အဆင်းလမ်းပေါ်မှ အထက်စက်တော်ရာကို လှမ်းမျှော်ဖူး

မြင်နိုင်ပါသည်။ ရှေ့ခရီးတွင် **လေးတင်** အန္တရာယ်ကားလမ်း အဆင်းရှိသဖြင့် သတိထားမောင်းသင့်ပါသည်။ လေးတင် ကားလမ်းအဆင်းတွင် ကွန်ကရစ်တံတားဖြင့် ကားလမ်းအား ကွေ့မောင်းသောအခါ မန်းချောင်းသို့ ဖြတ်သန်းမောင်း ရမည့် လေးတင်တံတားခွန် ကောက်ခံသော ဂိတ်စခန်းရှိ သဖြင့် သတိထားမောင်းသင့်ပါသည်။

မန်းချောင်းပေါ် ဖြတ်သန်းသောအခါ လမ်းတစ် လျှောက်မှ အပူရှိန်များ သက်သာသွားစေပါသည်။ အပြန် ခရီးတွင် လောင်စာဆီလိုအပ်က ဖြည့်တင်းနိုင်ပါသည်။ မန်းချောင်းမှအတက်တွင် သတိထားရမည့် လမ်းကွေ့များ ဖြတ်သန်းလာသောအခါ မန်းရွှေစက်တော်ပွဲတော် ဝင်ပေါက်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

ပွဲတော်ဝင်လာလျှင် တွေ့ရသော လမ်းဆုံထိပ် ဟိုတယ်ဘေးမှလမ်းမှာ အထက်စက်တော်ရာသို့ တက် ရောက်နိုင်သော မော်တော်ယာဉ်အတက်လမ်း (ပေမြောင် လမ်း) (၈-မိုင်လမ်းခွဲ) ဖြစ်ပါသည်။ ၎င်းကားလမ်းမှာ ညာဘက်သို့ကွေ့လျှင် အထက်စက်တော်ရာ တောင်ထိပ်သို့ ရောက်ရှိနိုင်သကဲ့သို့ တည့်တည့်သွားပါက ဘုရားဖူး မော်တော်ယာဉ်များ ရာသီမရွေးအသုံးပြုသည့် ၈-မိုင်လမ်းခွဲ ဖြင့် ပုသိမ်-မုံရွာ အဝေးပြေးလမ်းမကြီးသို့ ရောက်ရှိနိုင်ပါ သည်။ မိုးတွင်းကာလတွင် မန်းချောင်းရေစီးသန်သဖြင့် ယခု

ဖြတ်သန်းခဲ့သော(၃)မိုင်လမ်းခွဲလေးတင်(လှေတင်) တံတားမှာ အသုံးပြု၍ မရပါ။

တပေါင်းလပြည့်နေ့၊တပ်မတော်နေ့၊ သင်္ကြန်အကြိုနေ့များတွင် (၃)မိုင်လမ်းခွဲ၌ မော်တော်ယာဉ်များ ပြည့်ကျပ်နေတတ်သည်။ ထိုအခါ တောင်ပေါ်လမ်းကို ကျွမ်းကျင်စွာမောင်းနှင်နိုင်သော ယာဉ်မောင်းများက ၈ မိုင်လမ်းခွဲလမ်းကို အပြန်ခရီးအဖြစ်အသုံး ပြုလေ့ရှိသည်။ ၈မိုင်လမ်းခွဲတွင် ဘယ်ဘက်သို့ ၁ ဖါလုံ ကျော်မောင်းပြီး၊ ညာဘက်သို့၅-မိုင်ခရီးကိုမြေနီလမ်းဖြင့် ခရီးဆက်ရမည်ဖြစ်၍ယာဉ်မောင်းကျွမ်းကျင်မှု အထူးလိုအပ်ပါသည်။

ရှင်ပင်စက်ကိန်းတဲရွှေစေတီကိုဖူးမြင်ပြီး၍ နဂါးပွက်တောင်တော်ကိုလှေလာပြီးသောအခါ ဘုရားဖူးခရီး စဉ်များသည်ညာဘက်သို့ပုသိမ်-မုံရွာအဝေးပြေး လမ်းမကြီး အသုံးပြု၍နဝဒေးတံတား(ပြည်)ဖြင့်ရန်ကုန် သို့ဖြစ်စေ၊ ပန်းတောင်း-တောင်ကုတ်လမ်းခရီးဖြင့် ငပလီကမ်းသာယာ သို့ဖြစ်စေ၊ (၇)မိုင်ကျော်ခရီး ပဒါန်း ကျေးရွာလမ်းခွဲမှ အမ်းမြို့ကိုဖြတ်သန်း-၍ရခိုင်ပြည်နယ်-မြို့ ပေါင်းမြို့၊ စစ်တွေမြို့များသို့ ခရီးဆက်နိုင်ပါသည်။

ရွှေမန်းဟိုတယ်လမ်းဆုံတွင်ညာဘက်၌ တည်းခိုဆောင်များ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဓါတ်ပုံဆိုင်များရှိပါသည်။ရွှေမန်းဟိုတယ်ရှေ့လမ်းအတိုင်း ဖြောင့်တန်း စွာခရီးဆက်သော် လမ်းဆုံးထိပ်တွင် မန်းရွှေစက်တော် အလှူခံဌာနကိုထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

ထင်ရှားစွာ တွေ့ရှိနိုင်ပါသည်။ အလျှုံခံဌာန အရှေ့ဘက်တွင် အထက်စက်တော်ရာတက်နိုင်သော မုခ်ဦးနှင့် ဘယ်ဘက်တွင် မန်းစက်တော်ရာဘုရား ဂေါပကအဖွဲ့ရုံး တည်ရှိပါသည်။ အလျှုံခံဌာနရှေ့လမ်းဆုံမှ ညာဘက်ကွေ့သွားသောအခါ မန်းချောင်းကို မော်တော်ယာဉ်ဖြတ်ကူးသော အထူးတံတားဖြင့် ဘယ်ဘက်ကွေ့သောအခါ အောက်စက်တော်ရာ တည်ရှိရာ တန်ဆောင်းတော်ကြီးကို ညာဘက်တွင် တွေ့မြင်နိုင်ပါသည်။

မန်းရွှေစက်တော်တွင် တည်းခိုဆောင် (၂၀၀၉) ခုနှစ်တွင် (၄၀၀)ကျော် တည်ရှိမည်ဖြစ်ပြီး မြန်မာရိုးရာ အညာဓလေ့အတိုင်း ဝါးသက်ကယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း၍ ဝါးဖျာခင်းထားပါသည်။ ဝါးပွဲတော်ဟုလည်း တစ်ချို့သူများမှ ခေါ်ဝေါ်နေကြပါသည်။ တည်းခိုဆောင်တွင် လူ(၁၀)ဦးခန့်သာ တည်းခိုနိုင်ပါသည်။ (၂၀၀၉)ခုနှစ် တည်းခိုဆောင်ခန္ဓန်းထားများမှာ မန်းချောင်းအနီး ရေစပ် (၁၅၀၀၀ိ/-)၊ မန်းချောင်း မနီးမဝေး (၁၂၀၀၀ိ/-)၊ မန်းချောင်းအဝေးတွင် (၁၀၀၀၀ိ/-) ကျပ် ဈေးနှုန်းဖြစ်ပါမည်။ တပေါင်းလပြည့် ၊ တပ်မတော်နေ့နှင့် သင်္ကြန်အကြိုနေ့များတွင် ဘုရားဖူးများသဖြင့် တည်းခိုရန် ကြိုတင်ဆက်သွယ်သင့်ပါသည်။

ဘုရားဖူးခရီးစဉ် အုပ်စုလိုက်လာသော ဘုရားဖူးများအတွက် အထက်စက်တော်ရာ မော်တော်ယာဉ်အတက်လမ်းဘေးတွင် သံဃိကဓမ္မာရုံ၊ ဝန်းကျင်ဘုန်းကြီးကျောင်းများ၊ ပဋ္ဌာန်းဓမ္မာရုံနှင့် ဌာနဆိုင်ရာ တည်းခိုဆောင်များတွင် တည်းခိုနိုင်ကြပါသည်။ ဘုရားဖူးများသော အထူး (၃)ရက်တွင် တည်းခိုဆောင်နေရာမရသဖြင့် ကိုးခန်းကြီးဓမ္မာရုံနှင့် မန်းချောင်းတံတားများပေါ်တွင် အနားယူနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ အထူး (၃)ရက်တွင် နေစရာမရှိသဖြင့် ညသန်းခေါင် ဘုရားဖူးပြီး မင်းဘူးမြို့ရှင်ပင်စက်ကိန်းတဲ ရွှေစေတီတော်၊ မကွေးမြို့စွန် မြသလွန်စေတီတော်ဓမ္မာရုံများနှင့် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော် မြန်မာ့ရိုးရာ ဇရပ်များတွင် သွားရောက်အနားယူကြသည်ကိုလည်း တွေ့မြင်ရပါသည်။

၂၀၀၈ ခုနှစ် မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ၏ စွမ်းဆောင်ရည်ဖြင့် အထက်အဆင့်ဆင့် သက်ဆိုင်ရာများသို့ တင်ပြ၍ မြန်မာ့လျှပ်စစ်စွမ်းအား ဌာနမှ (၂၄)နာရီ လျှပ်စစ်မီးရရှိလာသည်မှာ ဝမ်းသာပီတိဖြင့် ကျေးဇူးတင်ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

ယခင်က (၂၄)နာရီ လျှပ်စစ်မီး မရှိသဖြင့် မှောင်ရီဖြိုးဖျ ညီအစ်ကို မသိတသိအချိန်တွင် ဘုရားဖူးများ ခြေတော်ရာအတွင်း ဖယောင်းတိုင်ဖြင့် စမ်းတဝါးဝါးဖူးရသည့် ဒုက္ခမှ

ကင်းလွတ်ခဲ့မှုကို ကိုယ်တိုင်တွေ့မြင်ဖူးမှ ဂေါပကဥက္ကဌ၏ စွမ်းဆောင်ရည်ကို ကျေးဇူးတင်မဆုံး ရှိကြမည်ဖြစ်ပါသည်။

မြန်မာ့လျှပ်စစ်စွမ်းအားဌာနမှ အလင်းရောင်ဖြင့် ရွှေစက်တော်အား ပူဇော်ထားသည်ကို မဖူးရသေးသော သူများဖူးမျှော်နိုင်ရန် တိုက်တွန်းနှိုးဆော်သကဲ့သို့ ယခုကဲ့သို့ ပူဇော်နိုင်ရန် ကျပ်ငွေသိန်းထောင်ချီကုန်ကျခဲ့သော ငွေများ အတွက် အလင်းရောင်အလှူ လှူဒါန်းနိုင်ရန် တိုက်တွန်းနိုး ဆော်အပ်ပါသည်။

၂၄ နာရီ လျှပ်စစ်မီးရရှိလာသောကြောင့် အထက်စက်တော်ရာသို့ လျှပ်စစ်မော်တာဖြင့် မန်းချောင်း ရေ တင်နိုင်ပါသည်။ အထက်စက်တော်ရာတောင်တော်တွင် သစ်ပင်များ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

အုတ်တိုက်ရေလောင်းအိမ်သာတိုက်ခန်းများ တည်ဆောက်ရန် အဆင်ပြေသဖြင့် ၂၀၀၉ ခုနှစ်တွင် အုတ်တိုက်ရေလောင်းအိမ်သာ တိုက်ခန်းပေါင်း (၃၀၀) ဝန်းကျင် တည်ဆောက်ပြီးစီးမည်ကိုလည်း မန်း ရွှေစက်တော် ဂေါပကအဖွဲ့၏ စွမ်းဆောင်ရည်တစ်ခုဖြစ်ပါ သည်။ အနောက်တိုင်းပုံစံ အုတ်တိုက်ရေလောင်းအိမ်သာ တစ်ခုကိုလည်း အထက်စက်တော်ရာအတက် မော်တော် ယာဉ်ကားလမ်းဘေးတွင် တည်ရှိပါသည်။

ကျန်းမာရေးအတွက် ဆေးဆိုင်၊ အလှည့်ကျ ဆရာဝန်၊ ဆရာမများ တာဝန်ယူသော ကျန်းမာရေးဆေးခန်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့ တည်ရှိပါသည်။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကျန့်မာသန့်ရှင်းဌာနနှင့် အရံစောင့်ဝန်ထမ်း တို့မှလည်း ကျန်းမာရေးကူညီစောင့်ရှောက်ပေးလျှက် ရှိပါသည်။

ရွှေစက်တော်ဘုရား ဂေါပကအဖွဲ့၏ ကျန်းမာသန့်ရှင်းဌာနမှလည်း လူအင်အား အပြည့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တပြေးညီ တာဝန်ထမ်းဆောင်ကြပါသည်။ ရွှေစက်တော်တွင် ကြံရည်နှင့် မှိုခြောက်၊ လုံးဝရောင်းချခွင့်မပြုသကဲ့သို့ မုန့်ဟင်းခါး၊ ရေခဲမုန့်နှင့် အစားအသောက်များကို နေ့စဉ်စစ်ဆေးပြီး ယင်ကောင်များ ပေါက်ဖွားမှုမရှိစေရန် အားလုံးမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြပါသည်။

ရွှေစက်တော်သည် ရက်ရှည်ပွဲတော်ဖြစ်သဖြင့် မန်းရွှေစက်တော် ဂေါပကအဖွဲ့နှင့် သက်ဆိုင်ရာများအတွက် တာဝန်ကြီးလေးလှပါသည်။ အသိဉာဏ်နည်းသူများ၏ လက်ဆော့မှုကြောင့် တောမီးလောင်မှု သာမက လုံခြုံရေး အတွက် မင်းဘူးခရိုင်အတွင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် အင်အားအပြည့်ဖြင့် ပွဲတော်ကြီးအား ကူညီစောင့်ရှောက်မှုပေးနေသည်ကို တွေ့မြင်နိုင်ပါသည်။

ခရီးပန်းလာသော ဘုရားဖူးများ ညပိုင်းအနားယူသောအခါ ဆူညံမှုဘေးမှ ကင်းဝေးစေရန် စီမံထားသော ဂေါပကအဖွဲ့အား ဂုဏ်ပြုရမည် ဖြစ်ပါသည်။ ရွှေစက်တော်ပွဲတော်သည် ထေရဝါဒဗုဒ္ဓပူဇနီယပွဲတော်ဖြစ်သဖြင့် ပျော်ပွဲရွှင်ပွဲ ဖျော်ဖြေပွဲများ မပါဝင်ဘဲ စည်းကားနေသည်မှာ ရွှေစက်တော်၏ ထူးခြားမှုဖြစ်ပါသည်။ ရွှေစက်တော်တွင် ရွှေကျီးမရှိသကဲ့သို့ ယင်ကောင်မရှိအောင် နိမ်နှင်းနိုင်မှုသည်လည်း ထူးခြားမှုတစ်ခုဖြစ်ပါသည်။

ရွှေစက်တော်၏ အထူးခြားဆုံးတစ်ခုမှာ မည်မျှပင်ခရီးလမ်းတစ်လျှောက် အပူရှိန်တွေ၊ ဖုန်တွေနှင့် လုံးထွေးလာခဲ့သော်လည်း သဘာဝ မန်းချောင်းရေစီးတွင် ရေချိုးရသည်မှာ ပင်ပန်းသမျှ အပန်းပြေစေပါသည်။ ရေချိုးပြီးအပျော်မလွန်စေရန်၊ အပျော်လွန်ပြီး ရွှေဆွဲကြိုး၊ နားဆွဲ၊ လက်ဝတ်ရတနာများ ရေထဲသို့ ကျပျောက်မှု မရှိစေရန်နှင့် နေပူထဲမှ ရောက်ရောက်ခြင်း မန်းချောင်းရေထဲမဆင်းရန် ဘုရားဖူးများမှ ဆင်ခြင်သင့်ပါသည်။

ဂေါပကအဖွဲ့မှလည်း ရေမချိုးသင့်သည့် ရေကန်တော့ ထိုးနေသည့် နေရာများ၊ ရေစုပ်ဝဲများ၊ ရေနက်များကို ဝါးခြံကာရံ၍ ရေမချိုးရန် တားမြစ်ထားသည်ကို ဘုရားဖူးများမှ ဆင်ခြင်သင့်ပါသည်။ မန်းချောင်းဘေးတွင် မီးသတ်မျှော်စင်ဖြင့် တာဝန်ကျ အရံမီးသတ်များမှလည်း

မီးကင်းစောင့်ကြသလို၊ကြက်ခြေနီတပ်ဖွဲ့ဝင်များမှလည်း ဘုရားဖူးများ ရေဘေးအန္တရာယ်မကြုံတွေ့စေရန် ကြည့်ရှုစောင့်ရှောက်နေသည်များကို ချီးကျူးဂုဏ်ယူ အပ်ပါသည်။

မန်းချောင်းရေဖြင့်အမောပြေအပန်းဖြေပြီးသောအခါ တည်းခိုဆောင်၏ ဝါးကြမ်းခင်း။ဝါးဖျာပေါ်တွင် စားသောက်ပျော်ရွှင်နေကြသည်ကိုတွေ့မြင်နိုင်ပါသည်။

ရွှေစက်တော်ဘုရားဖူးများသည်ပထမဦးစွာ အောက်စက်တော်ရာကို အရင်ဦးတိုက်ကြပါသည်ရွှေသက်န်းများဆက်သကပ်လှူပူဇော်နိုင်ရန် ဂေါပကအဖွဲ့မှ ဝန်ထမ်းရွှေဆိုင်းစာရေးမများဖြင့်ရွှေဆိုင်းအရောင်း ဌာနများ၊ အလှူခံဌာနများကိုလည်း ဖွင့်လှစ်ထားရှိပါသည်။ဝန်ထမ်းစာရေးမများအားလုံး၏ ဆက်ဆံရေး ကောင်းမွန်မှု၊ စိတ်ရှည်မှု၊ စေတနာထားလုပ်ဆောင်မှုများကိုလည်း ချီးကျူးဂုဏ်ယူမိပါသည်။



# အောက်စက်တော်ရာ

ဗုဒ္ဓခြေဖဝါးတော်အကြောင်းများကို ကျမ်းဂန်များမှာ မပါရှိသော်လည်း ခြေတော်ရာသည် ဗုဒ္ဓဘုရားရှင် လက်တော်အထွာဖြင့် တစ်ထွာလက်သုံးသစ်သာ ရှိသည်ဟု အဆိုရှိသဖြင့် လက်ရှိကျယ်ဝန်းနေခြင်းမှာ ခြေတော်ရာအား ပြည်မြို့မှ ပဋ္ဌာလှကျောင်း ဆရာတော် ဦးသုဇာတ၊ ဦးမေဓာ စသည် ဆရာတော်ကြီးများက ကြေးနဂါးနှစ်ကောင်ဖြင့် ဝန်းရံထားသည်ကို ဘုရားဖူးများမှ ရွှေချထားသဖြင့် ကြီးမား နေခြင်း ဖြစ်ပါသည်။ ကြေးနဂါးများ၏ ကြေးအလေးချိန် (၁၂၀၀)ရှိသည်ဟု ကိုးခန်းကြီး ဓမ္မာရုံအပြင်ရှိ ဂရုဏာ ခေါင်းလောင်းကြီးမှာ ဖော်ပြထားပါသည်။

အောက်စက်တော်ရာ အတွင်းရှိ အလုံးကြီးမှာ ဖနောင့်တော်နေရာဟု မယူဆသင့်ကြောင်း ပြောကြ ပါသည်။ သာလွန်မင်းတရားကြီး ခြေတော်ရာဖူးမျှော်စဉ် ဘုရင့်(ဘောင်းတော်) (ဦးထုပ်) ကျွတ်ကျသဖြင့် ပြန်လည်ယူဆောင်ခြင်းမပြုဘဲ ဘုရင့်အမိန့်ဖြင့် ရတနာများ ဌာပနာ၍ ရွှေချထားခြင်းဟု ပြောဆိုကြပါသည်။ ဘုရားဖူးများ ရွှေချနေစဉ် အိပ်အတွင်းမှ ငွေများကျသွားလျှင် ပြန်လည်ကောက် ယူခြင်းမပြုသင့်ပါ။ အရံစောင့်များမြင်လျှင်

ခြေတော်ရာအတွင်း လှူထားသော ငွေများ နှိုက်ယူသည်ဟု ထင်နိုင်ပါသည်။

ဘုရင်ကို အတုယူသင့်ပါသည်။ ခြေတော်ရာနှင့် ထိမှတော့ လှူသာလှူသင့်ပါသည်။ ခြေတော်ရာအတွင်း အမျိုးသမီးများ ဝင်မဖူးရ။ ရိုသေသမှုနှင့် ထုံးတမ်းစဉ်လာရှိလို့ မယုံမရှိနဲ့ သိသိကြီးနဲ့ ခြေတော်ရာအတွင်း ဝင်ပသွားစေနဲ့။ သားကွဲမယားကွဲဖြစ်တတ်ပါသည်။ ရွှေစက်တော်ကို တောင်ဖီလာဆရာတော်မှ ရှာဖွေတွေ့စဉ် ပဌာန်းရွတ်ဖတ်ပူဇော်သည်ကို တောင်စောင့်နတ်ကြီးက နှစ်သက်သကဲ့သို့ ခြေတော်ရာကို ဘီလူးမင်းစောင့်ကြောင်း ကြားသိရပါသည်။ ထို့ကြောင့် ဘုရားရှင်ရဲ့ ရွှေစက်တော်ပွဲတော်တွင် မတရားမှုများ မပြုသင့်ကြောင်း ဆင်ခြင်ရပါသည်။ အောက်စက်တော်ရာကျွန်းတိုင် (၁၆)တိုင် တန်ဆောင်းမှာ (၁၂၄၅)ခုနှစ်က ဘုရင်သီပေါမင်းကောင်းမှုဟု မှတ်သားရပါသည်။ တန်ဆောင်းအထက် တောင်းပန်ရ တန်ဆောင်းအတွင်း ကျောက်စာတွင် လေ့လာနိုင်ပါသည်။

ရှေးဟောင်းတန်ဆောင်းကြီးအား နှစ်ရာချီအောင် ထိန်းသိမ်းခဲ့ကြသော အစဉ်အဆက်နှင့် လက်ရှိဂေါပအဖွဲ့၏ တာဝန်သိမှုဖြစ်ပါသည်။ ရှေးဟောင်းပန်းပုလက်ရာများကို တန်ဆောင်းပေါ်တွင် လေ့လာနိုင်ပါသည်။

# အထက်စက်တော်တော်ရာ ဘုရားဖူးခရီး လမ်းညွှန်

ကိုယ်ပိုင်မော်တော်ယာဉ်ငယ်များသာ တောင်ထိပ် ရွှေညောင်ပင်အထိ တက်ရောက်နိုင်ပါသည်။ ကားလမ်းထိပ်မှ လှေခါး (၁၅)ထစ်ဆင်းပြီး အထက်စက်တော်ရာ ရင်ပြင်တော်ပေါ် ရောက်နိုင်ပါသည်။ ဘုရားဖူးများသည် အထက်စက်တော်ရာသို့ ဗဟိုအလှူခံဌာနရှေ့ရှိ မော်တော်ယာဉ်လိုင်းကားများဖြင့် တက်ရောက်ဖူးမျှော် နိုင်ပါသည်။ လိုင်းကားများသည် ကိုးခန်းကြီးဓမ္မာရုံသို့သာ ရောက်ရှိပါသည်။

သာသနာပြု သာသနာ့ဟိတဓဇ နာယကရသေ့ကြီး ဦးခန္တီရုပ်ထုကို ဝင်လျှင်ဝင်ခြင်း ဖူးတွေ့ရမည်ဖြစ်ပါသည်။ (အသက်ရှည်စေလို မန်းတောင်ရိပ်ခို)ဆိုပြီး မန္တလေးမြို့၊ မန္တလေးတောင်သို့ သာသနာပြုပြီးသောအခါ ရွှေစက်တော် မန်းတောင်သို့ မြန်မာသက္ကရာဇ် (၁၂၈၆)ခုနှစ်မှစ၍ သံတိုင်၊ သံတုတ်၊ သံဒိုင်းချုပ်လျှက် ကျနခိုင်ခိုင် သာသနာပြုခဲ့ပါသည်။

ရသေ့ကြီး ဦးခန္တီအာ AD(1868) ကောဇာသက္ကရာဇ် (၁၂၂၉) ခု၊ ဝါဆိုလပြည့်ကျော် (၅) ရက်၊ တနင်္လာနေ့ အဖ ဦးလှရွှေ၊ အမိ ဒေါ်ကန် (ခေါ်) ဒေါ်ခိုဥတို့မှ ငယ်မည် မောင်ဖိုးမောင် ရမည်းသင်းမြို့နယ်၊ (ရွာသာရွာ) တွင်

ဖွားမြင်ပါသည်။ AD 1949 ကောဇာသက္ကရာဇ်(၁၃၁၀) ခု၊ ပြာသိုလပြည့်ကျော် (၁၄) ရက်နေ့ညတွင် ပျံလွန်တော်မူခဲ့ရာ AD 2009 အထိ နှစ်ပေါင်း (၆၀) ရှိပြီဖြစ်ပါသည်။

## မဟာမြတ်မုနိရုပ်ပွားတော်

မန္တလေးတောင်၊ မန္တလေးမြို့တွင် သာသနာပြုခဲ့သော ရသေ့ကြီး ဦးခန္တီသည် သာသနာသက္ကရာဇ် (၂၄၇၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၂၈၉) ခုနှစ်၊ တပေါင်းလပြည့် (တနင်္လာ)နေ့တွင် ကြေးသံချိန် ပိဿာ (၃၀၀၀) ဖြင့် မန္တလေးမြို့ ဆရာစိန်လက်ရာဖြင့် မဟာမြတ်မုနိရုပ်ပွားတော် ထုလုပ်ပူဇော်ထားပါသည်။ ဖူးမျှော်ပြီးသော အခါ အထက်စက်တော်ရာသို့ လှေကား(၈၄)ထစ်ဖြင့် တက်ရောက်ဖူးမျှော်ရမည်ဖြစ်ပါသည်။

## ကျောင်းတော်နေရာ အထိမ်းအမှတ် စေတီ

လှေကား (၈၄)ထစ် စောင်းတန်းညာဘက်တွင် ဖူးတွေ့ရသော စေတီတော်မှာ အထက်ခြေတော်ရာ ချထားတော်မူရန် တောင်းပန်သော အရှင်သစ္စဗန္ဓရဟန္တာမထေရ်

သီတင်းသုံးတော်မူသော ကျောင်းတော်နေရာ အထိမ်းအမှတ် စေတီတော် ဖြစ်ပါသည်။

## အရှင်သစ္စဗန္ဓ ခါတ်တော်စေတီ

အထက်စက်တော်ရာ ရင်ပြင်တော် တနင်္ဂနွေဒေါင့် အစွန်းတွင် လှမ်းဖူးမျှော်ရသော စေတီတော်မှာ အရှင်သစ္စဗန္ဓခါတ်တော် စေတီဖြစ်ပါသည်။ အချိုးအစားပြေပြစ် သပ္ပါယ်စွာ ဖူးမျှော်ရပါသည်။

## အထက်ခြေတော်ရာကို ငုံ၍တည်ထားသော (မူလပထမ) ရွှေစေတီ

လှေကား (၈၄)ထစ် အောင်မြင်စွာ တက်ရောက်ပြီးသောအခါ ရှေ့တည့်တည့်တွင် ဖူးမျှော်ရသောစေတီမှာ အထက်ခြေတော်ရာကို ငုံ၍တည်ထားသော ကိုးတောင်ပြည့် (မူလပထမ)ရွှေစေတီ ဖြစ်ပါသည်။ စေတီဖိနပ်တော် အောက်ခြေလုံးပတ်တော်မှာ (၁၂) ပေ ရှိပါသည်။ အမျိုးသမီးများ ရွှေသင်္ကန်းကပ်လှူလိုပါက တောင်ဘက် သံတိုင်ကြားမှတဆင့် ကပ်လှူပူဇော်နိုင်ပါသည်။



မဟာမြတ်မုနိရုပ်ပွါးတော် (အထက်စက်တော်ရာ)



စက်ဝိုင်းသဏ္ဍာန်ရွှေစက်တော်အား ပြသနေပုံ (ဓာတ်ပုံ–ဦးနီတွတ်)



ဘုရားဖူးများအားရှင်းပြနေပုံ (ဓာတ်ပုံ–ရေနံချောင်း)



ဒုတိယစေတီ









ရဟန္တာ ခြေတော်ရာ




ရသေ့တောင်ပေါ် ရှိရသေ့ရုပ်တု



ခေါင်းလောင်းကြီး

# ခြေတော်ရာ(ပွါး)

(မူလပထမ)ရွှေစေတီကို ဖူးမျှော်ပြီးသောအခါ အနီးကပ် တွင်ရှိသောခြေတော်ရာ(ပွါး)ကိုဖူးမျှော်နိုင်ပါသည်။ ကျွန်းတိုင် (၂၄)လုံးဖြင့် တည်ဆောက်ထားသောကျွန်းပြဿဒ် တန်ဆောင်း ကြီးမှာ ရေနံချောင်းနယ်မှ ဆောက်လုပ်လှူဒါန်း ထားသော တန်ဆောင်းကြီးဖြစ်ပါသည်။

ခြေတော်ရာ(ပွါး)အတွင်းရှိ အဖုအလုံးကြီးမှာ အောက်စက်တော်ရာ နှင့်ပုံစံတူစေရန်ရှေးလူတို့ ပြုလုပ်ထားသည် ဟု ယူဆနိုင်ပါသည်။ဝင်ပေါက်မှာ အနည်းငယ်နိမ့်နေသဖြင့် အတွင်းဝင်ရာတွင်ဦးခေါင်းဖြင့် မတိုက်မိစေရန်သတိပြု သင့်ပါသည်။ခြေတော်ရာ(ပွါး)အတွင်းသို့ အမျိုးသမီးများကိုဝင်ရောက်ခွင့်မပြုပါ။

ခြေတော်ရာ(ပွါး)ကိုဖူးမျှော်ပြီးသောအခါ ဘက်စုံအလှူခံ ဌာနတွင် အလှူငွေများလှူဒါန်းနိုင်သကဲ့သို့ ရွှေစက်တော် အမှတ်တရအဖြစ် ဒီဗွီဒီ၊ ဗွီစီဒီနှင့် ရွှေစက်တော်သမိုင်း စုံစာအုပ်များ၊ ရွှေစက်တော်သမိုင်း ရုပ်ပြစာအုပ်များကို ဝယ်ယူပူဇော်နိုင်ပါသည်။

# ဒုတိယစေတီ

ခြေတော်ရာ(ပွါး)နှင့် အနီးကပ်တည်ရှိနေသော(ဒုတိယ) စေတီကိုလည်းတစ်ဆက်တည်းဝင်ရောက်ဖူးမျှော်နိုင်ပါသဖြင့် ရွှေစက်တော်တွင် အလင်းတိုင်ပူဇော်ရန်နှင့်သမထဝိပဿနအလုပ်စခန်းအောင်မြေအဖြစ်ထင်ရှားပါသည်။

အောင်မြေအဖြစ် ထင်ရှားပါသည်။ ကဆုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလပြည့်နေ့များတွင် အလုပ် စခန်းဝင်သူများဖြင့် စည်ကားလှပါသည်။

အထက်စက်တော်ရာ တန်ဆောင်းကို သံတိုင် (၇၀) ဖြင့် ဦးခန္တီမှ မူလတည်ဆောက်ခဲ့ပါသည်။

## သစ္စဒီပကစေတီ (အောင်မြေ)

အထက်စက်တော်ရာ ရင်ပြင်တော်ပေါ်မှ အမှတ်တရ မှတ်တမ်းတင်ရန် ကင်မရာ၊ ဗီဒီယိုရိုက်ရန် ရှုခင်းကောင်းများဖြစ်ပြီး ရှေးဟောင်းလက်ရာမွန် မြို့အုပ်မင်း၊ ဝိသုဒ္ဓြေ၊ သိကြားမင်း၊ ဗြဟ္မာမင်း ရုပ်ထုများလည်း ရှိပါသည်။ ကင်မရာ၊ ဗီဒီယိုမှတ်တမ်းတင်ရန် သစ္စဒီပကစေတီသို့ လှေကားထစ် (၂၄)ထစ် တက်ရောက်သောအခါ စေတီတော်ကို ဖူးမျှော်ပြီး အောင်မြေ နင်းကြပါသည်။ သစ္စဒီပက စေတီကို သက္ကရာဇ် (၂၁၈)ခုနှစ် ကွင် ဘုရင် သီရိဓမ္မာ သောကမဟာရာဇာ တည်ထားကိုးကွယ်ခဲ့ပါသည်။

သစ္စဒီပကစေတီ (အောင်မြေ) နေရာသည် ရွှေစက်တော်သို့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် (ပထမ

အဦးဆုံး) ကြွရောက်တော်မူရာ နေရာဒေသဖြစ်ပြီး အောက်စက်တော်ရာသည် (ဒုတိယနေရာ)ဖြစ်တော်မူပါသည်။ ခြေတော်ရာငုံတည်ထားသော (မူလပထမ) ကိုးတောင်ပြည့်ရွှေစေတီသည် (တတိယနေရာ)ဖြစ်ပါသည်။ (သစ္စာဒီပကစေတီတောင်ထိပ်သို့ ရွှေစက်တော် ဘုရားဖူးများ တက်ရောက်ဖူးမျှော်သင့်ပါသည်။)

သစ္စာဒီပကစေတီရှိ သိကြားမင်းရုပ်ထုအနီး လှေကားမှ ဆင်းသောအခါ ရွှေခေါင်းလောင်းတွင် အမှုဝေပြီး မုဆိုးတောင်သို့ လှေကား (၁၇၄)ထစ် တက်ရမည်ဖြစ်ပါသည်။ ရှုခင်းကောင်းပြီး မုဆိုးဒူးထောက်တွင် မှတ်တမ်းတင် ဓါတ်ပုံရိုက်နိုင်ပါသည်။ ရင်ပြင်တော်မုဒ်ဦးအနီးရှိ ရွှေညောင်ပင်သည် ဗုဒ္ဓဂါယာမှ (၁၃၁၆)ခုနှစ်တွင် ပင့်ဆောင်လာသော ဗောဓိညောင်ပင်(ပွား) ဖြစ်ပါသည်။ ကိုယ်ပိုင်မော်တော်ယာဉ်ငယ်များသည် ရွှေညောင်ပင်ထိပ်နေရာအထိ တက်ရောက်နိုင်ပြီး လှေကားထစ် (၁၅)ထစ် အဆင်းသာဖြစ်သဖြင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးမကောင်းသူများအတွက် အလွန်အဆင်ပြေလှသဖြင့် တောင်တက်ကားလမ်းဖောက်ခဲ့သူများ ကုသိုလ်ကြီးမားလှပါသည်။

## ခါးသွေးကျောက် စေတီ

မုဆိုးတောင်စောင်းတန်းထိပ် စေတီတော်မှာ ခါးသွေးကျောက် စေတီဖြစ်ပါသည်။ အရှင်သစ္စဗန္ဓမထေရ် မြတ်မဖြစ်မီ ရသေ့ကြီးမတိုင်မီက မုဆိုးကြီးဘဝဖြင့် ခါးသွေး သောနေရာဖြစ်ပြီး စောင်းတန်း ညာဘက်တွင် သွေးဆေး ကန်နေရာမြင်ရမည်ဖြစ်ပါသည်။

စောင်းတန်းထိပ်နေရာသည် **ရာဇူတိုင်စေတီ**ဖြစ် ပါသည်။ မုဆိုးကြီး သားငါးများကို ချိန်တွယ်ရောင်းချသော နေရာဖြစ်ပါသည်။ ဘယ်ဘက်က စေတီမှာ **သားရေကျက် စေတီ**ဖြစ်ပါသည်။ မုဆိုးကြီး လုဒ္ဒက သားရေများလှမ်းသော နေရာဖြစ်ပါသည်။ သားရေကျက်စေတီမှ ဆင်းသွားပါက **တောင်ပိုင်ဘိုးဘိုးကြီး** နတ်ကွန်းရောက်ပါသည်။

## မုဆိုးတောင် စေတီ (အောင်မြေ)

ရာဇူတိုင်စေတီမှ ညာဘက်စောင်းတန်းအတိုင်း တက်ရောက်သွားသောအခါ မဟာရာဇာသီရိဓမ္မာသောက ဘုရင်တည်ထားသော မုဆိုးတောင် စေတီ (အာယာစန စေတီ) (မန်းတောင်စေတီ)ကို ဖူးမျှော်ရပြီး (အောင်မြေ)

နင်းကြပါသည်။ (သစ္စဗန္ဓ)လုဒ္ဒက မုဆိုးကြီးသည် ထိုတောင်ပေါ်၌ တရားသံဝေဂရ၍ ရသေ့ပြုသော (အောင်မြေ)ဖြစ်ပါသည်။ မုဆိုးဒူးထောက်ရှေ့တွင် မှတ်တမ်းတင် ဓါတ်ပုံဗီဒီယို ရိုက်ကူးကြသည်မှာ နေဝင်ဆည်းဆာဖြင့် ရှုခင်းလှပပါသည်။ ရွှေစက်တော်၏ အမြင့်ဆုံးတောင် ရသေ့တောင်လှမ်းမြင်ရသကဲ့သို့ သိကြားပုန်းတောင်ကိုလည်း မြင်ရပါသည်။ ရွှေစက်တော်မှ (၄)မိုင်အကွာ၊ မော်တော်ယာဉ်လမ်းဖြင့် (၆)မိုင် ကွာဝေးသော ငဖဲမြို့ကို တွေ့မြင်နိုင်ပါသည်။

## မုဆိုးကြီးဘဝ မှ ရသေ့ဘဝသို့

မုဆိုးဒူးထောက်ရှေ့ နေရာလု၍ မှတ်တမ်းတင်ပြီးသောအခါ မုဆိုးကြီးအကြောင်း မေးမြန်းကြပါသည်။ မုဆိုးကြီးသည် မြန်မာပြည်၏ (ဒုတိယ)ရဟန္တာ သစ္စဗန္ဓ မထေရ်မြတ်ဖြစ်ပါသည်။ မုဆိုးကြီးသည် သံသရာ၏ ဘဝတစ်ခုတွင် ခွန်အားကြီးမားသော နွားထီးကြီးဖြစ်ခဲ့ပါသည်။ ဗလအားကိုးဖြင့် ရွာသူ/ရွာသားများ၏ လယ်ယာကိုင်းကျွန်းစိုက်ပျိုးထားသော သီးနှံများအား အနှောက်အယှက်ပေးခဲ့ပါသည်။ နွားရှင်ကိုယ်တိုင် ထိန်းသိမ်း

နိုင်စွမ်းမရှိသဖြင့် ရှာသူရှာသားများ၏ သတ်ဖြတ်ခြင်း ကို ခွင့်ပြုခဲ့ရပါသည်။ နွားကြီးသည် (မန်းတောင်)ပေါ်တွင် တောလိုက်မုဆိုးကြီး လုဒ္ဒကအဖြစ် နောက်ဆုံးဘဝ ဖြစ်လာပါသည်။ နွားကြီး၏အသားကို စားသောက်ခဲ့သော ရှာသူ/ရှာသားများမှာ မန်းချောင်းဘေးတွင် ယုန်၊ သမင်၊ ဒရယ်၊ ဂျီငယ်၊ စိုင်၊ ဆတ်စသည့် သားကောင်များ ဖြစ်လာကြသည်ဟု ပြောဆိုကြပါသည်။

သားကောင်စောင့်သောနေရာတွင် မုဆိုးဒူးထောက်ရုပ်ထုတည်ထားခြင်းဖြစ်ပါသည်။ သားငါးဆေးသော **(သွေးဆေးကန်)**၊ သားရေလှမ်းသောနေရာ၊(သားရေကျောက်စေတီ)၊ ဓါးသွေးသောနေရာ (ဓါးသွေးကျောက်စေတီ) သားငါးချိန်တွယ်သောနေရာ (ရာဇူတိုင်စေတီ)များဟု စေတီများတည်ထားပါသည်။ မုဆိုးဘဝမှ ရသေ့ဘဝသို့ ကူးပြောင်းရခြင်းမှာ သိကြားမင်းမှ မုဆိုးအယောင်ဆောင်ပြီး မုဆိုးကြီးအား လေးမြှား တင်-ချ မရအောင် ဖန်တီးပြပါသည်။ မုဆိုးကြီးက ဂတိသစ္စာထား၍ အမကိုသာ ပစ်မည်ဟု အဓိဋ္ဌာန်ထားသောနေ့တွင် အထီးများကိုသာ မြင်နေသဖြင့် သတိသံဝေဂရကာ မြှားပစ်ချခဲ့ပါသည်။ မြှားပစ်ချခဲ့သောနေရာတွင် **မြှားကျစေတီ** ၊ မုဆိုးကြီး ဂတိသစ္စာ တည်မတည် စောင့်ကြည့်နေသောနေရာတွင် **သိကြား**

**ပုန်းတောင်**တည်ရှိပါသည်။ ဂတိသစ္စာတည်သောကြောင့် သစ္စဗန္ဓအမည်ဖြင့် ရသေ့ပြု၍ ရသေ့တောင်တွင် သမထ လုပ်ငန်းများဖြင့် သူတော်ကောင်းပြုကျင့် နေထိုင်ပါသည်။

ရွှေစက်တော်တွင် အမြင့်ဆုံးတောင်ပေါ်၌ ရသေ့ တောင်စေတီတည်ထားပြီး ရသေ့ကြီးရုပ်ထု တည်ရှိပါသည်။ သိကြားပုန်းတောင်စေတီကိုလည်း ဖူးမျှော်နိုင်ပြီး သိကြားမင်းရုပ်ထု တည်ရှိပါသည်။ မုဆိုးတောင်ပေါ်မှ လှမ်းမြင်ရသော သမုန်းတန်း စောင်းတန်းရှည်ဘေးမှ သောင်ပြင်ပေါ်တွင် တပေါင်းပွဲလာသော လှည်းဝိုင်းကြီး များကို တပေါင်းလပြည့်နေ့တွင် ရိုးရာမပျက် တွေ့ရှိနိုင် ပါသည်။

## ရဟန္တာခြေတော်ရာ

ရွှေစက်တော်တွင် (၂)ညအိပ်မည့် ဘုရားဖူးများ အတွက် နံနက်စောစောထပြီး (၂)မိုင်ကွာ ခြေလျင် တောင်တက်လမ်းလျှောက်ရန်အတွက် ရဟန္တာခြေတော်ရာ ကို သွားရောက်ဖူးမျှော်နိုင်ပါသည်။ ပန်းတိမ်းမြို့မှ ဘိုးထွန်းအောင်ဆိုသူ (၁၃၀၀)ပြည့်နှစ်က ရှာတွေ့သည်ဟု ပြောကြပါသည်။

မုဆိုးတောင်စေတီ၏ တစ်ဘက်ရှိ စောင်းတန်းမှာ ငဖဲစောင်းတန်းဖြစ်ပြီး စောင်းတန်းဘေးတွင် မုဆိုးကြီးလေးများပစ်ချသောနေရာတွင်တည်ထားသော မြွားကျစေတီ စံပြခြေတော်ရာနှင့် ကျောက်ဘီလူးရှိပါသည်။ စံပြခြေတော်ရာမှာ ထုဆစ်ပုံစံကျသဖြင့် ခြေတော်ရာ(ပွား) ပြုလုပ်လိုသူများ စံပြထားရပါသည်။ ငဖဲစောင်းတန်းမှ ဆင်းသွားသောအခါ ဘုရားဖူးတည်းခိုဆောင်များတည်ရှိရာ အထက်သောင်ပြင် မန်းချောင်းသို့ ရောက်ရှိပါသည်။ တောတောင်သဘာဝ၏ ထူးခြားဆွဲဆောင်မှုကြောင့် မန်းချောင်းရေစီးသံ သဘာဝကြောင့် မန်းချောင်းဘေးတွင် တည်ရှိသော အောက်စက်တော်ရာသည် အချိန်မရွေး ဖူးမျှော်မဝဖြစ်သကဲ့သို့ အောက်စက်တော်ရာရှေ့ (နဂါးရုံဘုရားရှေ့) ဘက်စုံအလှူခံဌာန အနီးကျောက်စာမှ ရွှေစက်တော် ဘုရားရှိခိုးစာအား မှတ်တမ်းတင်ကြသူများပါသည်။ တချို့လည်း ဘုရားရှိခိုးစာပါသော သမိုင်းစာအုပ် ဗွီစီဒီများ ဝယ်ယူကြပါသည်။ အောက်စက်တော်ရာတွင် အမျှဝေရန် ခေါင်းလောင်းသာမက ရွှေကြေးစည် ရှိပါသည်။ ရွှေကြေးစည်အနီးမှ အုတ်ရေကန်သည် သဘာဝ မြေအောက်ရေများ စီးဝင်သောကြောင့် **(နတ်ရေကန်)**ဟု ဓါတ်သိများက ပြောကြပါသည်။ အောက်စက်တော်ရာ ဖူးမျှော်ပြီးသောအခါ နဂါးစာကျွေးရင်း ပဌာန်းမဏ္ဍပ်ရုံမှ

တဆင့် အရှင်ဉပဂုတ္တမထေရ်မြတ်၊ ကိုးနဝင်းစေတီ၊ တောင်းပန်ဦး (ရတနပုဏ္ဏ)၊ တောင်းပန်ရ(ဌာန)စေတီများသို့ တက်ရောက်ဖူးမျှော်ရင်း ကျွန်းလုံးတစ်လုံးတည်းဖြင့် ထုလုပ်ထားသော တန့်တော်ဦး (တိဋ္ဌ) ရှေးဟောင်း ရုပ်ပွားတော်ကို ဖူးမျှော်နိုင်သကဲ့သို့ တချို့နတ်ရေကန်အထိ သွားရောက်လေ့လာကြပါသည်။ နှောင်းခေတ်တည်ထားသော စေတီပုထိုးများနှင့် ရုပ်ထုများလည်းရှိပါသည်။ တောင်းပန်ဦး၊ တောင်းပန်ရ စေတီများကို ဘုရင်သီရိဓမ္မာသောက မဟာရာဇာ တည်ထားကိုးကွယ်ခဲ့ပြီး ရွှေစက်တော်နှင့် ပတ်သက်သော ရှေးဟောင်း ကျောက်စာတစ်ချပ်ကို စောင်းတန်းအတွင်းမှာ တွေ့ရှိနိုင်ပါသည်။ ကျောက်စာမှာ မင်းတုန်းမင်း၊ သီပေါမင်းတို့၏ အလှူမင်္ဂလာ၊ အမျှဝေများကို တွေ့နိုင်ပါသည်။ ရွှေစက်တော်သို့ ဘုရားဖူး သံဃာတော် အရှင်သူမြတ်တို့နှင့် ဗဟုသုတရှာသူ ဘုရားဖူးများ လာရောက်ကြပါသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကိုးကွယ်ဆည်းကပ်ရာ နေရာထူး၊ နေရာမြတ်ဖြစ်ကြောင်း ယုံမှားသံသယမရှိ ဖူးမျှော်နိုင်စေရန် **ရွှေစက်တော် သမိုင်းစုံ** ဟူ၍ တင်ပြလိုက်ရပါသည်။



မျှားကျစေတီ (ဓါတ်ပုံ-ကိုထွန်း-စက္ကိန်းတဲ)




သားရေကျက်စေတီ (ဓါတ်ပုံ-ကိုထွန်း-စက္ကိန်းတဲ)



ဖောင်တော်ဦးစေတီ (ဓါတ်ပုံ-ကိုထွန်း-စက္ကိန်းတဲ)



ကျောက်ဘီလူး (ဓါတ်ပုံ-ကိုထွန်း-စက္ကိန်းတဲ)



အောက်စက်တော်ရာနှင့် ပွဲခင်းကိုနေ့ဘက်မြင်တွေ့ရပုံ။



အောက်စက်တော်ရာနှင့် ပွဲခင်းကိုညဘက်မြင်တွေ့ရပုံ။

## တစ်ဂျွရှစ်ကွက် လက္ခဏာတော်

## မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ၊ ရှင်မဟာရဋ္ဌသာရ၏ စက်လက္ခဏာတော်ဘုရားရှိခိုး လက်ာကြီး

၁။ လှံမ A SPEAR သတ္တိစက်

၂။ အိမ်မွန် AN AUSPICIPUS RESIDENCE

၃။ ဇလပ်ပန်း A JASMINE FLOWER

၄။ လည်ရေးသုံးဆင့် (သောဝတ္တိက)

THE THREE LINES ON THE NECK

၅။ ဦးဆောက်ပန်း THE HEAD FLOWER

၆။ ထမင်းပွဲ A FOOD TABLE ဝိဓူမာနက

၇။ ရွှေသလွန်(အင်ပျဉ်) A ROYAL SEAT

၈။ ရွှေချွန်းတောင်း A GOAD အင်္ကုသ

၉။ ပြာသာဒ် A PASADA ပါသာဒ

၁၀။ ရွှေကုရိုင် တံခါးတိုင် A PILLAR တောရဏ

၁၁။ ထီးဖြူ A WHITE PARASOL သေတစ္ဆတ္တ

၁၂။ သန်လျက် A ROYAL SWARD ခဂ္ဂ

၁၃။ ထန်းရွက်ယပ်ဝန်း A PALMYRA FAN

၁၄။ ဥဒေါင်းမြီးယပ် (မယူရဟတ္တ)

A FAN MADE OF PEACOCK'S FEATHER

၁၅။ ရွှေသင်းကျစ် A CROWN ဥဏှိသ

၁၆။ ပတ္တမြား RUBY မဏိ

၁၇။ မြသပိတ် AN ALMBOWL ပတ္တ

၁၈။ မြတ်လေးပန်းဆိုင်း A GARLAND OF JASMINS

၁၉။ ကြာညို(ကြာပြာ) A BROWN / BLUE WATER LILY

၂၀။ ကြာနီ A RED LOTUS ရတ္တုပ္ပလ

၂၁။ ကြာဖြူ WHITE WATER LILY

၂၂။ ပဒုမ္မာကြာ A MANY PETALED LOTUS

၂၃။ ကြာပုဏ္ဍရိပ် A WHITE LOTUS

၂၄။ ရေပြည့်အိုး A POT FULL OF WATER

၂၅။ ရေပြည့်ဖလား A CUP FULL OF WATER

၂၆။ သမုဒ္ဒရာ OCEAN

၂၇။ စကြဝဠာတောင် A MOUNTAIN OF UNIVERSE

၂၈။ ဟိမဝန္တာတောင် HIMALIA MOUNTAIN

၂၉။ မြင့်မိုရ်တောင် MYINTMOE MOUNTAIN

၃၀။ နေဝန်း THE SUN သူရိယ

၃၁။ လဝန်း THE MOON စန္ဒိ

၃၂။ နက္ခတ်တာရာများ THE PLANETS/ CONSTELLATIONS

၃၃။ အရှေ့ကျွန်း EAST ISLAND ပုဗ္ဗဝိဒေဟ

၃၄။ အနောက်ကျွန်း WEST ISLAND အပရဂေါယာန

၃၅။ တောင်ကျွန်း SOUTH ISLAND ဇမ္ဗူဒီပ

၃၆။ မြောက်ကျွန်း NORTH ISLAND ဥတ္တရကုရု

၃၇။ စကြဝတေးမင်း THE UNIVERSAL MONARCH

၃၈။ ခရုသင်းဖြူ A WHITE CONCH SHELL

၃၉။ ရွှေငါးကြင်းအစုံ A PAIR OF GOLDEN FISH

၄၀။ စက်လက်နက် MACHINE GUN စက္ကာဝုဓ

၄၁ မှ ၄၇။ သီတာ ခုနစ်တန် THE SEVEN RIVERS

၄၈ မှ ၅၄။ တောင်စဉ်ခုနစ်ထပ် 7 MOUTAIN RANGES

၅၅ မှ ၆၁။ ရေအိုင်ကြီးခုနစ်အိုင် 7 GREAT LAKES

၆၂။ ဂဠုန်မင်း GARUDA KING သုပဏ္ဏ

၆၃။ မိကျောင်းမင်း THE CROCODILE KING

၆၄။ တံခွန်လျှား THE LONG BANNER ဓဇ

၆၅။ တံခွန် ကုက္ကား THE BANNERS ပဋာကာ

၆၆။ ရတနာသံလျင်း GOLDEN PALANQUIN

၆၇။ ရွှေစာမရီသားမြီးယပ် (သုဝဏ္ဏဝါဠဗီဇနီ)

GOLD WHISK MADE OF FAIL OF MALE YAK

၆၈။ ကေလာသငွေတောင် MOUNT KELASA NGWE

၆၉။ ခြင်္သေ့မင်း LION KING

၇၀။ ကျားမင်း TIGER KING ဗျဂ္ဃ

၇၁။ ဝလာဟကမြင်းမင်း THE KING OF HORSES

၇၂။ ဥပေါသထ ဆဒ္ဒန်ဆင်မင်း NOBEL ELEPHANT

၇၃။ ဗာသုကီ နဂါးမင်း VASUKI DRAGON KING နာဂ

၇၄။ ဟင်္သာမင်း GAMSA BIRD ဟံသ

၇၅။ ဂုဃဘနွားမင်း NOBEL BULL

၇၆။ ဧရာဝဏ်ဆင်မင်း AYARWUN ELEPHANT

၇၇။ ရွှေမကာရ်း GOLDEN MAKARA

၇၈။ မုခ်လေးခုရှိ ရွှေလှေ (သုဝဏ္ဏနာဝါ)

ROYAL BARG WITH THE FOUR DOOR WAYS

၇၉။ ဗြဟ္မမင်း KING OF BRAHMA

၈၀။ နွားသားအမိ THE COW AND HER CALF

၈၁။ ကိန္နရာဖိုမ KINNARA PHOMA

၈၂။ ကရဝိတ်ငှက်မင်း A KARAVIKA BIRD

၈၃။ ဥဒေါင်းငှက်မင်း A PEACOCK မယူရ

၈၄။ ကြိုးကြာငှက်မင်း A CRANE ကောဉ္စ

၈၅။ စက္ကဝတ်ငှက်မင်း A CAKKAVAKA

၈၆။ ဇီဝဇိုးငှက်မင်း A SWIFTLED ဇီဝဉ္စိက

၈၇ မှ ၉၂။ နတ်ပြည် ခြောက်ထပ် SIX DEVA REALMS

၉၃ မှ ၁၀၈။ ဗြဟ္မာဘုံ တစ်ဆယ့်ခြောက်ဘုံ

SIXTEEN BRAHMA REALMS

## ( ၁၀၈ ) ကွက်လက္ခဏာတော်ဆိုသည်မှာ

စကြာဝဋ္ဌာကြီး၏ ပမာနကျ၍ ထင်ရှားသော အစိတ်အပိုင်းများနှင့် စကြဝတေးမင်း၏ အသုံးအဆောင်၊ အခြွေအရံ ပရိတ်သတ်များသာဖြစ်ပါသည်။ လက္ခဏာတော် (၁၀၈) ကွက်တွင် ဩကာသလောကကို သရုပ်ဖော်သော လက္ခဏာတော် (၅၉) ကွက်၊ သတ္တလောကကို သရုပ်ဖော်သော လက္ခဏာတော် (၂၁) ကွက်နှင့် သင်္ခါရလောကကို သရုပ်ဖော်သော လက္ခဏာတော် (၂၈) ကွက်၊ လက္ခဏာတော် စုစုပေါင်း (၁၀၈) ကွက် ရှိတော်မူ၏။ ရွှေစက်တော်သည် အဝိုင်းသဏ္ဍာန် သီးသန့်တည်ရှိပြီး (၁၀၈) ကွက် လက္ခဏာတော်များက ခြံရံထားပါသည်။

(၁၀၈) ကွက် လက္ခဏာတော်များသည် ဗုဒ္ဓဘုရားရှင်၏ ဘဝသံသရာဖြစ်တော်စဉ်များ ဖော်ပြထားသည်ဟု မယူဆသင့်ပါ။ ဆိုလိုသည်မှာ လောကသုံးပါးသည် မြတ်စွာဘုရား၏ ခြေတော်အောက်၌ရှိပြီး လောကသုံးပါးထက် မြင့်မြတ်သည်ဟု ဆိုလိုပါသည်။ လောကသုံးပါးအောင်မြင်ကြောင်း ရည်ညွှန်းပါသည်။

ခြေဖဝါးတော်၌ စက်တော်ကို ခြံရံထားသော လက္ခဏာတော် (၁၀၈)ကွက် ထင်ခြင်းသည် မဟာပုရိသ

လက္ခဏာ (၃၂)ပါးတို့တွင် လက္ခဏာတစ်ပါးသာ ဖြစ်ပါသည်။ သုဒ္ဒါဝါသ မဟာဗြဟ္မာကြီးကိုယ်တိုင် လမ်းညွှန်ခဲ့သော မဟာပုရိသလက္ခဏာကျမ်း၌ မြတ်စွာဘုရားလက္ခဏာတော်များကို ဖော်ပြသော ဂါထာပေါင်း (၁၀၁၆) ဂါထာပါရှိကြောင်း ကြားသိရပါသည်။ (၁၀၈)ကွက်လက္ခဏာတော်များတွင် စကြာဝဠာတေးမင်း၏ အသုံးအဆောင် အခြွေအရံပရိတ်သတ်များ တွေ့မြင်ရသောကြောင့် (အရှင်ကောဏ္ဍည)လောင်းလျာ ပုဏ္ဏားငယ်လေး (သုဒတ္တ)သည် လက်ညှိုးထောင်၍ သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓဘုရားရှင် ဧကန်စင်စစ်ဖြစ်အံ့ဟု ဗေဒင်ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ ရွှေစက်တော်ဖူးမျှော်သောအခါ (စက်တော်) အာရုံပြုရမှာဖြစ်သလို **(လောကဝိဒူ)** ဂုဏ်တော်ပွားခြင်းနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း ပြုကျင့်သင့်ပါသည်။



# အထက်ခြေတော်ရာ ငုံတည်ထားသော
# ( မူလ ပထမ စေတီ )

အထက်ခြေတော်ရာ တက်ရောက်ဖူးမျှော်သော အခါ ဗုဒ္ဓခြေတော်ရာအစား ရွှေစေတီတော် ဖူးမျှော်ရသည်မှာ အထက်ခြေတော်ရာ ရွှေ့ပြောင်းရန် ကြံစည်သော ကြောင့်သာ မူလ (ပထမ) ရွှေစေတီတည်ထားခြင်းဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀) ကျော်ခန့် အင်းဝမြို့ မာရ်အောင် ရတနာမင်းလက်ထက် သာသနာတော် သက္ကရာဇ် (၂၀၁၄) ခုနှစ်ခန့်တွင် မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ လက်ကိုင်းမြို့နေ အရှင်သုဓမ္မာစာရသည် သစ္စဗန္ဓတောင် (ခေါ်) မန်းတောင်ပေါ်တွင်ရှိသည့် ဒုတိယ စက်တော်ရာဖြစ်သည့် အထက်ရွှေစက်တော် (ခြေတော်ရာ) သည် တောင်စွန်းကျသည်ဖြစ်၍ နောင်အခါ ဘုရားဖူးသူ အပေါင်းတို့ ပြည့်ကြပ်နေမည့် လပြည့်နေ့များနှင့် တပေါင်းပွဲတော်များတွင် လူများလွန်းလျှင် ချောက်ထဲကျ သေပျောက်ပျက်စီးရာသည်။

ကျယ်ဝန်းညီညာသည့် ဘုရားဖူးများများဆန့်သည့် တောင်လယ်သို့ ရွှေ့ပြောင်းမည့်အကြံဖြင့် ကျောက်ဖျာကို ဆစ်ပြီးလျှင် ခြောက်ပေါက်စက်ဖြင့်ဆင်လျက် လူထုပရိတ်

သတ် လေးရာခန့်နှင့် ဆင်တို့ဖြင့် အပြင်းဆွဲငင်ယူဆောင်ရာ အရှင်သုဓမ္မာစာရ၏ မျက်စိနှစ်လုံး အလင်းရောင် ကွယ်ပျောက်ခဲ့ပါသည်။

## တောင်စောင့်နတ်

ထိုအခါ မဏိပဗ္ဗတသေလာဒေဝ အမည်တွင်သော တောင်စောင့်နတ်သည် လာလတ်၍ ပြောကြားသည်မှာ "မျက်စိနှစ်ကွင်း ပြန်၍ မြင်လိုသော် ဗုဒ္ဓရွှေစက်တော် ခြေတော်ရာ အက်ကြောင်းပေါ်သွားသည်ကို တစ်ဖန် ပြန်လည်၍ ပုံစံမပျက် နေရာမှာထား၊ ခြေတော်ရာပေါ်မှ ရွှေစေတီကို ဖုံးအုပ်တည်ထားပါလေ၊ သန့်ရှင်းစင်ကြယ်၍ ဖြူစင်ကောင်းမြတ်သော ကျောက်တို့ကို ရွေးချယ်၍ တောင်လယ်မှာ အသစ်ထုလုပ် (ခြေတော်ရာပွား) ထားရှိမှသာ မျက်စိတို့သည် ပကတိပြန်လည်မြင်လိမ့်မည်ဟု" ပြောကြားခဲ့ပါသည်။

## မကူသတောင် (မန်းတောင်) (သစ္စဗန္ဓတောင်)

ထိုသို့ တောင်စောင့်နတ်လာလတ်၍ ပြောလေသော် အရှင်သုဓမ္မာစာရသည် လယ်ကိုင်းမြို့နေ နှမ ဂူ

(ရှင်ဝ) ထံသို့ လူလွတ်အကြောင်းကြားပြီးလျှင် တောင်စောင့် နတ်ပြောကြားသည့်အတိုင်း ရွှေစေတီတည်သဖြင့် မျက်စိ ပြန်လည်မြင်လေသည်။

မျက်စိသည်မကုသဘဲ ပြန်မြင်သဖြင့် မကုသတောင် ဟုခေါ် ဆိုကြောင်းကြား သိရပါသည်။ အထက်ခြေတော်ရာ ငုံ၍ တည်ထားသော ရွှေစေတီအား မူလ(ပထမ)ရွှေစေတီ ဟု ဘွဲ့မည်ရပါသည်။ (၃၁)ဘုံတွင် တစ်ဆူတည်းရှိသော ဗုဒ္ဓခြေတော်ရာ ငုံတည်ထားသော ကိုးတောင်ပြည့်ရွှေစေတီ မြတ်ဖြစ်ပြီး အောက်ခြေလုံးပတ်တော် (ဖိနပ်တော်) မှာ (၁၂) ပေရှိပါသည်။ မူလပထမ ကိုးတောင်ပြည်ရွှေစေတီအား ရာသီမရွေး မကွေးမြို့၊ မင်းဘူးမြို့နယ်၊ ပုသိမ် - မုံရွာ အဝေးပြေးကားလမ်းမကြီးမှတဆင့် မိုးတွင်းကာလတွင် (၈) မိုင်လမ်းခွဲမှ သွားရောက်ဖူးမျှော်နိုင်ပါသည်။

## ဒုတိယစေတီ

အရှင်သုဓမ္မာစာရသည် အထက်ခြေတော်ရာမြတ် အား ရွှေ့ပြောင်းစဉ်အခါက ပျက်စီးခဲ့သော ခြေတော်ရာမှ အမှုန့်များကို စုဆောင်း၍ အနားတွင် စေတီတစ်ဆူတည် ထားတော်မူခဲ့ပါသည်။ ထိုစေတီကို (ဒုတိယစေတီ) ဟု

ဘွဲ့မည်သာလျက် ခြေတော်ရာ(ပွား) အာရက်ခံတန်ဆောင်းနှင့် ကပ်လျက်တည်ရှိပါသည်။ ရွှေစက်တော်တွင် သမထဝိပဿနာ အလုပ်စခန်းအတွက် နေရာကောင်းတစ်ခုဖြစ်ပါသည်။ အလင်းတိုင်ပူဇော်ရန် အထူးအဆင်ပြေပါသည်။

## ခြေတော်ရာ (ပွား)

ဗုဒ္ဓခြေတော်ရာအား စေတီငုံထားတော်မူသဖြင့် ခြေတော်ရာပွားတစ်ဆူအား အရှင်သုဓမ္မာစာရ ရွှေ့လိုသော (တောင်လယ်)နေရာတွင် ကျောက်ဆစ်ထုလုပ် ပူဇော်ထားရှိရာ နှောင်းလူတို့မှ အောက်စက်တော်ရာနှင့် ပုံစံတူရန် ကျောက်လုံးကြီးထုလုပ်ထားခြင်းသာ ဖြစ်မည်ဟု ယူဆရပါသည်။ ခြေတော်ရာ(ပွား)ဖူးပြီးသူများ ခြေတော်ရာ အစစ်ငုံတည်ထားသော (မူလပထမ) ကိုးတောင်ပြည့် ရွှေစေတီကို ဖူးမျှော်ရန် **အဓိကအထူး**လိုအပ်ပါသည်။ ခြေတော်ရာ(ပွား) တန်ဆောင်းမူလဒါယကာမှာ မင်းတုန်းမင်းတရားကြီး လှူဒါန်းကြောင်း မှတ်သားရပါသည်။ **(ရွှေစက်တော်)** အဓိက အာရုံပြုရန် အရေးကြီးပါသည်။

# ရွှေစင်စစ်စက်တော် (ခြေတော်ရာ ပွား)

အောက်စက်တော်ရာအား ကာရံထားသော သံတိုင်များရှေ့တွင် (ရွှေစင်စစ်) ခြေတော်ရာ(ပွား) တစ်ဆူကို ရွှေစင်ရွှေသားစင်စစ်ဖြင့် ပွဲတော်ကာလအတွင်း ပူဇော်ခံထားရှိပါသည်။ (၁၉၈၅) ခုနှစ်တွင် ရွှေပန်းထိမ်ပညာရှင်များမှ (၄ ပေ ၂ လက်မ × ၁ ပေ ၁၀ လက်မ) အရွယ်ဆိုဒ် ရွှေစင်စစ် (၂)ပိဿာ (၈)ကျပ်သား (၁၀)ပဲ (၅)ရွေး အသုံးပြု၍ ထုလုပ်ပူဇော်ထားပါသည်။



ရွှေစင်စစ်စက်တော်နှင့်(၁၀၈) ကွက်လက္ခဏာတော်

# ရွှေစက်တော်ပုံသဏ္ဍာန်

ဆရာတော် အရှင်ခေမိန္ဒသာမိ၊ ဂဏဝါစက သာသနဓဇသီရိပဝရ ဓမ္မာစရိယ (ပါဠိပါရဂူ)၏ ဗုဒ္ဓ စက်လက္ခဏာတော်များ၊ သာသနာရေးဌာန၏ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)၊ ပညာရေးတက္ကသိုလ် သင်ကြားရေး ဌာနမှူး (အငြိမ်းစား) မောင်ဝိဇ္ဇာ၏ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ တော်အကြောင်း သိကောင်းစရာ၊ စာရေးဆရာ ချစ်မင်း ထွေး (ကျောင်းကုန်းဆရာချစ်) သာသနာပြုဆရာကြီး ဦးအောင်မြင့်၊ ဆရာဦးသောင်းဆွေ (ညီငယ်) ဦးသက်ဦး တို့နှင့် ပါဒစက်တော်ရာ သုတေသီမိသားစုမှ အောက်စက် တော်ရာတွင် ပုံတောင်းစကြာပုံတော်ပူဇော်ထားရာမှ ဖော်ပြ ပါသည်။

ရွှေစက်တော်ပုံသဏ္ဍာန်သည် စက်ဝန်းသဏ္ဍာန်ရှိပြီး အလယ်ဗဟိုတွင် ဣန္ဒနီလာမြအဆင်းရှိပြီး အလယ်ကွက် တွင် ငွေရောင်ဖြစ်ပါသည်။ အတွင်းအပြင် ငွေအဆင်းရှိ (ရွှဲ) များရှိပါသည်။ အပြင်နားတွင် အကန့်တစ်ထောင် သန္တာအဆင်းရှိ၍ ရတနာခုနှစ်ပါး စီချယ်ထားပါသည်။ (အကန့်တစ်ကန့်နှင့်တစ်ကန့်အကြား ရတနာ ခုနှစ်ပါး အဆင်းရှိသော ရွှဲကြိုးများဖြင့် ခြားထားပါသည်။) အပြင်ဆုံး တွင် ရွှေကြုံဆစ် ကာရံထားသော သန္တာအဆင်းရှိပါသည်။

အကန့်ဆယ်ခု (ဆယ်ခု) အကြားတွင် လက်ဝဲလက်

ယာ ပန်းဆိုင်းဆွဲလျှက် သန္တာရိုးတပ်သော ထီးဖြူများရှိပါသည်။

အကွပ်နား ပုံတောင်းပေါက် အရှေ့နားတွင် ခြင်္သေ့ခံတွင်းသဏ္ဍာန်၊ ပုလဲသွယ်သဏ္ဍာန် စီလျှက်ရှိပါသည်။

ဗြဟ္မာယုသုတ် (၄-၂၅၇)လက္ခဏာသုတ်ပါဠိတော်၊ အဌကထာ (၁၀၄) တို့၌ ဖွင့်ဆိုထားပါသည်။

မဇ္ဈိမ ပဏ္ဏာသဋီကာ (၁၇၂)၌ ရွှေစက်တော်တန်ခိုး ဖော်ပြထားပါသည်။

ဗုဒ္ဓဘာသာစာပေကျမ်းဂန်များတွင် ပါရှိသည်ကို လေ့လာတွေ့ရှိရသည့် ရွှေစက်တော်အချက်အလက်များမှာ

(၁) အကန့်(၁၀)ကန့်လျှင် ထီးဖြူတစ်လက် မိုးထားရသည်မှာ ပါရမီတော်(၁၀)ပါးဖြင့် ဖြည့်ဆည်းကျင့်ကြံကာ မာရ်နတ်မင်း၏ (၁၀)ပါးသော လက်နက်တို့နှင့် တိုက်ခိုက်ခြင်းကို အောင်တော်မူကြောင်း ရည်ညွှန်းပါသည်။

(၂) ပထမအကန့်တွင် ထီးဖြူ အလက် (၃၀)
တစ်လက် လျှင် အကန့်(၁၀)ကန့် စုစုပေါင်း အကန့်(၃၀၀)
ဒုတိယအကန့်တွင် ထီးဖြူ အလက် (၃၀)
တစ်လက်လျှင် အကန့်(၁၀)ကန့် စုစုပေါင်း အကန့် (၃၀၀)
တတိယအကန့်တွင် ထီးဖြူ အလက်(၂၀)
တစ်လက်လျှင် အကန့်(၁၀)ကန့် စုစုပေါင်း အကန့် (၂၀၀)
စတုတ္ထအကန့်တွင် ထီးဖြူ အလက် (၂၀)
တစ်လက်လျှင် အကန့်(၁၀)ကန့် စုစုပေါင်း အကန့်(၂၀၀)

အကန့်ပေါင်း (၁၀၀၀)သည် တစ်ထောင်သော ကိလေသာကို ပယ်ဖြတ်ချိုးနှိမ်၍ သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်ကို ရည်ညွှန်းပါသည်။

(၃) အလယ်ရှိ အစိမ်းရောင်မှာ မြတ်စွာဘုရားသခင် ပွင့်တော်မူသော ဗောဓိညောင်ပင်အား ရည်ညွှန်းပါသည်။

(၄) အတွင်း(၃)လွှာကို ငွေရောင်ဖြင့် ချယ်ထားခြင်းမှာ မာရ်နတ်မင်းအား အောင်တော်မူသောအခါ အရှေ့အရပ်မှ ထွက်ပေါ်လာသော လမင်း၏ ရောင်ခြည်ဖြာထွက်နေပုံကို ရည်ညွှန်းပါသည်။


(၅) စတုတ္ထ (၁)လွှာကို အဝါနုရွှေရောင်ဖြင့် ချယ်ထားခြင်းမှာ မာရ်နတ်မင်းအား အောင်တော်မူသောအခါ အနောက်အရပ်မှ ဝင်စပြုသော နေရောင်ခြည်၏ ရောင်ခြည်ဖြာထွက်နေပုံကို ရည်ညွှန်းပါသည်။

(၆) အပြင်ဆုံး ကြံဆစ်အကာကို အနီရောင်ဖြင့် ချယ်ထားခြင်းမှာ ဝင်တော့မည့် နေလုံးကြီး၏ နီရဲသောအရောင်ကို ဖော်ညွှန်းပါသည်။

(၇) အလယ်တွင်ရှိသော လက်ျာရစ် ခရုသင်းတစ်လုံးနှင့် ထီးဖြူတစ်လက်ကို ရေးဆွဲထားသည်မှာ မာန်နတ်မင်းရှုံး၍ ထွက်ပြေးသွားပြီး ခရုသင်းကိုမှုတ်၍ ဗြဟ္မာမင်းကြီးက ၎င်း၏ထီးဖြူကြီးကို မိုးကာ ပူဇော်ကြပါသည်။ စကြာဝဠာများမှ သိကြားမင်း၊ ဗြဟ္မာမင်းတို့ကလည်း ခရုသင်း၊ ထီးဖြူ အသီးသီးတို့ဖြင့် ပူဇော်ကြသည်ကို ရည်ညွှန်းပါသည်။

(၈) အကန့်များတွင်ပါရှိသော ထီးဖြူအလက် (၁၀၀) အလယ်တွင်ရှိသော ထီးဖြူ(၁)လက် စုစုပေါင်း ထီးဖြူ (၁၀၁) လက်နှင့် ခရုသင်းအဖြူ အလုံး(၁၀၀)အလယ်တွင် ရှိသော ခရုသင်းအဖြူ(၁)လုံး းစုစုပေါင်း ခရုသင်းပေါင်း (၁၀၁)တို့မှာ (၁၀၁)ပါးသောမင်း (လူမျိုး)များက မြတ်စွာဘုရားသခင်ကို ဦးညွှတ်ပူဇော်ကြသည်ဟု ရည်ညွှန်းပါသည်။

(၉) အလယ်တွင်ရှိသော မြတ်လေး (မုလေး) ပန်းတစ်ပွင့် ပူဇော်ထားသည်မှာ မာရ်နတ်မင်းနှင့် ၎င်း၏ တပည့်များက ပစ်ခတ်သော လက်နက်(၁၀)မျိုးတို့သည် မြတ်စွာဘုရား သခင်၏ရှေ့မှောက်ရောက်သောအခါ မြတ်လေးပန်းများ အဖြစ် ပြောင်းလဲရောက်ရှိ၍ မြတ်စွာဘုရားသခင်အား ပူဇော်ပြီးသား ဖြစ်သွားသည်ဟု ရည်ညွှန်းပါသည်။



ပါဒစက်တော်ရာတွင် အဓိကပူဇော်ရသည့် ပုံတောင်းစကြာ

## ဇမ္ဗူမှာ (ဒွေး) ရာမှာ (ဧ)

မလေ့ထုံးစံ ယဉ်ကျေးရိုးသေ အလေးထားမှု စနည်း၊ တဘောင်ဆိုတာ ရှိပါသည်။ အသက်ရှည်စေလို မန်းတောင် ရိပ်ခိုဆိုသော တဘောင်သည် မန်းရွှေစက်တော် မန်းတောင်ရိပ် ခိုလျှင် အသက်ရှည်မည်ဟုဆိုသကဲ့သို့ မန္တလေးတောင် လည်း ရှိပါသည်။ ဇမ္ဗူမှာ (ဒွေး) ရာမှာ (ဧ) ဆိုသည်မှာလည်း (ဇမ္ဗူ) သပြေမျိုးနွယ် သပြေပင်ပေါများသော မန်းဒေသ မှာ (ဒွေး) ခြေတော်ရာနှစ်ဆူရှိပြီး (ရာမှာ) ခြေတော် (ရာ) နှစ်ဆူ (မှာ) (ဧ)တစ်မျိုးတည်းဟု ဆိုပါသည်။ အောက်ခြေတော်ရာ အထက်ခြေတော်ရာများသည် (ဘယ်ဘက်)တစ်မျိုးတည်းဟု ဆိုလိုရင်း ဖြစ်ပါသည်။ ခြေတော်ရာနှစ်ဆူလုံး ဘယ်ဘက် ချည်းဖြစ်သကဲ့သို့ ရွှေစက်တော်နှင့် မင်းဘူးမြို့ စက္ကိန်းတဲ ရွှေစေတီတို့တွင် အောင်သပြေပန်း ဝေဆာစွာ ပူဇော်ထား သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ တစ်ချို့ကလည်း သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံ၌ သမန္တ (သုမန) (ရာမှာ) တောင်ထိပ်၌ ခြေတော်ရာတစ်ဆူရှိသဖြင့် (ဇမ္ဗူ) ဒီပါ လက်ယာတောင်ကျွန်း ရွှေစက်တော်မှာ (ဒွေး) နှစ်ဆူ (ရာမှာ) (သုမန) သမန္တ တောင်ထိပ်၌ (ဧ)တစ်ဆူဟု ဆိုလို သည်ဟု ပြောကြပါသည်။

## ရဟန္တာခြေတော်ရာသို့ ခြေလျင်တောင်တက်ခရီး

ဗဟုသုတပြေပန်းနှင့် ဝေဆာနေသော ရွှေစက်တော်အား အာရုံပြု၍ ဖူးမဝနိုင်ပါ၊ အရုဏ်တက်ချိန် အိပ်ရာထ၍ စားသောက်ဆိုင်တွင် နံနက်စောစောစားပြီး သောက်ရေသန့်၊ စနိုးတာဝါနှင့် စားစရာများ လွယ်အိတ်ထဲထည့်ပြီး အလှူခံဌာနရှေ့ (၁)လမ်းမှ SKY HOTEL ဒေါင့်တွင် လက်ယာဘက် (၈)မိုင်လမ်းခွဲ အထက်စက်တော်ရာ တောင်ပေါ်တက်မော်တော်ယာဉ်လမ်းအတိုင်း ခြေလျင်တောင်တက်ခဲ့ပါသည်။ မီးသတ်တပ်ဖွဲ့၊ သိမ်တော်ကြီး၊ ဘုန်းကြီးကျောင်း၊ မန်းရွှေစက်တော် ဂေါပကအဖွဲ့၏ လျှပ်စစ်ဌာန၊ ကျန်းမာသန့်ရှင်းဌာန၊ အနောက်တိုင်းပုံစံ ရေလောင်းအုတ်တိုက်အိမ်သာ၊ ဂေါပကအဖွဲ့ (ခေတ်မှီ)ကိုဒေါင်များ၊ သံဃိကမဏ္ဍာရုံများနှင့် ရဟတ်ယာဉ်ကွင်း၊ ပြည့်စုံပါသည်။ တောထဲဆိုပေမည့် မြို့နှင့်မခြား ဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှုများအား ချီးကျူးဂုဏ်ယူမိပါသည်။

အထက်စက်တော်ရာသို့တက်ရန် (၈)မိုင်လမ်းခွဲလမ်းမမှ ညာဘက်သို့ကွေ့ပြီး ရွှေစက်တော်၏ ပထမဆုံးသံတိုင်သံဒိုင်း အဆောက်အဦး အလောင်းတော် ကဿဖတန်ဆောင်းဘေးမှ ရဟန္တာခြေတော်ရာသို့ ခြေလျင်

တောင်တက်ခဲ့ပါသည်။ ရသေ့တောင်အား မြင်ရသည်မှာ လွမ်းမောဘွယ်ကောင်းပါသည်။ သိကြားပုန်းတောင်မှ သိကြားမင်းရုပ်ထုနှင့် စေတီတော်အား လှမ်းမျှော်ကြည့်ရင်း ရဟန္တာခြေတော်ရာသို့ ဆက်လက်၍ ခြေလျင်တောင်တက်ခဲ့ပါသည်။ ရဟန္တာခြေတော်ရာအား ဖူးမျှော်ပြီး အပြန်ခရီးတွင် သိကြားပုန်းတောင်နှင့် ရသေ့တောင်သို့ ခြေလျင်တောင်တက်ခဲ့ပါသည်။

သိကြားပုန်းတောင်မှ ပြန်သောအခါ တောင်ပိုင်ဘိုးဘိုးကြီးနတ်ကွန်းတွင် ဘိုးဘိုးကြီးအား မေတ္တာပို့ အမျှဝေဆုတောင်းနှုတ်ဆက်ပြီး ဗုဒ္ဓဘုရားရှင်ကြွတော်မူရာ ရွှေစက်တော်နှင့် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မှာ ရှိကြကုန်သော လူနတ်ဗြဟ္မာနှင့် စေတီတော် အကျိုးဆောင်ချုပ် ဆရာတော်ဂေါပက အဖွဲ့ဝင်များအား မေတ္တာပို့ပါသည်။

ရွှေစက်တော်တွင် မန်းချောင်းရေ အလျှံပါယ်အေးမြနေအောင် ရေချိုးပြီး နမ္မဒါ နဂါးမင်း၊ နဂါးများ အပါအဝင် နတ်လူသတ္တဝါအားလုံးအား မေတ္တာပို့ပါသည်။ ရွှေစက်တော်တွင် နှစ်ညအိပ်ပြီး နံနက်အရုဏ်တက်ချိန်တွင် စန္ဒကူးနံ့သာ ကျောင်းတော်ရာသို့ ခရီးဆက်ခဲ့ပါသည်။

## ရွှေစက်တော်အစ ကျောင်းတော်ရာသို့ ခရီးလမ်းညွှန်

(၃)မိုင်လမ်းခွဲမှ (၂၇)မိုင် ခရီးဆက်ပါသည်။ စာရေးသူတို့ငယ်စဉ်က သွားလာခဲ့ဘူးသော သမုန်းတော၊ ကင် မိတ်စခန်း၊ ရိုးကြီးတက်နှင့် သပြေပင်စခန်းတို့ကို နှစ်ပေါင်းလေးဆယ်ကျော်ပြီဖြစ်၍ မေ့တေ့တေ့ မေးမြန်းနေရပါသည်။ (တစ်ခါရောက်လျှင် သွားချင်နေကြ) မင်းပူး ဦးဩဘာသဆရာတော်၏ ဘုရားရှိခိုးအတိုင်း စခန်းဆယ်ခု အမည်တွေကိုတော့ အလွတ်ရနေဆဲပါ။ လှည်းယာဉ်လေး မစီးချင်အောင် ငယ်စဉ်က လမ်းလျှောက်ပြေးလွှား ခြေလျင် တောင်တက်ခဲ့သော လမ်းစခန်းများဖြစ်ပါသည်။

တောကြက်၊ ယုန်တို့ကို လိုက်ဖမ်းခဲ့သော်လည်း ကျားခြေရာတွေ့သောအခါ လှည်းယာဉ်ပေါ် တက်ပြီး ပရိတ်တွေရွတ်ဖတ်သွားလာခဲ့ဘူးပါသည်။

ဆည်တော်စခန်းရောက်သောအခါ မေမေ ကျွေးသော ငါးကြော်ဆီထမင်း သတိရ၍ အမျှဝေ သာဓုထပ်တူ ရစေရန် သစ္စာဆိုမိနေပါသည်။

ငါးကြော်ဆီထမင်းဆိုင်မှ ဖွင့်ထားသော စီဒီအသံမှ ဒေါ်မေရှင်၊ ဒေါ်မေလှမြိုင်၊ ဒေါ်ကြည်အောင်စသည့် ခေတ်ဟောင်း ရွှေစက်တော်သီချင်းသံများသည်

ရွှေစက်တော်ကို ပြန်လည်တမ်းတ လွမ်းမောဖွယ်ဖြစ်ပါသည်။ ဖုန်တထောင်းထောင်းနှင့် ရှေးဟောင်း လယ်ကိုင်းမြို့၌ ရှေးဟောင်း ဘုန်းကြီးကျောင်းတွင် မြန်မာ့ရိုးရာပန်းပုလက်ရာများလေ့လာပြီး ဇာတိပုည ဂုဏ်မာန နိုးကြားစေခဲ့ပါသည်။ လယ်ကိုင်းမြို့မှ ကျောင်းတော်ရာသို့ (ညာဘက်ကွေ့ပြီး) (၄)မိုင် (၄)ဖာလုံ ခရီးဆက်ခဲ့ပါသည်။ လယ်ကွင်းရိုးပြတ်တွေအတွင်းမှ ကျောင်းတော်ရာစေတီတော်မြတ်အားဖူးမျှော်ရ၍ ကန်တော့ရသည်မှာ ကြည်နူးပီတိဖြစ်ရပါသည်။ လမ်းဘေး လယ်မြေများအတွင်း ဘေးမဲ့ဒေသပြကျောက်စာတိုင်၊ ဘုရားဝတ္တကမြေပြမှတ်တိုင်စသည်များမေးမြန်းလေ့လာရင်း သာသနာ့ဝင် ပိဋကတ်တော်လာစန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်မုခ်ဦးသို့ရောက်ရှိပါသည်။ စေတီတော်၏ မဟာရန်တံတိုင်းများမှာနန်းတော်မြို့ရိုးပုံစံနှင့် ကျက်သရေရှိသည်မှာ အကျိုးဆောင်ချုပ်ဆရာတော်၏ အမြော်အမြင်ကြီးမှုကို ဂုဏ်ယူမိပါသည်။



## မန်းရွှေစက်တော်သမိုင်း

ဘယ်ဘက်ချည်း ခြေတော်ရာနှစ်ဆူ ချတော်မူခဲ့သော ရွှေစက်တော်သမိုင်းစုံ တင်ပြရလျှင် ရွှေစက်တော်အစ ကျောင်းတော်ရာ က ဖြစ်ပါသည်။ ကျောင်းတော်ရာဆိုသည် ပိဋကတ်တော်သာသနာ့သမိုင်းဝင် ဖြစ်ပါသည်။ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကို ရွှေစက်တော်မှ မိုင် (၃၀)နှင့် မင်းဘူးမြို့ စက္ကိန်းတဲရွှေစေတီမှ မိုင် (၂၀)အကွာတွင် တည်ရှိပါသည်။ ပိဋကတ်တော်၌ ဗုဒ္ဓကိုယ်တော်တိုင် ဝါဏိဇ္ဇဂါမရွာ စန္ဒကူးနံ့သာကျောင်းတော်ရာသို့ ကြွရောက်ကြောင်းနှင့် ရွှေစက်တော်တွင် ခြေတော်ရာ နှစ်ဆူချတော်မူသည်ဟု သီတဂူဆရာတော်ကြီးက ပုဏ္ဏောဝါဒသုတ္တန်တရားတော်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး၏ အကျိုးဆောင်ချုပ် ဆရာတော် အရှင်ဓမ္မာစာရဆရာတော်၏ စွမ်းဆောင်ရည်ကြောင့် စေတီတော်အနီး ဝါဏိဇ္ဇဂါမရွာကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်ပွင့်တော်မူစဉ်က ၎င်းဝါဏိဇ္ဇဂါမရွာကြီးတွင် ကုန်သည်ကြီးမိသားစုမှ သားဦးမွေးဖွားရာ မဟာ

ပုဏ္ဏဟူသော အမည်ကိုရ၏။ မျှားမကြာမီ ညီငယ် တစ်ယောက် စူဠပုဏ္ဏဟူသော အမည်တွင်စေ၍ ညီနောင် နှစ်ယောက်တို့ အတူတကွ နေထိုင်ကြလေသည်။ ညီအစ်ကို တို့သည် ချိန်တန်သော် ဆွေမျိုးတို့၏ မျိုးရိုးထုံးတမ်းစဉ်လာ အတိုင်း ကုန်သည်အလုပ်ကို လုပ်ကိုင်လျှက် ဒေသအသီးသီး သို့ ကူးသန်းရောင်းဝယ်ကြကုန်၏။

## မဟာပုဏ္ဏ

တစ်ချိန်သောအခါ နောင်တော် မဟာပုဏ္ဏသည် မိမိတို့နေရာ သုနာပရန္တတိုင်း (မြန်မာပြည်အလယ်ပိုင်းတိုင်း) ကျောင်းတော်ရာ ဝါဏိဇဂါမရွာနှင့် အလွန်ဝေးကွာသော မဇ္ဈိမဒေသ ကောသလတိုင်း သာဝတ္ထိပြည် (အိန္ဒိယ)သို့ လှည်းငါးရာဖြင့် ကုန်ရောင်းသွားရာ ရောက်မလေလျှင် သင့်တင့်ရာ၌ လှည်းဝိုင်းချလျှက် နေကြကုန်၏။

ဗုဒ္ဓဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ စံပါယ်တော်မူစဉ် ပြည်သူပြည်သားတို့သည် လျှုဒါန်း ဖွယ်တို့ကို ယူဆောင်လျှက် တရားနာအံ့သောငှာ ကျောင်း တော်သို့သွားကြမည်ကို မဟာပုဏ္ဏမြင်လေသော် မည်သို့

သောကီစွဖြင့် မည်သည့်အရပ်သို့ သွားကြကုန်အံ့နည်းဟု မေးလျှင် သာဝတ္ထိပြည်သူအပေါင်းတို့က အမောင်လုလင် အသင်သည် အဘယ်ကနည်း။ ကျွန်ုပ်တို့ပြည်မှာ တစ်ရံတစ်ခါမျှ ဖူးမြင်ရခြင်းငှာ ခဲယဉ်းလှစွာသော လူနတ် ပြဟ္မာတို့အား သံသရာခရီးမှ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသည့် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ စံပါယ်တော်မူ၍ တရားဟောနေသည်ကို အသင်မကြားဘူးသလော့။ တရားနာအံ့သောငှာ သွားရအောင်ဟု ပြောလေ၏။

ဤသို့ပြောလျှင် မဟာပုဏ္ဏသူဌေးသည် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး၏ အသံကို ကြားကာမျှဖြင့် ရှေးရှေးသော ဘုရားရှင်တို့၏ လက်ထက်တော်အဆက်ဆက်က မပျက်သောလုံ့လဖြင့် ဖြည့်ကျင့်ဆည်းပူးလာခဲ့သည့်သာဝက ပါရမီတို့သည် ထောက်ကူစုဝေး၍ အကျိုးပေးချိန်ဖြစ်သော မစ္ဆိမဘာဝိကအန္တိမခန္ဓာ နောက်ဆုံးအစဉ်တွင် သက်ဝင်လာသည်ဖြစ်၍ ငါးဖြာပီတိ ဂွမ်းဆီထိသို့ သဲအိလှိုက်ဖို ဇောစိတ်ပိုလျက် ငိုဖွယ်ရယ်မရ၊ မြတ်စွာဘုရားထံသွားမှသာ အေးငြိမ်းရာဌာနကို ငါအမှန်ရတော့မည်ဟု သံဝေဂဖြစ်ခါ သာဝတ္ထိပြည်သားတို့နှင့်အတူ မြတ်စွာဘုရားကျောင်းတော်သို့ တရားနာအံ့သောငှာ လိုက်ပါသွားလေသည်။

ထိုသို့ ဘုရားသခင် ဟောကြားသော တရားတော်ကို နာရလေလျှင် မီးခဲပြာဖုံးပမာကဲ့သို့ အံ့မဆုံးနိုင်၊ သံသရာစက်စခန်းမှ တက်ကြွလျက် ဘုရားမြတ်စိန္တေအနီး၌နေပြီး ထိခြင်းငါးပါး ရှိခိုးခြင်းဖြင့် ရှိခိုးပြီးလျှင် ဘုန်းတော်နေဝန်းထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ခရီးလမ်းတာ ဝေးကွာလေသော သုနာပရန္တတိုင်းသား အာဂန္တုဖြစ်ကြသော တပည့်တော်အား သနားတော်မူပါသဖြင့် နက်ဖြန်နံနက်တွင် အရှင်ဘုရားအမှူးထား၍ သံဃာငါးရာနှင့်တကွ တပည့်တော်၏ လှည်းစခန်းသို့ အရဏ်ဆွမ်းအလှူခံကြွရောက်တော်မူပါဘုရားဟု လျှောက်ထားလေလျှင် ဘုရားသခင်သည် မဟာပုဏ္ဏ၏ အရဟတ္တဖိုလ် မူလဥပနိဿယနှင့် ပြည့်စုံသည်ကိုလည်း ကောင်း၊ နောင်ကာလတွင် ငါ၏ ဘုရားသာသနာသည် သုနာပရန္တတိုင်း (မြန်မာပြည်အလယ်ပိုင်းတိုင်း)၌ နေ့လပမာ ထွန်းလင်းပ၍ သတ္တဝါအပေါင်း နိဗ္ဗာန်ရောက်မည်ကို မြင်တော်မူသည်ဖြစ်၍ သည်းခံစိတ်ဖြင့် ဆိတ်ဆိတ်နေတော်မူ၏။

မဟာပုဏ္ဏသူဌေးကြီးလည်း ဘုရားရှင်၏ အာနုဘော်ကို သိရသဖြင့် ဝမ်းသာစွာဖြင့် လှည်းစခန်းသို့ ပြန်ခဲ့ပြီးလျှင် လှည်းသားတို့နှင့် တိုင်ပင်လျက် ကောင်းမြတ်

သော ဆွမ်းဘောဇဉ်တို့ကို စီစဉ်ချက်ပြုတ်လုပ်ကိုင်ပြီးလျှင် အရုဏ်တက်ချိန်တွင် ဘုရားသခင်နှင့်တကွ သံဃာတော်တို့အား အရုဏ်ဆွမ်း ဆက်ကပ်လေသည်။

## မြန်မာပြည်၏ ပထမဦးဆုံး ရဟန္တာမထေရ် အရှင်မဟာပုဏ္ဏ

အရုဏ်ဆွမ်းဆက်ကပ်ပြီး၍ မြတ်စွာဘုရားသခင် ကြွသွားတော်မူလျှင် ဘဏ္ဍာစိုးကိုခေါ်၍ ဘဏ္ဍာစိုး၊ ဤလှည်းငါးရာနှင့်တကွ ပစ္စည်းဘဏ္ဍာတို့ကို ပြန်လည်ယူဆောင်၍ ငါ၏ညီ စူဠပုဏ္ဏအားအပ်ပါ။ ငါမူကား ဘုရားသခင်၏ အထံတော်ဝယ် ရဟန်းပြုတော့အံ့၊ ငါ့အား မေးလျှင် သင်၏အကို မဟာပုဏ္ဏသည် ဇေတဝန်ကျောင်းတော်ဝယ် ဘုရားသခင်ထံတွင် တရားကျင့်ကြံနေခဲ့ကြောင်းကို အလုံးစုံပြောကြားပါလေဟု ပြောဆိုမှာထားပြီးလျှင် ဘုရားသခင်အထံတော်တွင် ရဟန်းပြုလေသည်။

## သုနာပရန္တတိုင်း[မြန်မာပြည်] သို့ သာသနာပြုခြင်း

အကြောင်းညီသောအချိန်တွင် မဟာပုဏ္ဏမထေရ်သည် မိမိနေရင်းဒေသဖြစ်သော သုနာပရန္တတိုင်း ဝါဏိဇဂါမရွာသို့ ပြန်လိုသောစိတ်တို့သည် ဖြစ်ပေါ်လာသော် ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား အကျဉ်းမျှဖြစ်သော တရားတော်ကို ဟောကြားဆုံးမတော်မူပါဘုရား။ ဤအကျဉ်းမျှသော တရားကို လိုက်နာကျင့်သုံး၍ နိဗ္ဗာန်ရွှေပြည်မြတ်ကို စေလွှတ်တတ်သော စိတ်အစဉ်ဖြစ်စေ၍ နေပါအံ့ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် အင်္ဂါရှစ်ဖော် အသံတော်ဖြင့် တရားမြတ်ကို အကျဉ်းမျှဟောကြားတော်မူလေသည်။(ပုဏ္ဏောဝါဒသုတ္တံ)

မြတ်စွာဘုရားမှ တရားအကျဉ်းမျှ ဟောကြားပြီးသောအခါ အရှင်မဟာပုဏ္ဏမထေရ်မြတ်သည် သုနာပရန္တတိုင်း (မြန်မာပြည်အလယ်ပိုင်းတိုင်း)တွင် သီတင်းသုံး လိုကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်မှ အဏ္ဏောသ (၇)ဌာနနှင့် တရားဟောကြားမေးစစ်ရာ အရှင်မဟာပုဏ္ဏမထေရ်မြတ် ကျေနပ်အောင်လျှောက်ထားသောကြောင့် ကျေနပ်တော်မူပြီး သွားခွင့်ပြုလေသည်။ အရှင်မဟာပုဏ္ဏ

မထေရ်သည် မြတ်စွာဘုရားအား လက်ယာရစ်သုံးကြိမ် လှည့်ပတ်၍ ရှိခိုးပူဇော်ပြီးနောက် သုနာပရန္တတိုင်းသို့ ပြန်လာခဲ့ရာ မကွေးတိုင်း၊ မင်းဘူးမြို့နှင့် စကုမြို့အကြား ရေပုတ်ကျေးရွာ (ရွှေမြင်တင်စေတီ) အဇ္ဈပာတ္တတောင်၌ သီတင်းသုံးလေသည်။ အရှင်မဟာပုဏ္ဏမထေရ်လည်း (အဇ္ဈပာတ္တတောင်)မှနေ၍ သမုဒ္ဒဂီရိမည်သော မင်းဘူးမြို့အနီး (အောက်ကျောင်း)အရပ်သို့ ကြွတော်မူ၏။ ထိုအရပ်မှာ ကမ်းနားနှင့်နီး၍ ရေလှိုင်းတို့က ကျောက်ဆောင်တို့ကို တိုက်ခတ်ခြင်းဖြင့် ကြီးစွာသောအသံဖြစ်၏။

ထိုမှတစ်ဖန် မာတုလာဂီရိအရပ်သို့ ပြောင်းရွှေ့နေထိုင် သီတင်းသုံးပြန်သည်။ ထိုမာတုလာဂီရိ အရပ်ဟူသည် မင်းဘူးခရိုင်၊ မင်းဘူးမြို့မှ (၁၀)မိုင်ဝေးသော (စကုမြို့အဝင်) မာတုလာဂီရိထေရ်ကြီးစေတီနေရာ ဖြစ်ပါသည်။ ထိုနေရာမှာလည်း တောတိရစ္ဆာန်တို့၏ အသံသည် နေ့ရော ညဉ့်ပါ ဘယ်ခါမလတ် ဆူညံနေသည်ဖြစ်၍ ဆိတ်ငြိမ်ရာကို မရသောကြောင့် (စကုမြို့) မာတုလာဂီရိထေရ်ကြီးကျောင်းမှနေ၍ မကုလာရာမ (ကျောင်းတော်ရာ) မည်သောအရပ်သို့ ကြွ၍ သီတင်းသုံးတော်မူလေသည်။

နံနက်အရုဏ်တက်သောအခါ ဝါဏိဇဂါမရွာသို့ ဆွမ်းခံကြွတော်မူလေသည်။ အရှင်မဟာပုဏ္ဏမထေရ် ကြွ

တော်မူသည်ကို ညီဖြစ်သူ စူဠပုဏ္ဏသူဌေးကြီးမြင်လျှင် မိမိ အိမ်သို့ ပင့်ဖိတ်လျက် ဆွမ်းကပ်လှူဒါန်းပြီးလျှင် "နောင်တော်သည် အရှင်ဘုရားညီ အရင်းစစ်စစ် တပည့်ချစ်အား ကျွန်သနား၍ အခြားနေရာ ပြောင်းရွှေ့၍ မနေသာအား ညီထံပါးတွင် နေစေချင်ပါ၏ဘုရား" ဟု လျှောက်၏။

ထိုမကုလာရာမ အရပ်သည်ကား ဝါဏိဇ္ဇဂါမရွာနှင့် မနီးမဝေးဖြစ်၍ သွားလာမှု လွယ်ကူ၏။ ဆိတ်ငြိမ်သည်ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းတရား အားထုတ်မှုတွင် သင့်တင့်သည့်နေရာဖြစ်သောကြောင့် ထိုအရပ်၌ ဝါကပ်တော်မူသည်။ အရှင်မဟာပုဏ္ဏမထေရ် တစ်ဖန် ပြန်လည်စဉ်းစားမိသည်မှာ "ငါ့အား နေ့ရက်၊ အချိန်၊ နာရီတို့သည် ကုန်ဆုံးခဲ့ပြီတကားဟု ဘုရားသခင် မှာကြားသည်ကို တွေးတောမိသည်ဖြစ်သောကြောင့် ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါးတို့ကို လုံခြုံအောင် သိမ်းမှ ပြီးရမည့်တရား ပါတကား" ဟု အကြံတစ်ခု အမှန်ပြုခါ မလျော့သော လုံ့လဖြင့် အားထုတ်သည်ဖြစ်သောကြောင့် ထိုဝါတွင်းမှာပင် ကိလေသာ ကုန်ခမ်း၍ ရဟန္တာဖြစ်လေသည်။

အရှင်မဟာပုဏ္ဏမထေရ်သည် ရဟန္တာဖြစ်ပြီး၍ မကုလာရာမကျောင်းတော်တွင် ဝါကပ်တော်မူ၏။

ထိုဝါတွင်း၌ပင် ညီဖြစ်သူ စူဠပုဏ္ဏသူဌေးကြီးနှင့်တကွ ကုန်သည်တို့သည် သမုဒ္ဒရာခရီးဖြင့် ထိုထိုမြို့ရွာတို့ကို ကုန်ရောင်းသွားအံ့သောငှာ ကုန်ပစ္စည်းတို့ကို သင်္ဘောတွင် တင်ကြကုန်၏။ ထိုအခါ စူဠပုဏ္ဏသူဌေးကြီးသည် သင်္ဘောထွက်ချိန် နီးကပ်သဖြင့် အစ်ကိုဖြစ်သော အရှင်မဟာပုဏ္ဏမထေရ်ကိုပင့်၍ ဆွမ်းဘောဇဉ်တို့ဖြင့် လှူဒါန်းဆက်ကပ်ပြီးလျှင် နောင်တော်အရှင်မဟာပုဏ္ဏမထေရ်အား ဤသို့ လျှောက်ထား၏။

"နောင်တော်သခင် အရှင်ဘုရား - တပည့်တော်နှင့် သင်္ဘောသားတို့သည် သမုဒ္ဒရာခရီးဖြင့် ကုန်ရောင်းသွားကြမည်ဖြစ်ပါသည်။ သမုဒ္ဒရာဟူသည်ကား ဘေးအန္တရာယ်များသည်ဖြစ်ပါ၍ အကြောင်းတစ်စုံတစ်ခု ကြုံကြိုက်ပါက တပည့်တော်နှင့်တကွ အားလုံးသောသူတို့၏ မှီခိုကိုးကွယ်ရာဖြစ်တော်မူပါဘုရား" ဟု လျှောက်ထားလေသည်။ ထို့နောက် စူဠပုဏ္ဏနှင့် သင်္ဘောသားတို့သည် သမုဒ္ဒရာခရီးသို့ (သုပ္ပါဒက) ကျောင်းတော်ရာအနီး ဆိပ်ကမ်းမှ သင်္ဘောလွှင့်ကြကုန်၏။ ဆိပ်ကမ်းများစွာတို့ကို ဝင်ထွက်ဆိုက်ကပ်ရောင်းချ၍လာခဲ့ကြရာ မာလာယုကျွန်းသို့ ဆိုက်ကပ်လေ၏။

မာလာယုကျွန်းဦးတွင် နတ်ဘီလူးတို့ သိမ်းဆည်းစောင့်ရှောက်အပ်သော လက်လေးသစ်လျှင် တန်ဘိုး

အသပြောသိန်းချီထိုက်သော စန္ဒကူးတို့ကိုမြင်လျှင် သင်္ဘော တွင် ပါလာသည့်ကုန်များကို ပစ်ချ၍ ၎င်းအဖိုးတန်သစ် တို့ကို အလိုရှိသမျှ တင်ဆောင်ပြီးလျှင် ထွက်ခွာကြလေသော် ၎င်းကျွန်းကို စောင့်ရှောက်သော နတ်ဘီလူးတို့သည် ကြမ်းကြုတ်ခက်ထန် ဒေါမာန်ထလျှက် အထူးထူးသော လေပြင်းမုန်တိုင်း လှိုင်းတံပိုးတို့ကိုဖြစ်စေလျက် ကြောက် မက်ဖွယ် အဆင်းသဏ္ဌာန်တို့ဖြင့် ဖန်ဆင်းခြိမ်းခြောက်၍ နောက်မှ လိုက်လာကြသည်ကိုမြင်လျှင် သင်္ဘောသား တို့သည် သေဘေးမှ ကြောက်ရွံ့ကြကုန်၏။

စူဠပုဏ္ဏလည်း နောင်တော်အရှင် မဟာပုဏ္ဏ မထေရ်ကိုသာ တ လေလျှင် တစ်ခဏခြင်းပင် သင်္ဘောဦးသို့ ကြွရောက်၍ နတ်ဘီလူးတို့အား "စန္ဒကူးနံ့သာ သစ်ခုတ် ခြင်း (အကြောင်းကြောင့်) တစ်ချိန်တွင် (အကျိုး)အားဖြင့် ဗုဒ္ဓမြတ်စွာ သီတင်းသုံးမည့် စန္ဒကူးနံ့သာကျောင်းတော် ဖြစ်လာ မည့်အကျိုး" မိန့်ကြားတော်မူရာ နတ်ဘီလူးတို့သည် အကြောင်းအကျိုး ကျေနပ်စွာဖြင့် ပြန်လည်ထွက်ခွာသွား ကြပါသည်။

ဘီလူးဘေးမှ လွတ်ငြိမ်းသဖြင့် ဝါဏိဇ္ဇဂါမရွာ သုပ္ပါ ဒကကျောင်းတော်ရာအနီး ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြ၍ ဝမ်းမြောက်ဝမ်းသာဖြင့် သင်္ဘောသားတို့သည် ဤသို့ အကြံ

ဖြစ်၏။ "ငါတို့သည် အရှင်မဟာပုဏ္ဏ၏ အသက်သာလျှင် ရှိ၏။ ကျေးဇူးများပေသည်" ဟု ယုံကြည်မြတ်နိုးသဖြင့် ရတနာသုံးပါးအား ကိုးကွယ်ကြပြီး စန္ဒကူးနံ့သာများကို ခွဲတမ်းဖြင့် လှူဒါန်းကြလေသည်။ အရှင်မဟာပုဏ္ဏမထေရ် သည် စန္ဒကူးနံ့သာများအား ဘုရားရှင် သီတင်းသုံးရန် ကျောင်းဆောက်လှူမည့်အကြောင်း မိန့်ကြားသောအခါ ရွာသူရွာသားများသည် ဗုဒ္ဓဘုရားရှင်အား ဖူးတွေ့ရန် လှူဒါန်းဆောက်လုပ်ကြလေသည်။

ကျောင်းတော်ဆောက်လုပ်ပြီးသောအခါ အရှင် မဟာပုဏ္ဏမထေရ်သည် ကောင်းကင်ခရီးဖြင့် ဗုဒ္ဓဘုရားရှင် ထံပါးသို့ ကြွရောက်ပြီး လျှောက်ထားတော်မူလေသည်။ (သုနာပရန္တတိုင်း)မှ လူအများတို့အား သနားတော်မူပါ သဖြင့် ဆောက်လုပ်ပြီးစီးပြီဖြစ်သော ဗိမာန် (ဂန္ဓာရုံ) စန္ဒကူး ကျောင်းတော်ကြီးကို ကြွရောက်အလှူခံတော်မူပါရန် အကြောင်း လျှောက်ထားသည့်အတွက် ဗုဒ္ဓမြတ်စွာဘုရား သည် ဝေနေယျသတ္တဝါအပေါင်းတို့အား တရားရေအေး တိုက်ကျွေးရအံ့သော(အကြောင်း)နောင်အခါ ၎င်းဒေသ တွင် သာသနာထွန်းကားမည့်(အကျိုး)ကို ရွှေဉာဏ်တော်ဖြင့် မြင်တော်မူ၍ နောက်ပါသံဃာများနှင့်တကွ သာဝတ္ထိပြည် (အိန္ဒိယပြည်) မှ (သုနာပရန္တတိုင်း) (မြန်မာပြည်၊ မကွေး

တိုင်း၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်) ကျောင်းတော်ရာ ဝါဏိဇ္ဇ ဂါမရွာသို့ ကြွတော်မူမည့်အကြောင်း မိန့်ကြားလေသည်။

နံနက်မိုးသောက်သောအခါ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မှ ဆင်းသက်တော်မူ၍ မုခ်လေးခု ရှိသော ပြသာဒ်၌ သီတင်းသုံးတော်မူသည်။ သာဝကနှစ်ပါး တို့သည် မုခ်နှစ်ဘက်ရှိသော ပြသာဒ်တွင်လည်းကောင်း၊ ကျန်သံဃာတော်များသည် မုခ်တစ်ဘက်ရှိသော ပြသာဒ်၌ အသီးသီးနေထိုင်မူပြီးလျှင် နတ်ယာဉ်ပျံငါးရာဖြင့် သုနာပရန္တတိုင်း (မြန်မာပြည်အလယ်ပိုင်းတိုင်း)သို့ ကြွသွား ကုန်၏။ နောက်ဆုံးပြသာဒ်တွင် စီးသူမပါ အလွတ်သာလျှင် လိုက်ပါလာလေသတည်း။

(သုနာပရန္တတိုင်း) (မြန်မာပြည်၊ မကွေးတိုင်း၊ မင်းဘူးခရိုင်) မကုသတောင် (ခေါ်) မန်းတောင်ပေါ်တွင် နေထိုင်သော သစ္စာအားဖြင့် သစ္စဗန္ဓဟူ၍ အမည်တွင်သော ရသေ့ကြီးသည် မန်းတောင်အနီးတွင်ရှိသော လူအပေါင်း အား၊ မမှန်မမှား မိစ္ဆာဝါဒတရားတို့ကို ဟောကြားညွှန်ပြ စဉ်၊ မြတ်စွာဘုရားသခင်သည် ထိုရသေ့တွင် အရဟတ္တဖိုလ် ဥပနိဿယနှင့် ပြည့်စုံသည့်အဖြစ်ကို မြင်တော်မူ၍ မကုသ တောင် (မန်းတောင်)အနီးသို့ရောက်လေလျှင် ယာဉ်ပျံ ငါးရာကို ရပ်တန့်စေတော်မူ၍ ဆင်းသက်တော်မူပြီးလျှင်

မန်းတောင်ထိပ်တွင် ထိုသစ္စဗန္ဓရသေ့ကြီးအား တရားရေအေးအမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူလေလျှင် အဝိဇ္ဇာမှောင်ပိတ်ခါလှောင်သည့် နှောင်အိမ်အတွင်းမှ ရှင်းရှင်းလွတ်မြောက်အလင်းကို ရောက်ဘိသကဲ့သို့ အဘိညာဏ်သမာပတ်နှင့်တကွ လေးအင်သစ္စာ ပဋိသမ္ဘိဒါဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေလျှင် ဗဟိဘိကျွံခေါ်တော်မူ၍ နောက်ဆုံးနေရာအလွက်ပါသော ပြသာဒ်ယာဉ်တွင် တင်ဆောင်စေလျက် အစဉ်အားဖြင့် (သုနာပရန္တတိုင်း) (မကွေးတိုင်း) ကျောင်းတော်ရာ (ဝါဏိဇ္ဇဂါမ)သို့ ကြွမြန်းလေရာ ပြဿာဒ်ယာဉ်ပျံတို့အား တန်ခိုးဖြင့် ကွယ်စေ၍ ဝါဏိဇ္ဇဂါမရွာသို့ ဝင်တော်မူလေသည်။

ဤသို့ မြတ်စွာဘုရားသခင်သည် ရဟန်းသံဃာတော်တို့နှင့်တကွ ဝါဏိဇ္ဇဂါမရွာတွင်းသို့ ကြွမြန်းတော်မူလာသည်ကို မြင်ကုန်သော ရွာသားအပေါင်းတို့သည် အုတ်အော်သောင်းသောင်း ကြွေးကြော်ညောင်းလျက် " ငါတို့၏ တစ်သက်တာတွင် ဖူးမြင်တွေ့ကြုံလှူဒါန်းဆပ်ကပ်ရန် အလို့ငှာ ခဲယဉ်းလှစွာသော မြတ်စွာဘုရားသခင် ကျေးဇူးတော် ဂုဏ်တော်တို့သည် ကြီးမားလှပေစွ၊ အရှင်မဟာပုဏ္ဏမထေရ် အရှင်သူမြတ်၏ ကျေးဇူးသည်လည်း ကြီးမားလှပေစွတကား" ဟု အားရဝမ်းသာစွာဖြင့် ဝါဏိဇ္ဇဂါမတစ်ရွာလုံး

သည် အုံးအုံးကျက်ကျက်တစ်ခဲနက်သော လူသံတို့ဖြင့် ဆူညံမစဲ ရှိလေကုန်၏။

ဥပါသကာတို့သည် မကုလကာရာမအရပ် စန္ဒကူး နံ့သာကျောင်းတော်သို့ ပင့်ဆောင်ကြပြီးသော်၊ သရဏဂုံ နှင့်တကွ အဋ္ဌင်္ဂသီလတော်မြတ်တို့ကို ခံယူဆောက်တည် ခြင်းပြုကြပြီးလျှင် မဟာဂန္ဓာရုံ စန္ဒကူးနံ့သာကျောင်းတော် ကြီးကို လှူဒါန်းကြလေသည်။

ထိုအခါ မြတ်စွာဘုရားသခင်သည် ကျောင်းတော် ကြီးတွင် ဖလသမာပတ်မြတ်သော ချမ်းသာခြင်းဖြင့် စံနေ တော်မူလေ၏။ နောက်ပါသံဃာငါးရာတို့သည် သင့်တင့် လျောက်ပတ်သည့်နေရာဌာန အဆောင်ပေါင်း (၁၀၈) ဆောင်တို့၌ စျာန်သုခ ဖလသုခတို့ဖြင့် မျှတတော်မူကြ လေကုန်၏။

## အရှင်မဟာပုဏ္ဏမထေရ် အဓိဋ္ဌာန် (၄)ချက်

ဗုဒ္ဓမြတ်စွာဘုရားသည် စန္ဒကူးနံ့သာကျောင်းတော် တွင် (၇)ရက် သီတင်းသုံးနေတော်မူပြီး တရားဟောဆုံးမ တော်မူရာ နေ့စဉ်ပရိတ်သတ်ပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀)တို့ ကျွတ်တန်းဝင်ခဲ့ရပါသည်။

မြတ်စွာဘုရား ပြန်ကြွသောအခါ အရှင်မဟာပုဏ္ဏမထေရ်အား စန္ဒကူးနံ့သာကျောင်းတော်၌ ဆက်လက်သီတင်းသုံးရန် ထားတော်မူခဲ့ပါသည်။ မထေရ်မြတ်သည် ကျောင်းတော်တွင် ဆက်လက်သီတင်းသုံးတော်မူရင်း ပရိနိဗ္ဗာန်စံယူခါနီးတွင် အမိန့်ဒြာန်(၄)ချက် ထားတော်မူသည်။


(၁) စန္ဒကူးနံ့သာ ကျောင်းတော်ကြီး အမိန့်ဒြာန်ဖြင့် ကွယ်ပပါစေသတည်း။

(၂) ကျောင်းတော်နေရာတွင် သေလာမယကျောက်စေတီ ပေါ်ပါစေသတည်း။

(၃) ကျောင်းတော်အကျယ်အဝန်း နေရာပြကျောက်တိုင်လေးခု ပေါ်ပေါက်ပြီးနေပါစေသတည်း။

(၄) စန္ဒကူးနံ့သာ ကျောင်းတော်ရာဟု သာသနာတည်သမျှ ကာလပတ်လုံး သတ္တဝါအပေါင်း ယုံကြည်ဆည်းကပ်ကိုးကွယ်ပူဇော်ပါစေသတည်းဟု

အမိန့်ဒြာန်ပြုခဲ့ရာ ကျောင်းတော်ကြီးကွယ်ပ၍ ဘုရားရှင်တရားဟောပလ္လင်နေရာတည့်တည့်မှ သေလာမယကျောက်စေတီ ပေါ်လာပါသည်။ မူလကျောင်းတော်ကြီး ၏ ထောင့်လေးထောင့်အကျယ်အဝန်းသိရှိရန် ထောင့်လေးထောင့်တွင် ကျောက်တိုင်လေးခု ပေါ်လာပါသည်။



စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော် (ဓါတ်ပုံ-ဆယ်ကျော်သက်)



ငါးလှုပ်ငွေလာ - ကျောင်းတော်ရာ



ကျောင်းတော်ရာဘုရားဖူးလာ ငါးထွေကြီးများ

## စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်

**AD 1097** သာသနာသက္ကရာဇ် (၁၆၄၀) ခုနှစ်၊ ကောဇာသက္ကရာဇ် (၄၅၈) ခုနှစ်တွင် ပုဂံပြည်၌ ကျန်စစ်သား ၏ မြေးတော် ဇေယျသူရမည်သော အလောင်းစည်သူမင်း သည် ရခိုင်ပြည်ကို တည်ထောင်ခဲ့ပြီး ရခိုင်မှအပြန် (ယခု ရွှေစက်တော်ကားလမ်းအနီးတွင်) မပင်စယဆည် (ခေါ်) မအောင်ဖြူဆည် (ခေါ်) အိုးပြင်မဲ မန်းဆည်တော်တည် ဆောက်၍ လယ်ယာမြေဖော်ထုတ်ပြီးအပြန် သိကြားမင်း အိပ်မက်အရ ဗုဒ္ဓဘုရားရှင် ဗျာဒိတ်တော်အတိုင်း သေလာ မယကျောက်စေတီငုံ၍ စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်၊ ထောင့်လေးထောင့်စေတီ၊ သိကြားမင်းဂူနှင့် ဖောင်တော်ဦးစေတီတို့ကို တည်ထားတော်မူခဲ့ပါသည်။

## အရှင်ကုသိဒိန္န ထေရ ဝတ္ထု
## ၄-၁၊ နှာ ၃၉၉

ဗုဒ္ဓဂေါတမဘုရားရှင်သည် စန္ဒကူးနံ့သာ ကျောင်းတော်၌ (၇)ရက်ပတ်လုံး တရားဟောတော်မူစဉ် အရှင်ကုသိဒိန္န မထေရ် (လောင်းလျာ)အပါအဝင် ပရိတ်သတ်ပေါင်း ရှစ်သောင်းလေးထောင် ကျွတ်တမ်းဝင်

ခဲ့ကြပါသည်။ အရှင်ဣသိဒိန္န မထေရ် (လောင်းလျာ)သည် သောတာပန်တည်နေသည်ကိုသာ ကျေနပ်နေသဖြင့် ဆွေမျိုးဖြစ်ခဲ့ဘူးသော နတ်သားသည် ကိုယ်ထင်ပြ၍ ဂါထာနှစ်ပုဒ်ဖြင့် ဆုံးမတိုက်တွန်းခဲ့ပါသည်။ သံဝေဂရရှိပြီး ရဟန်းဘောင်သို့ ကူးပြောင်းခဲ့ပါသည်။ စန္ဒကူးနံ့သာ ကျောင်းတော်တွင် သီတင်းသုံးနေသော ဗုဒ္ဓဘုရားရှင်ထံမှ သင့်တော်သော ကမ္မဋ္ဌာန်းကိုတောင်း၍ တရားကျင့်ကြံ အားထုတ်လေလျှင် အချိန်တန်သောအခါ မြန်မာပြည်၏ (တတိယ) ရဟန္တာမထေရ်အဖြစ် ကျမ်းဂန်များတွင် ထင်ရှားစွာ မှတ်တမ်းတင်ထားရှိပါသည်။

ယခုအခါ ကျောင်းတော်ရာ စေတီတော်မြတ်ကြီး၏ ရာဟုဒေါင့်တွင် သစ္စာအဓိဋ္ဌာန်နှင့် သမထဝိပဿနာ ကျင့်ကြံအားထုတ် ကြိုးစားနေသူများနေပါသည်။

## ငါးလှုပ်ငွေလာ ကျောင်းတော်ရာ

ကျောင်းတော်ရာ ဘုရားဖူးငါးများဟု ထင်ရှားပြီး ဝါတွင်းကာလ သာသနာ့ဝင်ပိဋကတ်တော်လာ စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်ဘုရားဖူးပြီး ကျောင်းတော်ရာ

ငါးကျွေးခရီးစဉ်ဖြင့် ဘုရားဖူးလာကြပါသည်။ ဗုဒ္ဓကိုယ်တော်တိုင် ကြွရောက်၍ (၇)ရက်ပါတ်လုံး သီတင်းသုံးတော်မူရာ နေရာဒေသသို့ ဘုရားဖူးငါးများ လှုပ်ရှားလာတိုင်း ဘုရားဖူးခရီးသည်များများလာပြီး စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်သို့ အလှူငွေများများ လှူကြသောကြောင့် ငါးလှုပ်ငွေလာ ကျောင်းတော်ရာဟု နယ်ခံများမှ ပြောဆိုနေကြပါသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်၏ အရှေ့ဘက် (၅)ဖာလုံခန့်ကွာဝေးသောအရပ်တွင် ရှေးဟောင်းဝါဏိဇ္ဇဂါမရွာဟူ၍ ရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဌာနမှ မော်ကွန်းစိုက်ထူထားရှိပါသည်။ မော်ကွန်းတိုင်၏ရှေ့တွင် မုန်းချောင်းတည်ရှိပါသည်။ မုန်းချောင်း၏ တစ်ဘက်တွင် မင်းဇံကျေးရွာနှင့် ဘူးသည်ကျေးရွာ တည်ရှိပါသည်။

မုန်းချောင်းအတွင်းသို့ ဝါတွင်းကာလတွင် ဘုရားဖူးငါးများရောက်ရှိလာပြီး ဝါဏိဇ္ဇဂါမ ရှေးဟောင်းရွာကြီးဆိပ်ကမ်းမှ ငါးစာများဖြစ်သော ဖွဲနုဆုပ်၊ ထန်းသီးမုန့်နှင့် မုန့်ပဲသရေစာများကို အရုဏ်တက်ချိန်တွင် ကျွေးရပါသည်။ ဘုရားဖူးငါးများ၏ အမျိုးအစားမှာ RITA RITA ဖြစ်ပြီး နယ်သူနယ်သားများမှ **ငါးထွေ** ဟု ခေါ်ဝေါ်ကြပါသည်။ ငါးထွေ (Rita Rita ) တစ်မျိုးတည်းသာလာပြီး မည်သည့်

ငါးများမှ ရောထွေးပါလာခြင်းမရှိသည်မှာ ထူးခြားချက်တစ်ခုဖြစ်ပါသည်။ (ငါးထွေ Rita Rita )များသည် ဝါတွင်းကာလမှ လာရောက်ကြခြင်းမှာ ဧရာဝတီမြစ်အတွင်းမှ မုန်းချောင်းအတွင်းသို့ ဝင်ရောက်ရာတွင် လုံခြုံမှု အပြည့်အဝရှိခြင်း မျိုးပွားရန် ပြောင်းရွှေ့ခြင်းနှင့် အရဏ်တက်ချိန်အစာကျွေးသည့် ဓလေ့ကြောင့် နှစ်စဉ် (Magration) ရွှေ့ပြောင်းခြင်း အလေ့အထဖြစ်ပါသည်။

ဘုရားဖူး ငါးထွေများဖြစ်ရခြင်းမှာ စန္ဒကူးနံ့သာကျွန်းမှ ဘီလူးများ ဘဝကူးပြောင်း၍ စန္ဒကူးနံ့သာများကို စွဲလန်းပြီး ငါးများဘဝဖြင့် ဝါတွင်းလာကြသည်ဟု သက်ကြီးစကား ကြားသိရပါသည်။ ယခုအချိန်အခါတွင် အရဏ်တက်ချိန်မှအပ မတွေ့ရခြင်း၊ ဝါခေါင်လပြည့်ကျော်လျင်လည်း ငါးထွေများ နည်းပါးသွားရခြင်းမှာ ရှေးယခင်ငါးထွေကြီးများ သက်တန်းကုန်၍ ဘဝကူးပြောင်းသွားကုန်ပြီဟု ဒေသခံများမှ ပြောဆိုနေကြပါသည်။ ဝါဆိုဝါခေါင်လပြည့်နေ့များတွင် ရှင်ပင်စက်ကိန်းတဲ ရွှေစေတီတော် အရှေ့မုခ်အဆင်း ဧရာဝတီမြစ်ထဲတွင် နံနက်အရဏ်တက်ချိန်၌ ရေထဲတွင်ပေါ်နေ၍ နားနေကြသည်ကိုကမ်းနားတွင် နေသူများက တွေ့မြင်ကြရသည်ဟု ပြောကြားနေကြပါသည်။

စာရေးသူငယ်စဉ်က ဘုရားဖူးငါးများအား ငါးစာကျွေးသောအခါ မုန်းချောင်းအတွင်းဆင်း၍ ငါးထွေများကို ဖက်၍ ပါးစပ်ထဲသို့ လက်ထည့်ကျွေးလို့ရပါသည်။ လက်နုတ်မှ အစာဝါးပါသည်။ ထန်းသီးမုန့် အလွန်ကြိုက်ပါသည်။ ငါးထွေများလည်းကျွေး၊ စာရေးသူလည်းစား၊ ငါးထွေများနှင့် မုန်းချောင်းအတွင်း လုံးထွေးပျော်ပါးနေခဲ့ဘူးပါသည်။ ငါးထွေဆိုပေမည့် တခြားနယ်များမှ ငါးထွေလေးမျိုးနှင့် လုံးဝမတူပါ။

ဘုရားဖူး ငါးထွေများမှာ ပါးစပ်ဝိုင်းလွန်းပြီး ဦးခေါင်းအနည်းငယ်ရှည်၍ အဖြူရောင်ဘက်သန်း၏ အညှိအဟောက်အနံ့အသက်၊ ညှီစော်နံခြင်းလုံးဝမရှိပါ။ ကြွေရည်ကဲ့သို့သော စွတ်စွတ်ဖြူသည့် (ဘိုဖြူမ)ခေါ်သော ငါးထွေကြီးတစ်ကောင်အား ဦးခေါင်းထိပ်တွင် ရွှေချ၍ ခါတ်ပုံရိုက်နေသည်ကို စာရေးသူကိုယ်တိုင် မြင်ဖူးခဲ့ပါသည်။



## နမ္မဒါ နဂါးမင်း တောင်းပန်ရာ အောက်စက်တော်ရာ

ဗုဒ္ဓမြတ်စွာဘုရားသည် စန္ဒကူးနံ့သာကျောင်းတော်မှ အပြန်ခရီးလမ်းတွင် (မန်းချောင်း) နမ္မဒါမြစ်ကမ်းသို့ ရောက်တော်မူသောအခါ နမ္မဒါနဂါးမင်းသည် ကြိုဆိုဖူးမျှော်၍ နဂါးပြည်သို့ ပင့်ဆောင်ပူဇော်ပါသည်။ နဂါးပြည်မှ ဗုဒ္ဓဘုရားရှင်သည် လူ့ပြည် နမ္မဒါမြစ်ကမ်းဘေးသို့ ပြန်လည်ကြွမြန်းရာ နမ္မဒါနဂါးမင်းတောင်းပန်သည်ဖြစ်၍ သာသနာတည်သရွေ့ ကာလပတ်လုံး သတ္တဝါများ အကျိုးများမည်ကို မြင်တော်မူသဖြင့် နမ္မဒါမြစ်ကမ်း (မန်းချောင်း)ဘေး၌ တစ်ရာ့ရှစ်ကွက်လက္ခဏာတော်နှင့် (ရွှေစက်တော်)တို့ကို ထင်စေသော ဘယ်ဘက်ခြေတော်ရာတစ်ဆူ ချထားပေးသနားတော်မူရာ (**အောက်စက်တော်ရာ**) ဖြစ်ပါသည်။



## အရှင်သစ္စဗန္ဓမထေရ်မြတ် တောင်းပန်ရာ အထက်စက်တော်ရာ

နမ္မဒါမြစ် (မန်းချောင်း) တစ်ဖက်ကမ်း (မန်းတောင်) သစ္စဗန္ဓတောင်ပေါ် သို့ကြွတော်မူ၍ အရှင်သစ္စဗန္ဓမထေရ် မြတ်အား သာသနာပြုရန် နေရစ်တော့ဟု မိန့်တော်မူ ပါသည်။ အရှင်သစ္စဗန္ဓမထေရ်မြတ်လည်း ကိုးကွယ်ပူဇော် ရန် ပေးသနားပါဟု တောင်းပန်ရာ တစ်ရှူ့ရှစ်ကွက် လက္ခဏာတော်နှင့် (ရွှေစက်တော်)တို့ကို ထင်စေသော ဘယ်ဘက်ခြေတော်ရာတစ်ဆူကို ချထားပေးသနားတော်မူ ခဲ့သည်ဟု ပိဋကတ်တော် ပုဏ္ဏောဝါဒသုတ္တန်မှာ ဆိုတော်မူခဲ့ ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀)ကျော်က ရွှေစေတီ ငုံ၍ (မူလပထမ)စေတီဟု တည်ထားတော်မူပါသည်။



## အထက်စက်တော်ရာ သို့ မုဒ်ဦး မှ ကိုးခန်းကြီးစမ္မာရုံ

အထက်စက်တော်ရာတောင်ခြေ မန်းရွှေစက်တော်ဘုရားကြီးဂေါပကအဖွဲ့ရုံး၏ ဗဟိုအလှူခံဌာနရှေ့တွင် အထက်စက်တော်ရာသို့တက်ရန် မော်တော်ယာဉ်လိုင်းရှိပါသည်။ ငယ်ရွယ်သူများသည် မော်တော်ယာဉ်လိုင်းအနီးမုဒ်ဦးနှစ်ခုမှ အထက်စက်တော်ရာသို့ လှေကားထစ် (၅၂၈) ထစ်ဖြင့် တက်ရောက်ဖူးမျှော်နိုင်ကြပါသည်။ မုခ်ဦးသို့ လှေကားထစ် (၅၃)ထစ်ဖြင့် တက်ရမည်ဖြစ်ပါသည်။ လှေကားထစ် (၂၃)ထစ်တွင် မိုးတွင်း မန်းချောင်းရေတက်သောခုနှစ်များ မှတ်တမ်းတင်ထားပါသည်။ မုဒ်ဦးထိပ် တန်ဆောင်းအတွင်း ရုပ်ပွားတော်များ အပူဇော်ခံထားရှိပါသည်။ မုဒ်ဦးတန်ဆောင်းမှ လျောင်းတော်မူရုပ်ပွားတော် တန်ဆောင်းသို့ လှေကားထစ် (၁၄၉ )ထစ်ဖြင့် တက်ရန် လှေကားထစ်များနှင့် သံတန်ဆောင်းတော်အချိုးညီလှပစွာ ရသေ့ကြီး ဦးခန္တီသာသနာ ပြုခဲ့ပါသည်။ သံယွန်းဆက် (၄) သွယ်သည် တောင်တော်နှင့် တင့်တယ်သောကြောင့် မြင်ရုံနှင့် ရွှေစက်တော်ဟူ၍ ထင်ရှားသဖြင့် မှတ်မိလွယ်ပါသည်။



နှစ်ကျိပ်ရှစ်ဆူဘုရားစေတီများ



လျောင်းတော်မူဘုရား



ဇင်ပြွန်းရပ်တော်မူ ဘုရားဆင်းတုတော်

## ဒန်းစီးမောင်နှမ

လျှောင်းတော်မူ ရုပ်ပွားတော်တန်ဆောင်း အတွင်းသို့ မဝင်မီ လှေကားထစ် (၁၄၉)ထစ် တက်လာရသောပင်ပန်းမှုကြောင့် အမောဖြေပြီး အရှေ့ဘက် (ဘယ်ဘက်) တောင်ခုလတ် ညောင်ပင်ကြီးအောက်မှ ဒန်းစီးမောင်နှမနတ်ကွန်းသို့ သွားရောက်လေ့လာနိုင်ပါသည်။ ရွှေစက်တော်မန်းချောင်းအနီး ညောင်ပင်ကြီးမှ ဒန်းစီးမောင်နှမမောင်ဖိုးသီ၊ ရွှေနာဂီ ရာဇဝင်မှတ်တမ်း ကြားသိရပါသည်။ ဘုရင့်အပြစ်ဒဏ်သင့်ပြီး သေဆုံးသောအခါ ရွှေစက်တော်ကြည်ညိုလွန်းသဖြင့် ရွှေစက်တော်တွင် နေထိုင်ခွင့်တောင်းခံခဲ့ကြောင်း ပြောကြားကြပါသည်။ မြန်မာသက္ကရာဇ်(၁၃၃၉) ခုနှစ်တွင် ရုပ်ထုနှင့်နတ်ကွန်း တည်ဆောက်ပါသည်။ အထက်သောင်ပြင်မှ ဘုရားဖူးများသည် ဒန်းစီးမောင်နှမနတ်ကွန်းသို့ တက်သောအခါ ရွှေစက်တော် ရေတင်စက်အနီးမှ တက်ရောက်ကြပါသည်။



## လျှောင်းတော်မူ

လျှောင်းတော်မူ ရုပ်ပွားတော်တန်ဆောင်းအတွင်းသို့ ဝင်ရောက်ဖူးမျှော်သောအခါ ကျောက်စာနှင့် ဦးခန္တီ၏ အလှူခံ (မီးခံသေတ္တာ) လှေ့လာနိုင်ပါသည်။ လျှောင်းတော်မူ ရုပ်ပွားတော် နောက်ကျောတွင် (ကျိုးပဲ့နေသော ရှေးဟောင်း ရုပ်ပွားတော်များ)ဌာပနာ၍ တည်ထားသောစေတီ၏ ဘွဲ့တော်မှာ ကပ်ကျော်ဆုတောင်းပြည့်စေတီဟု ဘွဲ့မည်ရပါသည်။ လျှောင်းတော်မူ ရုပ်ပွားတော်တန်ဆောင်း၏ ဘယ်ညာတစ်ဘက်စီ သံယွန်းဆက်တန်ဆောင်း နှစ်သွယ်ရှိပြီး လှေကားထစ် (၁၁၇)ထစ် တက်ရောက် ရမည်ဖြစ်ပါသည်။

## ဇင်ပြွန်းကျွန်းလုံးရုပ်ပွားတော်ကြီး

ဇင်ပြွန်းကျွန်းလုံးရုပ်ပွားတော်ကြီးသည် ရပ်တော်မူဖြစ်ပြီး ပန်းပုဆရာ စကုဦးကျော် တာဝန်ခံ ထုလုပ်ပါသည်။ ဗျာဒိတ်ပေးနေတော်မူပုံ ဖူးတွေ့နိုင်ပါသည်။ ဥာဏ်တော် (၂၅) ပေမြင့်သည် ကျွန်းတုံး တစ်တုံးတည်းဖြင့် ထုလုပ်

ထားသည်မှာ မြန်မာ့ရှေးဟောင်း ပန်းပုလက်ရာ စကုဆရာ ဦးကျော်အား ချီးကျူးဂုဏ်ယူမိသည်။ သံတန်ဆောင်း (၃) ဆောင်ကို ရသေ့ကြီး ဦးခန္တီ သာသနာပြုခဲ့ပါသည်။

## နှစ်ကျိပ်ရှစ်ဆူစေတီ

ကျွန်းလုံးရပ်တော်မူရုပ်ပွားတော် တန်ဆောင်း အရှေ့ဘက်မှ လှေကားထစ် (၃၂)ထစ်ဆင်းလျှင် "နှစ်ကျိပ် ရှစ်ဆူ" စေတီတော်ပေါင်း (၃၈၁) ဆူ ပူဇော်ရပါမည်။ ကျွန်း တိုင် (၄၈)လုံးဖြင့် တည်ဆောက်ထားသော တန်ဆောင်းရှိ ပါသည်။ ဘုရားဖူးများသည် အထက်စက်တော်ရာမှ အပြန် (၃၈၁)ဆူ သွားရောက်ဖူးမျှော်ပြီး တောင်ပေါ်မော်တော် ယာဉ်လမ်းအတိုင်း တောင်အောက်သို့ ဆင်းကြပါသည်။

## ကိုးခန်းကြီးစမ္မာရုံ သို့

(ဇင်ပြွန်း)ကျွန်းလုံးရပ်တော်မူ ရုပ်ပွားတော်မှ သံတိုင် (၁၇၂)နှင့် လှေကားထစ် (၁၂၃)ထစ်တက်ရန် စောင်းတန်း (၃)သွယ် သံပြဿဒ် (၅) ဆောင်တို့ကို ရသေ့ကြီး ဦးခန္တီ သာသနာပြုခဲ့ပါသည်။

ကိုးခန်းကြီး ဓမ္မာရုံကို (၈ × ၆) လက်မ ( I ) ပုံသဏ္ဍာန်ရှိသော သံတိုင်ပေါင်း (၁၀၀)နှင့် တစ်ခန်း (၁၈)ပေရှိသော အခန်း (၉)ခန်း၊ ဘုံနှစ်ဆင့် ပြဿဒ်ဖြင့် ရသေ့ကြီး ဦးခန္တီ သာသနာပြုခဲ့ပါသည်။

ဓမ္မာရုံအတွင်း ရသေ့ကြီး ဦးခန္တီ ရုပ်ထု၊ မဟာမြတ်မုနိရုပ်ပွားတော်၊ ခုနှစ်ဆူတန်းရုပ်ပွားတော်၊ တောင်ဖီလာဆရာတော်ရုပ်ထု ခြေတော်ရာတောင်းပန်ခန်း၊ ချင်းမောင်နှမ၊ ဆင်မကြီးမပု ရုပ်ထုနှင့် ရေခပ်သူ မောင်ဝဏ္ဏ၊ မယ်ရှုပ ရုပ်ထုစသည့် ဘုရားဖူးရန်နှင့် လေ့လာစရာများပါသည်။ မဟာမြတ်မုနိရုပ်ပွားတော်အား တက်ရောက်၍ ရွှေသင်္ကန်းကပ်လှူခွင့် ရှိပါသည်။ ကိုးခန်းကြီးဓမ္မာရုံအပြင်ဘက် မော်တော်ယာဉ်ကားလမ်း ဝင်ပေါက်ဘေးတွင် တောင်ဖီလာဆရာတော် အိပ်မက်ခန်း ကျောက်ထွင်းရုပ်ထုသည် မုဒ်ဦးဘေးအပေါ်တွင် ရှိပါသည်။ (မဟာကဏှဇာတ်) သရုပ်ဖော်မုဆိုးကြီးနှင့် ခွေးနက်ကြီး ရုပ်ထုကို မုဆိုးဒူးထောက်ဟု အထင်မှားကြပါသည်။ ဝိဓူရ အမတ်ကြီး၏ သီလဆုံးဖြတ်ချက် "ဝါ၊ နီ၊ စိမ်း၊ ပြာ" အလံ လေးခုရုပ်ထုနှင့် ပဒေကောသနီ ကောသလမင်း ဘုရားရှင် ထံမှ ရုပ်ပွားတော်ကိုးကွယ်ခွင့် ရုပ်ထုများ ရှိပါသည်။ မော်တော်ယာဉ်လိုင်းကားများ ရုပ်ပွားတော်များအနီး

နေရာရွှေ့ နိုင်ပါသည်။ အထက်စက်တော်ရာသို့ မော်တော်ယာဉ်ငယ်များသာ တက်ရောက်နိုင်ပါသည်။

တောင်ပေါ်တက်သော မော်တော်ယာဉ်လမ်းသည် မင်းဘူး-မကွေးမြို့သို့ သွားနိုင်သော (၈) မိုင်လမ်းခွဲ ဖြစ်ပါသည်။ သာယာဝတီ ဦးမောင်မောင် လမ်းကုသိုလ်ဖြစ်ပြီး (၁၉၉၀)ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည် (အငြိမ်းစား)က လမ်း တိုးချဲ့ပြုပြင် ကုသိုလ်ပြုပါသည်။ ဂေါပကအဖွဲ့ဝင် ဦးရန်နိုင်မှ ကြီးကြပ်တာဝန်ယူခဲ့ပါသည်။

## ဂရုဏာခေါင်းလောင်းကြီး


ကိုးခန်းကြီးဓမ္မာရုံ အပြင်ဘက် သစ္စဗန္ဓမထေရ် ကျောင်းတော်နေရာ စေတီတော်အောက်တွင် ကြေးပိဿာချိန် ငါးထောင်ရှိသော လှူဝင်၍ရသော ခေါင်းလောင်းကြီးရှိပါသည်။ ခေါင်းလောင်းပေါ်တွင် ယခင်က ရှေးသမိုင်းများကို ဖတ်၍ရပါသည်။ ခေါင်းလောင်းကြီးအား အမျှဝေ ထိုး၍ရပြီး အသံသာယာကြည်မြ၊ ပီသသည်မှာ ကြည်နူးဘွယ်ရှိပါသည်။ အထီးကျန်သူတို့အတွက် ဂရုဏာသံကြား ရပါမည်။

## ဆင်ရုပ်နှင့် ချင်းမောင်နှံမ


ခေါင်းလောင်းကြီးကို (ယခုမော်တော်ယာဉ်) လမ်းအတိုင်း တောင်ပေါ်သို့ ဆွဲတင်ရာ၌ ရွှေစက်တော်မှ (၄) မိုင်ဝေးသည့် ငဖဲမြို့နယ် ဇီးတောကြီးရွာ ဦးညိုကြီး၏ (မပု)အမည်ရှိ (ဆင်မ)ကို အသုံးပြုခဲ့သည်။ ဆင်းဦးစီးမှာ ငဖဲမြို့နယ် လူပျိုတော်ကုန်းရွာ ဦးပြည့် (ဇနီး) ဒေါ်မင်းယုံ တို့ဖြစ်ပါသည်။

ဆင်မ သေဆုံးသောအခါ လူ့ဘဝ(ချင်းမ) ဖြစ်လာ၍ ခေါင်းလောင်းအသံကြားတိုင်း တမ်းတမျက်ရည်ကျကြောင်း ရှေးလူကြီးများပြောစကားကြားသိရပါသည်။ (ချင်းမ) (မပဇယ်)သည် ရွှေစက်တော် သံပုရာကိုင်းကျေးရွာ အနီး၊ မန်းချောင်းနံဘေး တောင်စွန်းတွင် ကွယ်လွန်၍ (ပဇယ်မချောင်းအဆင်း)ဟု ယနေ့တိုင် အမည်တွင် နေပါသည်။






နိဗ္ဗာန်အထောက်အပံ့များလှူဒါန်းနိုင်ပါသည်



မူလပထမစေတီတော်အား အမျိုးသမီးများရွှေသက်နှန်းကပ်လှူနိုင်သောနေရာ

မောင်ဝဏ္ဏ၊ **မယ်ရှူပ** .

ခေါင်းလောင်းဆွဲနေသော ဆင်မကြီး (မပု)အား ရေတိုက်ခဲ့သော မောင်ဝဏ္ဏ **မယ်ရှူပ** ချစ်သူမောင်နှံစုံတွဲ ရုပ်ထုအား လှေခါးထိပ်တွင် တွေ့ရှိနိုင်ပါသည်။ ချစ်သူများ လှူဒါန်းလေ့ရှိပါသည်။

## ဇီးကွက် လာဘ်ခေါ်ရုပ်ပွားတော်

(၁၃၄၀)ခုနှစ်၊ ဝါဆိုလတွင် ပန်းရံဆရာ ဦးထွန်းလှမှ ကိုးခန်းကြီးမဏ္ဍပ်ရှေ့ ခုနစ်ဆူတန်း ရုပ်ပွားတော်အနီး အိပ်ပါသည်။ "နားကြီးမျက်စိကြီး" ဟု အိပ်မက်အကြောင်း ဩဝါဒါဆရာတော် ဦးကုမာရအား လျှောက်ထားရာ ဆရာတော်က "မျက်စိကြီးတာ ဇီးကွက်၊ နားကြီးတာ ဆင်"ဟု မိန့်ကြားပါသည်။ ထို့ကြောင့် ဆင်ကြီးရုပ်ထုကြီး ပေါ်လာပြီးသည့်နောက် လာဘ်ခေါ် ရုပ်ပွားတော်အားငုံ၍ ဇီးကွက်ကြီး ရုပ်ထု အလှူရှင်ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ဆင်ကြီး ရုပ်ထုသည် ကိုးခန်းကြီးမဏ္ဍပ်အတွင်း တည်ရှိသော်လည်း ဇီးကွက်ကြီးရုပ်ထုသည် အထက်စက်တော်ရာအတက် စောင်းတန်းဘယ်ဘက် မိဖုရားကြီး ရှင်ဘို့မယ်လှိုင်ဂူအနီး တည်ရှိပါသည်။

## ချင်းဘုရား (ခေါ်) အေးစေတီ

မန်းချောင်း၏ အောက်စက်တော်ရာတည်ရှိရာ တစ်ဖက်ကမ်းတွင် (၁၉၆၂) ခုနှစ်ထိ ချင်းလူမျိုးများ၏ အိမ်ထောင်စု (၃၀) ခန့် ကျေးရွာတည်ရှိပါသည်။ တော် ဦးဗုဒ္ဓိသည် ချင်းလူမျိုးများအား သာသနာပြုပြီး စည်းရုံးရေး လုပ်အားကုသိုလ်မှာ တောင်ပေါ်ကျေးရွာမှ မန်းချောင်းသို့ ရေချိုး၊ ရေခပ်သွားသူတိုင်း တောင်ပေါ်ပြန်တက်ရာတွင်၊ သဲ၊ ကျောက်စရစ်တို့အား မိမိတို့ တစ်နိုင်သယ်ယူကာ အေးစေတီ တည်ဆောက်ကိုးကွယ်ခဲ့ပါသည်။ နှစ်ညအိပ် ဘုရားဖူးသူများ တက်ရောက်ဖူးမျှော်သင့်ပါသည်။ နှောင်းခေတ်တည်သော လေးကျွန်းစကြာစေတီတော်၊ ရုပ်ပွားတော်များနှင့် ရုပ်ထုများလည်းရှိပါသည်။

## သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်စေတီ

သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်စေတီကို ဆင်ပေါင်ဝဲ မြို့ ဦးကျော်ဟန်၊ ဒေါ်တင်ရီ (နာရီ) မိသားစုက လှူဒါန်းခဲ့ ပါသည်။ ဘုရားအနီး ကျောက်စစ်ရေ၊ နတ်ရေကန် ရှိပါသည်။










ချင်းမောင်နှမ ရုပ်တု










ငဝါ - အထည်ဆိုင်အမှတ်တရ

## ဘိုးတော်သိကြားနှင့် ဆင်ခံဘုရား

ဘိုးတော်သိကြားနှင့် ဆင်ခံဘုရားကို မကွေးမြို့၊ ရွှေနန်းတွင်းဆေးတိုက် ဦးမြသောင်း၊ ဒေါ်တင်နု မိသားစု လှူကြပါသည်။ ဆေးသွေးနေသော **ဝိဇ္ဇာ** ရုပ်ထုကို ဒေါ်သိန်း(ရန်ကုန်မြို့)မှ လှူဒါန်းပါသည်။

## သပိတ်လှန် ပဋ္ဌာန်း စေတီ

စေတီတော်ကို အောက်ခံတိုက်ပေါ်တွင် ဖရုံသီး သဏ္ဌာန် တည်ထားတော်မူပြီး ဖရုံသီးသဏ္ဌာန်ပေါ်မှ သပိတ်လှန်စေတီရှိပါသည်။ ဆူးလေစေတီတော် ပဋ္ဌာန်း အဖွဲ့ဝင် ဆရာဦးလှိုင်၊ ဦးစန်းမောင်၊ ဦးကျော်ရင်၊ ဦးသန်းတို့မှ မတည် လှူဒါန်းပါသည်။

## (၁၀၈) တောင် နဂါးမင်း

(၁၀၈) တောင်နဂါးမင်းကို ရေနံချောင်းမြို့၊ ဦးသိန်းဟန်+ ဒေါ်သန်းမိသားစုမှ စတင် မတည်လှူဒါန်း သည်။ ဉာဏ်တော် (၂၅) ပေရှိ ရုပ်တော်မူ (တောင်းပန်ရ) ရုပ်ပွားတော်ကြီးကို (၁၃၃၈) ခုနှစ်တွင် တည်ထားတော် မူပါသည်။

# ရွှေစက်တော် လမ်းညွှန်

## ပွဲတော်ဦးစေတီ

အမရပူရမြို့ ကုန်းဘောင်မင်းလက်ထက် ပဒုမ မင်းလှစစ်သူကြီး (၁၂၀၄) ခုနှစ်၊ တည်တော်မူသည်။

ပွဲတော်ဦးစေတီအနီးတွင် ဘုန်းတော်ကြီးကျောင်း တည်ရှိပြီး တည်းခို၍ရပါသည်။ အောက်စက်တော်ရာနှင့် တတန်းတည်း မန်းချောင်းတစ်ဘက်ကမ်း ဘုန်းတော်ကြီး ကျောင်းများနှင့် ကျန်းမာသန့်ရှင်းရေးဌာန အပေါ်ဘက် ဘုန်းတော်ကြီးကျောင်း၊ ရွှေစက်တော်ပွဲတော်အဝင် ကားလမ်းတူးမြောင်းဘေးရှိ ဘုန်းတော်ကြီးကျောင်းများတွင် တည်းခို၍ ရနိုင်ပါသည်။

သံဃာတော်များသည် နှစ်လုံးပေါက် ရာသီဥတုဒဏ် ခံစားပြီး ရွှေစက်တော်စောင့်ရှောက်ရေး သာသနာပြုနေကြ ပါသည်။ ဗဟိုအလှူခံဌာနအပေါ် စောင်းတန်းဦး ညာဘက် တွင် ဩဝါဒစရိယဆရာတော်များ၏ ပါဒရက္ခိတ ကျောင်းဆောင်တည်ရှိပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဘွယ်ပစ္စည်းများ လှူဒါန်းနိုင်သကဲ့သို့ သင်္ကြန်အကြို နေ့တွင် သံဃာတော် (၁၀၈)ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပပါသည်။ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ် ပူဇော်ပွဲကို တပေါင်းလပြည့်နေ့အထိ (၇) ရက်ပတ်လုံး အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်လေ့ရှိကြပါသည်။

ရွှေစက်တော်နယ်မြေအား သာသနာ (အစိမ်းရောင်)မြေ သတ်မှတ်ထားသော မြေဧရိယာပေါ်တွင် စေတီရုပ်ပွားတော်များ အသစ်တည်ထားတော်မူခြင်းအစား ရွှေစက်တော်နှင့်ဆက်စပ်သော ရှေးဟောင်းစေတီများ၊ သာသနိက အဆောက်အဦးပြုပြင်ခြင်းနှင့် ဗုဒ္ဓဘုရားရှင် ပထမဦးဆုံးကြွတော်မူရာ သစ္စဒီပကစေတီတော်တောင်ခြေ ကျောက်သားနံရံထိန်းခြင်း စသည်များသာ အဓိက လှူဒါန်း ထောက်ပံ့ခြင်းဖြင့် သာသနာပြုသင့်ကြပါသည်။ ဘုရားဖူးများသည် ရွှေစက်တော်သာ အဓိကအာရုံပြု၍ လာကြသည်ကို အာရုံပြားစေရန် ရွှေစက်တော်နှင့် ယှဉ်ပြိုင်၍ စေတီရုပ်ပွားတော်များ နောက်ထပ်အသစ် မတည်ဆောက်သင့်ကြောင်းနှင့် ရှေးဟောင်းပစ္စည်းများသာ ထိန်းသိမ်းသင့်ကြောင်းကို ရွှေစက်တော် ဦးဇင်းလေး၏ ဩဝါဒနှင့် သံဝေဂရမိပါသည်။

မြန်မာသက္ကရာဇ် (၁၂၆၉)ခု၊ တပေါင်းလဆန်း (၁၅)ရက်နေ့ မြို့အုပ်ဦးမြင့် တည်ဆောက်ခဲ့သော သမုန်းကုန်းစောင်းတန်း အနောက်ဘက်ဇရပ်အဟောင်းမှ ရရှိသည်ဆိုသော သစ်သားစာကမ္ပည်းတစ်ချပ်မှစာအား ရွှေစက်တော် ဦးဇင်းမှ မိန့်ဆိုသည်မှာ "နှစ်ကာလအရှည် တည်တံ့ခိုင်ခံ့မြဲမြဲစေရန်၊ ရည်သန်အားထုတ် လုပ်ဆောင်

အပ်သော ဤစေတီဒိသာဇရပ်သည် သင်္ခါရဝတ္တုမျိုးဖြစ်၍ တစ်စုံတစ်ရာ ပျက်စီးယိုယွင်းခဲ့ပါလျှင် ရှေးဘုန်းရှေးကံ ရင့်သန်ပြည့်စုံသူတို့ တွေ့မြင်သောအခါ သဒ္ဓါကြည်ရွှင် ပြင်ဆင်လုပ်ဆောင်တော်မူကြပါစေသတည်း"။

## ခြေတော်ရာ ရှာဖွေခန်း

သီရိသုဓမ္မရာဇဂုရု တောင်ဖီလာဆရာတော် (ရွှေ စက်တော်) ခြေတော်ရာကို ရှာဖွေတော်မူခဲ့ပါသည်။ ရှေးမင်းအဆက်ဆက်တို့ ရွှေစက်တော်အား ကိုးကွယ် လာရာမှ နှစ်ပေါင်း (၁၂၀)ကျော်ခန့် တိမ်မြုပ်ခဲ့ပါသည်။ မြန်မာ့သက္ကရာဇ် (၉၉၅) ခုနှစ်တွင် သာလွန်မင်းတရားကြီး အင်းဝနေပြည်တော်ကြီးတွင် နန်းတက်တော်မူစဉ် (၂၂) ကျမ်းပြုစုတော်မူသော မဲ့ဒေးမကူးဆရာတော် (ခေါ်) တောင်ဖီလာ ဆရာတော် အရှင်မုနိန္ဒဃောသသည် ရှေးဟောင်းပေစာတွင် ခြေတော်ရာသည် (ပြည်တွင်း) တွင် ရှိကြောင်း သာလွန်မင်းကြီးအား အကြောင်းစုံ ပြောပြသော် သာလွန်မင်းကြီးက "ပါဒနှစ်ဖော်ရွှေစက်နှစ်ဆူအား ရှာကြဘို့အရေးသည် အရှင်ဘုရားတို့ တာဝန်ပါဘုရား၊

ကပ္ပိယဒါယကာနှင့် လှည်းသား၊ လှေတော်သား၊ တပ်သား စုံညီစွာ စေခိုင်းဘို့ရာနှင့် ပရိက္ခရာ ရှစ်ပါး၊ ဆွမ်း၊ ကွမ်း၊ ဆေး၊ ပြည့်စုံလုံလောက်စွာဖြင့် လှူဒါန်းပါမည် ဘုရား"ဟု သာလွန်မင်းတရားကြီးက လျှောက်ထားလေလျှင် သီရိသုဓမ္မရာဇာဂုရု တောင်ဖီလာဆရာတော် အမှူးပြု၍ အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရ ဆရာတော်၊ တိလောကလင်္ကာရဆရာတော် အပါအဝင် သံဃာတော် (၁၄)ပါးတို့သည် ပရိက္ခရာ၊ စားနပ်ရိက္ခာ ဆွမ်း၊ ကွမ်း၊ ဆေး၊ အလုံအလောက်ဖြင့် မြန်မာသက္ကရာဇ် (၉၉၆) ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဧရာဝတီမြစ်အတိုင်း စုန်ဆင်းတော်မူရာ နမ္မဒါမြစ် (ခေါ်) မန်းချောင်းနှင့် ဧရာဝတီမြစ်တို့ ပူးပေါင်းတွေ့ဆုံရာဖြစ်သော (မန်းပူး) မင်းဘူးဆိပ်ကမ်းတွင် လှေတော်ကို ဆိုက်ကပ်တည်းခိုပြီး ကုန်းလမ်းခရီးဆက်၍ တဖြည်းဖြည်းနှင့် ရှာဖွေလာရာ တောကြီးအတွင်း အချိန်ကုန်မောပန်းသဖြင့် ကျိန်းစက်နားနေတော်မူကြပါသည်။ ညအခါဝယ် သမ္မာဒေဝနတ်မင်းလာရောက်၍ တောင်ဖီလာဆရာတော်အား ဤသို့ အိပ်မက်ပေးတော်မူခဲ့လေသည်။

လူတစ်ယောက်သည် လှံတံကို ကိုင်စွဲလျက် ခွေးနက်ကြီးတစ်ကောင်နှင့်အတူ တောင်ဖီလာဆရာတော်အနီးသို့ ချဉ်းကပ်ပြီးလျှင် ဆရာတော်အား မေးမြန်းလျှောက်ထားရာ

ဆရာတော်ဘုရားက "ငါတို့သည် မြတ်စွာဘုရား၏ ခဏ္ဍာသိမ် အတွင်း၌ ဥပသမ္ပဒရဟန်းအဖြစ်ကိုရသော ဘုရား သားတော်များဖြစ်သည်။ ငါတို့၏အဘ ဘုရားသခင်သည် ဤနေရာ၌ ချထားတော်မူခဲ့သည့်ခြေတော်ရာ (ရွှေစက်တော်) နှစ်ဆူရှိကြောင်းကို ရှေးမင်းအဆက်ဆက်တို့ လာရောက် ဖူးမျှော်ကြရကုန်၏။ ယခုနှစ်ပေါင်း (၁၂၀)ကျော်မျှ ကွယ်ပတိမ်မြုပ်နေသည်ကို သိရှိရ၍ ရှာဖွေပူဇော် ဖူးမျှော်ရန်အလို့ငှာ လာကြကုန်သည်"ဟု ပြောကြား လေလျှင် ထိုသူက "အားလျှော့တော်မမူပါနှင့် ဘုရား နံနက်မိုးသောက်အလင်းရောက်လျှင် ခွေးနက်ကြီး ပေါ်လာ ပါလိမ့်မည်။ ထိုခွေးနက်ကြီးနောက်မှ ထပ်ချပ်မကွာ လိုက်သွားပါက လောကသုံးပါး ဗုဒ္ဓမြတ်စွာဘုရား၏ ရွှေစက်တော်ပါဒတော်အစုံကို ပူဇော်ဦးခိုက်ရပါတော့မည် အရှင်ဘုရား"ဟု လျှောက်ထားသွားခဲ့သည်။

## မဟာကဏှ ဇာတ်

တောင်ဖီလာဆရာတော်လည်း ကျိန်းစက်ရာမှ နိုး တော်မူ၍ ထိုအိပ်မက်အကြောင်းစုံကို ဆရာတော်တို့အား မိန့်ကြားလာလျှင် ဆရာတော်တို့က ဤသို့ ပြန်ကြားတော် မူပါသည်။

"ဗာရဏသီပြည်ဝယ် ဥသိနကမင်းလက်ထက်က

ကဿပမြတ်စွာဘုရား၏ သာသနာတော်ညှိုးနွမ်းသည်ကို မြင်သဖြင့် သိကြားမင်းကို မုဆိုးယောင်ဆောင်လျက် ဝိသကြုံ နတ်သားကို ခွေးနက်ဖန်တီးစေ၍ သာသနာတော်ကို ထောက်ပံ့လာသည့်အကြောင်း (မဟာကဏှဇာတ်)တွင် လာသည့်အတိုင်း ယခုလည်း ငါတို့မြတ်စွာဘုရား၏ ပါဒတော် ရွှေစက်တော် (၂)ဆူသည် ကွယ်ပတိမ်မြုပ်လျက် သာသနာတော်ကြီး ညှိုးနွမ်းသည်ကို သိကြားမင်းက ကူညီ စောင့်ရှောက်ရန်လာသည်ဟု ယူဆရပေမည်။ ခွေးနက်ကြီး ကို တွေ့ရလျှင် မျှော်မှန်းသည့်စခန်းသို့ ရောက်တော့မည်" ဟု နိမိတ်ကောက်ယူတော်မူကြပါသည်။

(ကိုးခန်းကြီး ယာဉ်ရပ်နားစခန်းရှေ့ ရုပ်ထု)

## ရွှေစက်တော် ရှာတွေ့ခြင်း

မိုးလင်းသည့်ကာလတွင် အရုဏ်ဆွမ်းဘုဉ်းပေးပြီး လျှင် ဆရာတော်လေးပါးတို့နှင့်တကွ အားလုံးသော သံဃာ များပါ ရှာကြသောအခါ ခွေးနက်ကြီးတစ်ကောင်ပေါ်လာ၍ ရှေ့မှသွားနေသည်ကိုမြင်သဖြင့် လိုက်ကြလေရာ နမ္မဒါမြစ် (ခေါ်) မန်းချောင်းမြစ်ဘက်သို့ ကူး၍ပျောက်ကွယ်သွားလေ

သည်။ ထိုတစ်ဖက်သို့ကူး၍ လိုက်ကြလေသော် ကမ်းထိပ်တွင် အစောင့်ဘီလူးထိုင်နေပြီးလျှင် အောက်စက်တော်ရာပြတော်မူရာ အောက်စက်တော်ရာမှ ရောင်ခြည်တော်ခြောက်သွယ်အစုံသည် တစ်ပြိုင်တည်း လွှတ်တော်မူလေသည်။

အစောင့်ဘီလူးမင်းပြောပြသည်မှာ "ဤခြေတော်ရာသည် အနီးဆုံး (ပထမ) ဘယ်ဘက်ခြေတော်ရာဖြစ်ပြီး မန်းချောင်းတစ်ဘက် အထက်တောင်ပေါ်တွင် ဘယ်ဘက်ခြေတော်ရာတစ်ဆူ ရှိသေးသည်တက်လော့"ဟု တိုက်တွန်းလေလျှင် အထက်(ဘယ်ဘက်)ခြေတော်ရာမြတ်မှ ထန်းသီးလုံးပမာဏရှိသော ရောင်ခြည်တော်တို့သည် ကောင်းကင်သို့တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်စိုက်သည့်အလား ထင်ရှားစွာပြလေ၏။

တောင်ဖီလာဆရာတော်သည် အထက်စက်တော်ရာအားဖူးမျှော်ပြီး အဘိဓမ္မာ(၇)ကျမ်း ပဋ္ဌာန်းဒေသနာတော်ဖြင့် ပူဇော်ရာ တောင်စောင့်နတ်မင်းမှ ကောင်းချီးပေးလေ၏။ ထို့နောက် ရွှေစက်တော်အား သက်န်းလွှမ်းခြုံ အမိဋ္ဌာန်ပြုရာ သက်န်းတော်သည် ကြီးကြာငှက်သဏ္ဌာန်ပြလေရာ ကြီးစားမှုရမည်ဟု အတိတ်ကောက်ယူတော်မူပါသည်။

တောင်ဖီလာဆရာတော်သည် သာလွန်မင်းတရား

ကြီးထံအောက်ပါစာကိုရေး၍ ပေးပို့ရန်စေလွှတ် လိုက်လေသည်။ "ဒကာတော်ရေမြေ့ရှင်မင်းဘူးဆိပ်ကမ်းမှ တိုင်တစ်ရာမျှ အကွာဌာနဝယ် ဘယ်ဘက်ရွှေစက်တော် ပါဒတော်နှစ်ဆူ နှင့် တကွရှေးမင်း အဆက်ဆက်တို့ လှူဒါန်းခဲ့ကြသော ကမ္ပည်း ကျောက်စာတို့ကိုတွေ့ရှိပြီး၊ ရောင်ခြည် တော်ကွန့်မြူးကြောင်း" ရေးသားပေးပို့ခဲ့ပါသည်။

တောင်ဖီလာဆရာတော်သည် ရွှေစက်တော်အား ချည်မျှင်ဖြင့်အတိုင်းအတွာ ပြုလုပ်ပင့်ဆောင်တော်မူပါသည်။ ဆရာတော်သည် ရွှေစက်တော် ဘုရားဖူးမှ အပြန်ရေစကြို မြို့နယ် ပခန်းကြီးမြို့တွင် သီတင်းသုံး နေထိုင်တော်မူသော ရွှေဥမင်ဆရာတော်ထံလည်း ဝင်ရောက်ဖူးမျှော်ပါသည်။ ဖူးမျှော်ပြီးအပြန်လမ်းခရီး ၌ အင်းဝနေပြည်တော်သို့ ပြန်လည်ကြွရောက်ခြင်းမပြုတော့ဘဲ စစ်ကိုင်းတောင်တွင် တောရိပ်ခို၍ တရားကျင့်ကြံအားထုတ်တော်မူခဲ့သည်။ယခု အခါစစ်ကိုင်းတောင်ရိုးပေါ်တွင် တောင် ဖီလာချောင်ဟူ၍ ခေါ်တွင်သောတရား ဓမ္မရိပ်သာတည်ရှိနေပါသည်။

ရွှေစက်တော်ဘုရားဖူးပြီးသောအခါ (၃၃)မိုင် အကွာ အဝေးရှိ မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်- ပုပ္ပါး -ပုဂံ-ညောင်ဦး-ပခုက္ကူမြို့တို့မှတဆင့် ပခန်းကြီးမြို့ သို့ခရီးမှ ဆက်နိုင်ပါသည်။

# ရွှေစက်တော်မှ ပုခန်းကြီးမြို့ဟောင်း (သို့) ပုခန်းကြီးမြို့ဟောင်းမှ ပခုက္ကူ ၊ ပုဂံ ၊ ပုပ္ပါး ၊ ရှမ်းပြည်နယ်၊ အင်းလေးဖောင်တော်ဦး

ဗုဒ္ဓမြတ်ဘုရား၏ ဘယ်ဘက်ခြေတော်ရာနှစ်ဆူကို ရှာဖွေတွေ့ရှိတော်မူသော "တိပိဋကာ လင်္ကာရ ရာဇာဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒဃောသအမည်ရှိသော တောင်ဖီလာဆရာတော်ကြီးသည် ရွှေစက်တော်မှအပြန် ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် ပုခန်းကြီးမြို့သို့ ကြွရောက်တော်မူပြီး ဝိနည်းငါးကျမ်းပါဠိတော်နိဿျ၊ ဝိနည်းငါးကျမ်း အဋ္ဌကထာနိဿျတို့ကိုလည်း ရေးသားစီရင်တော်မူပြီး အဖော်မမိုးတစ်ပါးတည်း သီတင်းသုံး၍ ကေစာရီကျင့်တော် ခဲ့သည့် အရှင်ဇမ္ဗုဒီပဓဇဘွဲ့တံဆိပ်တော်ရသည့် ရွှေဥမင် ဆရာတော်ကြီးနှင့် တွေ့ဆုံခန်းကို AD - 1967 မဘိုင်မိုက အထက်တန်းမြန်မာစာ စကားပြေတွင် သင်ကြားခဲ့ရသည်ကို ယခုအချိန်ထိ သတိရနေသော်လည်း အတိအကျရေးသား

ဖော်ပြရန် ဝန်လေးသဖြင့် AD - 1967 ဗုဒ္ဓသာသနာအဖွဲ့က ထုတ်ဝေသော သာသနာသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ ဘီအေ (ဂုဏ်ထူး) (သီဟိုဠ်) အရှင်ကေလာသ ဆရာတော် ကြီးရေးသားစီရင်သည့် (ပခုက္ကူသာသနာဝင်) စာအုပ် စာမျက်နှာ (၁၆၂) (၁၆၃) တို့ကို ဘုရားဖူးများအကျိုးငှာ ကူးယူဖော်ပြအပ်ပါသည်။

သာလွန်မင်းတရားကြီး၏ မင်းဆရာဖြစ်တော်မူသည့် "တိပိဋကာလင်္ကာရ ရာဇာဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်မုနိဃောသ အမည်ရှိသော တောင်ဖီလာ ဆရာတော် ကြီးသည် သက္ကရာဇ် (၁၀၀၀) ပြည့်နှစ်တွင် ရွှေစက်တော်မှ ဘုရားဖူးအပြန် ရွှေဥမင်ဆရာတော်ကို ဖူးမြော်ရန် လှူဒါန်း ဖွယ်ရာ သက်နှံးစသော ပရိက္ခရာတို့ကို ဆောင်ယူကာ နောက်ပါ တပည့်တပန်း ရဟန်းသံဃာတော်တို့နှင့်အတူ ပုခန်းကြီးမြို့သို့ ကြွလာတော်မူသည်။ တောင်ဖီလာဆရာတော် သည် ရှေးဦးစွာ ပုခန်းကြီးမြို့ စည်သူရှင်ဘုရားသို့ ဖူးမြော် ရန် ဝင်ကြွတော်မူရာ ထိုအချိန်တွင် ရွှေဥမင်ဆရာတော်မှန်း

မသိပဲ ကိုရင်ကြီး ထင်မှတ်သဖြင့် တောင်ဖီလာဆရာတော်က စတင် မေးမြန်းသည်မှာ "ကိုရင်ကြီး ရွှေဥမင်ကျောင်းတိုက်ဆိုတာ ဘယ်နေရာမှာပါလဲ" ဟု မေးရာ "အရှင်ဘုရား ရွှေဥမင်ကျောင်းတိုက် ပုခန်းကြီးမြို့မြောက်ဖက် မနီးမဝေး တွင်ရှိပါသည်"ဟု ဖြေဆိုလျှင် "သာထက်ငင်းကျောင်း၌ ဆရာတော် ဦးဇမ္ဗုဒီပဓဇဆိုသည့်ဆရာတော် ရှိပါသလား ကိုရင်ကြီး"ဟု တောင်ဖီလာဆရာတော်က မေးပြန်ရာ "အရှင်ဘုရား ရှိပါသည်" ဟုအဖြေပေး၍ ဘုရားဝတ်ပြုပြီး ကျောင်းသို့ ပြန်ကြွသွားလေသည်။

တောင်ဖီလာဆရာတော်သည်လည်း တပည့်တပန်းတို့နှင့် ဘုရားဝတ်ပြုပြီး ရွှေဥမင်တောရကျောင်းသို့ ကြွလေသည်။ အရှင်ဇမ္ဗုဒီပဓဇဆရာတော်သည် ရှေးဦးစွာရောက်နှင့်၍ နေရာများခင်းထားကာ စောင့်မျှော်နေလေ၏။ တောင်ဖီလာဆရာတော်ရောက်လာသောအခါ "ကိုရင်ကြီး ရောက်နေနှင့်ပါပြီကော စည်သူရှင်ဘုရားပေါ် တွေ့ခဲ့တာ ကိုရင်ကြီး မဟုတ်လား" ဟု မေးသဖြင့် "ဟုတ်မှန်ပါသည်"

ဟု ရွှေဥမင်ဆရာတော်က အဖြေပေးလျှင် ''ကိုရင်ကြီး ရွှေဥမင်ဆရာတော် ဦးဇမ္ဗူဒီပဓဇထံသို့ ပို့ပေးစမ်းပါ''ဟု ပြောသဖြင့် ''ရွှေဥမင်ဆရာတော် ဦးဇမ္ဗူဒီပဓဇဆိုတာ တပည့်တော်ပင် ဖြစ်ပါသည်'' ဟု အဖြေပေးလိုက်ရာ တောင်ဖီလာဆရာတော်မှာ လွန်စွာအံ့ဩခြင်းဖြစ်ကာ ''တပည့်တော် အထင်မှားမိသမျှ သည်းခံပါရန်'' ဟု လျှောက်ထား တောင်းပန်လေသည်။

## ကြောက်လို့ တယောက်တည်းနေ

သာသနာတွင် လမင်းအသွင် ထင်ရှားတော်မူသော တောင်ဖီလာဆရာတော်နှင့် သာသနာတွင် နေမင်းအလား ကျော်ကြားထင်ရှားသည့် ရွှေဥမင်ဆရာတော်တို့၏ အပြန်အလှန် စကားဆွေးနွေးကြသည်မှာ သာသနာဝင်တွင် မှတ်တမ်းတင်ထိုက်ပါပေသည်။ တောင်ဖီလာဆရာတော်က ''အရှင်ဘုရား တောကြီးထဲ တစ်ပါးတည်း နေရတာ မကြောက်ဘူးလား ဘုရား'' ဟု မေးရာ ရွှေဥမင်ဆရာတော်က ''ကြောက်လို့ တစ်ယောက်တည်း နေပါသည်'' ဟု

အဖြေပေးသည်တွင် တောင်ဖီလာဆရာတော်အား "ငါ့မှာ သံသရာဘေး မကြောက်၍ ပရိသတ်နှင့်နေရာ ရောက်နေပါ ပြီကော" ဟု တွေးတောစဉ်းစားသတိ သံဝေရစေတော့သည်။

ဤသို့စသည်ဖြင့် အချင်းချင်း အာလာပ, သလ္လာပ စကားများပြောဆိုပြီးသောအခါ တောင်ဖီလာဆရာတော်သည် ရွှေဥမင်ဆရာတော်ရေး ဝိနည်းနိသျကို တောင်းယူ၍ အသင့် ပါလာသည့် မိမိရေးသော ဝိနည်းနိသျနှင့် တိုက်ဆိုင်ကြည့်ရှု သောအခါ မိမိနိသျ ကျယ်လွန်းနေသဖြင့် နောင်လာ နောက်သားတို့သိရန် ခက်ခဲမည်ကိုစိုးရိမ်တော်မူကာ မီးရှို့၍ စေတီတဆူ၌ မီးပူဇော်ခဲ့လေသည်။

တောင်ဖီလာဆရာတော် ပြန်ကြွခါနီးသောအခါ မိမိ ယူလာသော သက်န်းကြီးကို "ဘုရင်မင်းမြတ်က လှူဒါန်း ထားသော သက်န်းကြီးကို အရှင်ဘုရားအား လှူပါ၏" ဟု ဆို၍ လှူသွားလေ၏။ ရွှေဥမင်ဆရာတော်သည် တောင်ဖီလာဆရာတော်၏ သက်န်းကြီးကို အလှူခံပြီး

ဆို၍ ချထားလေ၏။ ၎င်းနောက် တောင်ဖီလာဆရာတော်က သက်န်းဒွိစုံကို လှူပြန်၏။ ရှေးနည်းအတိုင်း အလှူခံပြန်၍ "ရွှေစည်းခံဘုရားအား လှူပါ ၏" ဟုဆို၍ ချထားပြန်၏။ ၎င်းနောက် သပိတ်စသော ပရိက္ခရာတို့ကို လှူပြန်၏။ ရှေးနည်းတူပင် "ရွှေစည်းခံဘုရားလှူပါ၏" ဟုဆို၍ ချထားပြန်၏။ ဤကဲ့သို့သော အခြင်းအရာကို မြင်သိသော တောင်ဖီလာ ဆရာတော်သည် "ငါ့မှာ ပစ္စည်း(၄)ပါး၌ မရောင့်ရဲပဲ ပရိသတ် နှင့် နေရခြင်းသည် အကျိုး မရှိပြီ၊ ပရိသတ်ကို ခွဲခွါ၍နေမှ သင့်တော်ချေမည်၊ အရှင်ဇမ္ဗုဒီပဓဇ ကင့်ါကို ဆုံးမပါပြီကော"ဟုသဘောပိုက်ကာ ပရိသတ်နှင့် တကွ ပြန်ကြွတော်မူလေသည်။

ဆရာတော်နှစ်ပါးသည် သိက္ခာဝါတူကြသဖြင့် ပြန်ကြွသောအခါ ရွှေဥမင်ဆရာတော်က အနည်းငယ်လိုက် ပို့သည်တွင် တောင်ဖီလာဆရာတော်က "တပည့်တော်က မင်းဆရာဖြစ်၍ အရှင်ဘုရားရှေ့ကကြွပါ" ဟု လျှောက်၏။ ထိုအခါ အရှင်ဇမ္ဗုဒီပဓဇ ဆရာတော်က "အရှင်ဘုရားက မင်းဆရာဖြစ်၍ ရှေ့ကကြွပါ" ဟု လျှောက်၏။ ဆရာတော်

နှစ်ပါးတို့၏ အာဘော်မှာ တောင်ဖီလာဆရာတော်က ရှေ့က ကြွလျှင် "မင်းစိုးရာဇာ၏ ဆရာဖြစ်၍ ရှေ့ကကြွသည်"ဟု ဆိုဖွယ်ရာဖြစ်လိမ့်မည်။ ထို့ကြောင့် ရွှေဥမင်ဆရာတော်ကို ရှေ့ကကြွဘို့ လျှောက်သည်။ ရွှေဥမင်ဆရာတော်က ရှေ့က ကြွလျှင် "ဘုရင့်ဆရာကိုပင် မလေးမစား ရှေ့ကကြွသည်" ဟု ဆိုစရာဖြစ်လိမ့်မည်။ ထို့ကြောင့် မင်းဆရာသာ ရှေ့က ကြွပါဟု လျှောက်သည်။

တောင်ဖီလာ ဆရာတော်သည် ပြန်သောအခါ ပရိသတ်ကို မြို့တော်သို့စေလွှတ်၍ မိမိမူ စစ်ကိုင်းတောင်ရိုး တောင်ဖီလာတောရကျောင်း၌ အဖော်မမှီးတစ်ပါးတည်း ကေစာရီအကျင့်ဖြင့် မွေ့လျော်လေတော့သည်။

ယခုအခါ စစ်ကိုင်းတောင်ရိုး တောင်ဖီလာချောင်ဟူ၍ ဝိသေသထူးဖြင့်တည်ရှိနေပါသည်။ ပိဋကတ်တော်သမိုင်းကျမ်း၌ ဝိနည်းနိသျကျမ်းအား တောင်ဖီလာဆရာတော်သည် ရွှေဥမင်ကျောင်းတိုက်တွင် မီးပူဇော်ခြင်းမပြုဘဲ တောင်ဖီလာ ချောင်၌ စေတီတည်၍ ဌာပနာထားခဲ့သည်ဟု ဆိုသည်။

တောင်ဖီလာဆရာတော်သည် ရွှေစက်တော်ဘုရားဖူး

မှအပြန် ပုခန်းကြီးမြို့ဟောင်းသို့ကြွတော်မူရာတွင် .ရှေးဦးစွာ စည်သူရှင်သရက္ခန်နောင်တော်ကြီး ရုပ်ပွါးတော် သီတင်းသုံး ရာစေတီတော်သို့ ဝင်ရောက်ဖူးမျှော်ကြောင်း ဖတ်ရှုရပါသည်။ စည်သူရှင်သရက္ခန်နောင်တော်ကြီးရုပ်ပွါးတော်အကြောင်း ဘုရားဖူးများ ဗဟုသုတအကျိုးငှာဖော်ပြရန် ပုခန်းကြီးမြို့မ ဓမ္မာကထိကဆေးဆရာကြီး ဦးဘသွယ့်ရေးသားသော သခေ်ပ စာစောင်မှတဆင့် ပုံနှိပ်ထုတ်ဝေခြင်း ခွင့်မပြုဆိုသောကြောင့် သာသနဓဇ သီရိပဝရဓမ္မာစရိယ ဂဏဝါစက၊ ဘီအေ (ဂုဏ်ထူး) (သီဟိုဠ်)အရှင်ကေလာသရေးသားသော သရက္ခန် ရုပ်ပွါးတော်များ သမိုင်း၊ မုံရွေးမြို့ လောကမာန်အောင်ကျောင်း တိုက်အရှင် ဓမ္မဝိလာသ၏ စက်တော်ရာ၊ ပုခန်းကြီးစည်သူရှင်၊ သီဟိုရှင် ရုပ်ပွါးတော် စသည့် တစ်ဆယ့်သုံးဆူသော (ဘုရားဆက်သမိုင်းလက်ာ) သက္ကရာဇ် (၁၀၄၈) ခု၊ ဝါခေါင် လဆန်း(၂)ရက်၊ ဗုဒ္ဓဟူးနေ့ ရှေးဟောင်းပေစာမူအကိုးအကား ပြုရေးသားသော ပဋ္ဌမကျော်ဓမ္မာစရိယ၊ ဂဏဝါစက၊ လယ်တီအရှင်ကောဝိဒ၏ သီဟိုဠ်ရှင်ရုပ်ပွါးတော်သမိုင်းနှင့် သူရဦးမြင့်မောင်၏ မြန်မာတို့၏ရွှေနိုင်ငံစာအုပ်များမှ ကူးယူ

ဖော်ပြအပ်ပါသည်။ ပုခန်းကြီးမြို့ဟောင်းသို့လည်း စာရေးသူကိုယ်တိုင် သွားရောက်ပြီး ပုခန်းကြီးမြို့ အထက်တန်းကျောင်းအနီး ပြတိုက်မှ ရေစကြိုမြို့ ရှင်မတောင်သရက္ခန်ရုပ်ပွါးတော်သို့ သွားရာခရီးလမ်း(၂)မိုင် ခန့်တွင် ရွှေဥမင်ကျောင်းတိုက်ကြီးသို့ သွားရောက်လေ့လာခဲ့ ပါသည်။ အရှင်အရိယဓမ္မ -ဓမ္မရာသီ အရှင်ဇောတိပုည၊ အရှင်ဓမ္မနန္ဒ၊ အရှင်ဇမ္ဗူဒီပဇေရာဇဂုရု (စတုတ္ထမြောက် ဆရာတော်) စသည်ဖြင့် ဆရာတော်(၂၁)ဆက်ကို ရွှေဥမင်အာစရိယပရမ္မရစာတမ်း၌ ဖော်ပြပါသည်။

ရွှေဥမင်ဆရာတော်ကြီး အရှင်အရိယဓမ္မဓမ္မရာသီ ဆရာတော်ကြီးထံ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး အဓိဋ္ဌာန်ဖြင့် စေလွှတ်လိုက်သော (နာဂရန်ကုန်) ဆင်တော်သည် မြတ်ပေါင်းမဥ္စူရုပ်ပွါးတော်ကို ပင့်ဆောင်ဦးတိုက်တော်မူခဲ့ကြောင်း ဖတ်ရှုရပါသည်။ ယခုအခါ မြတ်ပေါင်းမဥ္စူရုပ်ပွါးတော်အား စည်သူရှင်သရက္ခန် ရုပ်ပွါးတော်အနီးတွင် ပူဇော်ခံထားရှိပါသည်။ ဘုရင်သီပေါမင်း သည် စည်သူရှင်

သရက္ခန်ရုပ်ပွါးတော်၊ ရှင်မတောင်သရက္ခန် ရုပ်ပွါးတော် မြတ်ပေါင်း မဥ္ဇူရုပ်ပွါးတော်နှင့် ဘိုးတော် ဦးဝိုင်း၏ ဒက္ခိဏာသာခါရုပ်ပွါးတော်ပေါင်းလေးဆူကို မန္တလေးမြို့ နန်းတော်သို့ပင့်ဆောင်ကိုးကွယ်ထားစဉ် ဘုရင်သီပေါမင်း ပါတော်မူစဉ် သာသနာပိုင် ပုခန်းဆရာတော်ဦးနန္ဒကိုယ်တိုင် ပင့်ဆောင် တော်မူထားကြောင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြား သောအခါ ပုခန်းကြီးမြို့ ရွှေဥမင်ဆရာတော် ဦးဝိစာရထံ အကြောင်းကြား ပင့်ဆောင်တော်မူစေကြောင်းနှင့် ဘုရင် သီပေါမင်းပါတော်မူပြီး (၁၀)နှစ်ခန့်ကြာသောအခါ စည်သူရှင် သရက္ခန်ရုပ်ပွါးတော်အားငုံထားသည့် ရွှေပိဿာချိန် လေးဆယ်ခန့်ရှိ ဇမ္ဗူသပြေသားရုပ်ပွါးတော်ကြီးပျောက်ဆုံး သွားသဖြင့် တစ်နှစ်အတွင်း ရွှေပိဿာ ချိန်ငါးပိဿာကို ကိုးဆယ့်နှစ်ကျပ်သား ရွှေဆင်းတုတော် ထုလုပ်ကိုးကွယ် ထားကြောင်း ဂေါပကအဖွဲ့ဝင်များထံမှ ကြားသိရပါသည်။ စည်သူရှင်သရက္ခန်နှင့်မြတ်ပေါင်းမဥ္ဇူရုပ်ပွါးတော် သီတင်းသုံး တော်မူရာ ဣဒ္ဓိဝိမတောင်ကုန်းပေါ်တွင် ရွှေဥမင်ကျောင်း

တိုက်မှ လာရောက်ဘုရားဖူးနိုင်သော လှိုင်ဂူတည်ရှိနေသည့် အထောက်အထားလည်း တွေ့ရှိရပါသည်။ စည်သူရှင် သရက္ခန်ရုပ်ပွါးတော်၊ မြတ်ပေါင်းမဉ္ဇူရုပ်ပွါးတော်၊ ဘိုးတော် ဦးဝိုင်းဒက္ခိဏာသာခါ ရုပ်ပွါးတော်များ ဗုဒ္ဓပူဇနိယပွဲတော်ကို မဟာသင်္ကြန်ကာလအတွင်း ကျင်းပကြပါသည်။ ရုပ်ပွါးတော် များ သီတင်းသုံးတော်မူရာ အရှေ့မုဒ်မြစ်ဆိပ်ကမ်းသို့သွားရာ လမ်းကြောင်းသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ပုခန်းငယ်တွင် ပုခန်းကိုကြီးကျော်(ခ)မင်းကျော်စွာနတ် စံမြန်းသည့် နတ်နန်းတည်ရှိပါသည်။

မြဝတီမင်းကြီးဦးစရေးသော နတ်ရာဇဝင်တွင် ဂူဖြူ ကူနီစေတီနှင့်မြို့သုံးဌာနတည်ပြီးလျှင် ရေကျုံးထားလို၍ နောင်တော်စည်သူမင်းသည် ညီတော်ကျော်စွာကို ရောဝတီ မြစ်နှင့်ချင်းတွင်းမြစ်တို့ဆုံရာ နန္ဒင်းကောက်အောက်မှ တူးမြောင်းဖောက်၍ ရေစကြို၊ ယူစေရမည်ဟု အမိန့် ပေးသော် ညီတော် မင်းကျော်စွာသည် သောက်စားမူးယစ် အပျော်လွန်နေသဖြင့် တူးမြောင်းမပြီးသော် အသတ်ခံရပြီး မင်းကျော်စွာနတ်(ခ) ပုခန်းဦးမင်းကျော်နတ်ဟု တွင်ပါသည်။

ရှေးကျသော နတ်သံ ပစ်သီချင်းမှာပါသည့်အတိုင်း ဆိုင်ရာ အရိုးနှစ်စဉ်ကိုးပါတဲ့ မျိုးကြီးဆွေတို့ ကိုကြီးကျော် ပျော်တဲ့ ပွဲနွဲ့ကြပါလေ ဆိုသည့်အတိုင်း တပေါင်းလဆန်းမှ လပြည့်နေ့ အထိ စည်ကားလှပါသည်။ ဘုရားဖူးခရီးစဉ်များသည် အလောင်းတော်ကဿပ မုံရွာမြို့ဘုရားဖူးခရီးစဉ်မှ အပြန် ရေစကြိုမြို့ ပုခန်းကြီး မြို့ဟောင်း၊ ပခုက္ကူမြို့ ရောဝတီမြစ် ကူးတံတားဖြင့် ပုဂံမြို့ဟောင်း၊ ပုပ္ပါးတောင်မှ ရွှေစက်တော် ဘုရားဖူးခရီးစဉ်၊ ပုပ္ပါး၊ ပုဂံ ညောင်ဦးမြို့မှ ရောဝတီ မြစ်ကူးတံတား(၁၅)မိုင်ခရီးဖြင့် ပခုက္ကူမြို့ သီဟိုရှင် ရုပ်ပွါးတော် ကမ္ဘာ့အံ့ချီးဘွယ် ရွှေကူတံကဲ ဖောင်တော်ဦး ရုပ်ပွါးတော်၊ ရွှေမုဋ္ဌောစေတီတော်၊ ရွှေတန့် တစ်သရက္ခန် ရုပ်ပွါးတော်၊ ဆင်ကြို့သရက္ခန်ရုပ်ပွါးတော်၊ ပခုက္ကူမြို့မှ (၁၉)မိုင်ကွာဝေးသော ပုခန်းကြီးမြို့ဟောင်း စည်သူရှင် သရက္ခန်ရုပ်ပွါးတော်နှင့် ပခန်းကိုကြီးကျော်ပွဲအား ခရီးစဉ်များ ဆက်နိုင်ပါသည်။

အရိမဒ္ဒနပူရအမည်ရသော ပေါက္ကံပြည့်ရှင် ထီးလှိုင်

ရှင်ကျန်စစ်မင်းတရားကြီး၏ မိဖုရားကြီး အပါယ်ရတနာမှ သမီးတော် (ရွှေအိမ်သည်) မွေးဖွားသည်။ သမီးတော် (ရွှေအိမ်သည်)မှာ စောလူးမင်း၏မြေးတော် စောယွမ်းမင်းငယ်နှင့်ထိမ်းမြားပြီး သီရိဇေယျာသူရ မဟာဓိပတိ နရပတိစည်သူ (အလောင်းစည်သူ)မင်းကို မွေးဖွားပါသည်။ အလောင်းစည်သူမင်းတရားကြီးသည် ပင်လယ်ပြင်သို့တိုင်းခန်းလှည့်လှည်ရာ သိကြားမင်းမှ အလွန်မွှေးကြိုင်သော သရက္ခန်သစ်သား အနှစ်ကုံးကို လက်လေးသစ်ခန့် ရုပ်ပွါးတော်ငါးဆူနှင့် ရုပ်ပွါးတော်ထုစဉ်က စူးစာ၊ ဆောက်စာ အစအနများကို ပေါင်းစုကြိတ်ကာ သရိုးနယ်ပြီး ရုပ်ပွါးတော်တစ်ဆူ ဆက်ကပ်တော်မူပါသည်။ ဇမ္ဗူသပြေသားဖြင့်လည်း ရုပ်ထုတော်ထုလုပ်ပြီး လက်လေးသစ်ခန့် ရုပ်ပွါးတော်များကို ဌာပနာထားရှိပါသည်။ ဆင်သရေသားသဏ္ဍာန် သစ်သားများအား ဆင်ရုပ်ထု အဖြစ် နောင်တော်ကြီး စည်သူရှင်သရက္ခန် ရုပ်ပွါးတော် တွင် ဆင်တစ်ဆယ့်ငါးစီး၊ (ဒုတိယ) ရွှေတန့်တစ်သရက္ခန် ရုပ်ပွါးတော်တွင် ဆင်တစ်ဆယ့်လေးစီး၊ (တတိယ) ရေစကြို

ရှင်မတောင်သရက္ခန် ရုပ်ပွါးတော်တွင် ဆင်တစ်ဆယ့်သုံးစီး၊ (စတုတ္ထ) ဆင်ကြို့သရက္ခန်ရုပ်ပွါးတော်တွင် ဆင်တစ်ဆယ့်နှစ်စီး၊ (ပဥ္စမ) အညာသီဟတောသရက္ခန် ရုပ်ပွါးတော်တွင် ဆင်တစ်ဆယ့်တစ်စီး မြတ်ပေါင်းမဥ္စူ ရုပ်ပွါးတော်တွင် ဆင်တစ်ဆယ်စီး ရုပ်ထုများဖြင့် ပလ္လင်တော်ခံပေးထားတော်မူပါသည်။

သိကြားမင်းသည် ရှင်ဖြူ ရှင်လှ ရုပ်ပွါးတော် နှစ်ဆူကိုလည်း ဆက်သပါသည်။ သိကြာမင်းပေးသနားသော မဟာဗောဓိဒက္ခိဏာသာခါ သစ်သားတော်၊ မလ္လာယုကျွန်းအနီး နတ်ဘီလူးတို့ဆက်သသော စန္ဒကူးနံ့သာ သစ်သားတော် စသည် သစ်ဆယ်မျိုးဖြင့် ထုလုပ်ထားသော သီဟိုရှင် ရုပ်ပွါးတော်၊ အရှင်မဟာက သာဖမထေရ်မြတ် မူတင်ကျင့်နေဟန် ရုပ်ထုတော်ကို သက်နက်လေ့တော်နှင့် သမီးတော် "စောဦးထွေး" ကိုပါ သီဟိုရှင်ဘုရင်မင်းမြတ်မှ ဆက်သတော်မူခဲ့ပါသည်။

သိကြားမင်း၊ မလ္လာယုကျွန်းအနီးမှ နတ်ဘီလူးနှင့်

စန္ဒကူးနံ့သာ စသည့် ရွှေစက်တော်ဘုရားဖူးအတွက် ဆက်စပ်နေပါသည်။ သီဟိုရှင် ရုပ်ပွါးတော်သည် ဧရာဝတီမြစ်ကူးတံတားကြီးမှ ပခုက္ကူမြို့သို့အဝင် ညာဘက်(၁၂)ရပ်ကွက်မြစ်သာရပ်တွင် သီတင်းသုံးတော်မူပြီး ရွှေတန့်တစ်သရက္ခန်ရုပ်ပွါးတော်သည် ပခုက္ကူမြို့မှ(၂)မိုင်ခန့်အကွာတွင် သီတင်းသုံးတော်မူပါသည်။ ရှင်ဖြူ၊ ရှင်လှ ရုပ်ပွါးတော်နှစ်ဆူသည် စစ်ကိုင်းမြို့ မင်းဝံတောင်ထိပ်တွင် သီတင်းသုံးတော်မူပါသည်။ အညာသီဟတော သရက္ခန်ရုပ်ပွါးတော်သည် မန္တလေးမြို့တွင်လည်း အပူဇော်ခံထားရှိပါသည်။


မြတ်ပေါင်းမဉ္ဇူ ရုပ်ပွါးတော်နှင့် အရှင်မဟာကဿပ ရုပ်ပွါးတော်သည် အင်းလေးဒေသ ဖောင်တော်ဦး တွင် သီတင်းသုံးပြီး အင်းလေးဖောင်တော်ဦး ရှိ သရက္ခန် ရုပ်ပွါးတော်လေးဆူသည်လည်း ညောင်ရွှေမြို့ စော်ဘွားကြီး စီဆိုင်ဖသည့်သန်းထောင်အရပ်တွင် ရောင်ခြည်တော် ကွန့်မြူးနေသည် ဖူးတွေ့ရသဖြင့် သစ်တောအား ခုတ်ထွင် ရှင်းလင်းရှာဖွေရာမှ သရက္ခန်ရုပ်ပွါးတော် လေးဆူဖူးမြင်

တွေ့ရှိရကြောင်း၊ အလောင်းစည်သူ မင်းတရားကြီး ဆင်တော်မင်္ဂလာပေါ်တွင် သရက္ခန်ရုပ်ပွါးတော် လေးဆူ ပင့်ဆောင်ပြီး အဓိဋ္ဌာန်ဖြင့်လွှတ်ရာ ဖောင်တော်ထိပ် တောင်ခြေရင်း သန်းထောင်အရပ်တွင် ဆင်တော်မင်္ဂလာ တန့်တော်မူသဖြင့် ဌာပနာတိုက်တည်ဆောက်ပြီး လိုဏ်ဂူ သွင်းထားကြောင်း (အေဒီ–၁၉၅၅) တွင် ယခုတည်ရှိသော ကျောင်းတော်တွင် သီတင်းသုံးတော်မူကြောင်း ညောင်ရွှေမြို့ မှ ဘကြီးဘအို ပြောကြားချက်အရ ကြားသိရပါသည်။

ရွှေစက်တော်ဘုရားဖူးခရီးစဉ်များသည် ရွှေစက်တော် မှ (၃၃)မိုင်ကွာ မင်းဘူးမြို့စက္ကိန်းတဲရွှေစေတီ၊ နဂါးပွက်တောင် မကွေးမြို့မြသလွန်မှ (၉၁)မိုင်ကွာ ပုပ္ပါးတောင်သို့ဖြစ်စေ ပုပ္ပါးတောင်မှ ပုဂံရှေးဟောင်းမြို့၊ ညောင်ဦးမြို့၊ ပခုက္ကူမြို့၊ ပခန်းကြီးမြို့မှ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးမှတစ်ဆင့် ရှမ်းပြည်နယ် ကလောမြို့၊ ရွှေညောင်၊ ညောင်ရွှေ အင်းလေး ဖောင်တော်ဦး၊ တောင်ကြီး၊ ပင်းတယ လိုဏ်ဂူတော် ရုပ်ပွါး တော်များသို့ခရီးစဉ်ဆက်နိုင်ကြပါသည်။




ရှင်ပင်စက္ကိုင်နိုးတဲ့စေတီတော် (AD-1958)




ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော် (ဓါတ်ပုံ – ရောင်ခြည်ဦး)



ရှင်ပင်စက္ကိန်းတဲရွှေစေတီတော်နှင့် နဂါးရုံဘုရား



ရှင်ပင်စက္ကိန်းတဲရွှေစေတီတော်အား ဆည်းဆာအချိန်တွင်ဖူးတွေ့ရပုံ (ဓါတ်ပုံ–ကိုထွန်း–စက္ကိန်းတဲ)

## ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်

တောင်ဖီလာဆရာတော်သည် ဗုဒ္ဓခြေတော်ရာနှစ်ဆူ ရှာဖွေခဲ့စဉ်က ဧရာဝတီမြစ်အတိုင်း စုန်ဆင်းတော်မူသောအခါ မင်းဘူးဆိပ်ကမ်းသို့ ရောက်ရှိတော်မူပြီး၊ မင်းဘူးဆိပ်ကမ်းမှတစ်ဆင့် ရွှေစက်တော်သို့ ခရီးဆက်ခဲ့ကြောင်း တွေ့နိုင်ပါသည်။

မင်းဘူးမြို့ ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ထားတော်မူသော ရှင်ပင်စက္ကိန်းတဲရွှေစေတီတော်သည် ပိဋကတ်တော် သာသနာဝင်တွင် မတွေ့ရှိရသော်လည်း စက္ကိန်းတဲတောင်တော်သို့ ဗုဒ္ဓမြတ်စွာဘုရား ခေတ္တခဏ ကြွရောက်ကိန်းစက်တော်မူသည်ဟု ရှင်ပင်စက္ကိန်းတဲစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထုတ်ဝေသော သမိုင်းစာအုပ်တွင် တွေ့ရှိရပါသည်။

ရှင်ပင်စက္ကိန်းတဲစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကလည်း တိပိဋကဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တ သာရာဘိဝံသ ဆရာတော်ကြီးတည်းဖြတ်သော ဗုဒ္ဓဘဏ္ဍာတော်ပြဿနာကျမ်းနှင့် မဟာဝံသကျမ်းစာအုပ်များကို မှီငြမ်းပြု၍ သမိုင်းစာအုပ်ထုတ်ဝေထားပါသည်။ ခြေတော်ရာရှာဖွေသော တောင်ဖီလာဆရာတော် (ဝေဿန္တရာပျို့ဟောင်း ရေးစပ်သော ပညာရှိဆရာတော်)

ရှင်မုနိန္ဒယောသကို မင်းဘူးခရိုင်၊ စလင်းမြို့၌ အေဒီ (၁၅၇၈) ခုနှစ်တွင် ဖွားမြင်တော်မူသကဲ့သို့ ဇာတ်တော်ကြီးဆယ်ဘွဲ့ (စကားပြေ)စာဆိုတော် မင်းပူးဦးဩဘာသ ဆရာတော်သည် မင်းဘူးမြို့နယ်၊ ရပ်သာရွာဇာတိဖြစ်ပါသည်။ မကွေးဆရာတော် ဘဒ္ဒန္တကုမာရလောင်းလျာ မောင်ငွေခကို မင်းဘူးမြို့၊ မြောက်ဘက်လေးအိမ်တန်းကျေးရွာတွင် ဖွားမြင်ခဲ့ပါသည်။

ညောင်ရမ်းခေတ် မင်းဆရာဖြစ်သည့် တောင်ဖီလာဆရာတော် (အေဒီ - ၁၆၃၈)၏ ရွှေစက်တော်ဘုရားဖူး၊ အေဒီ (၁၈၂၀) ညောင်ကန်ဆရာတော် ဦးဗုဒ် ရွှေစက်တော်ဘုရားဖူးနှင့် အေဒီ (၁၈၇၉)ခုနှစ် ကင်းဝန်မင်းကြီး ဦးကောင်းတို့သည် စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်မြတ်ကြီး ထီးတော်သစ်တင်လှူပွဲများတွင် ဘုရားဖူးသွားမည်ဟု ယူဆရပါသည်။

ဆရာတော်ကြီးများကိုယ်တိုင် ရှင်ပင်စက္ကိန်းတဲရွှေစေတီသို့ ကြည်ညိုလေးမြတ်စွာ ဖူးမျှော်ကြသကဲ့သို့ ရွှေစက်တော်ဘုရားဖူးများကလည်း ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်သို့ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် ခေတ္တခဏ ကြွရောက်တော်မူခဲ့သောနေရာဟု စိတ်ရည်မှန်း၍ ခေတ္တခဏတက်ရောက်ဖူးမျှော်သင့်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **(စာရေးသူ)**

ရှင်ပင်စက္ကိန်းတဲရွှေစေတီသမိုင်းကို အေဒီ(၁၈၉၅) ခုနှစ်က ကင်းဝန်မင်းကြီး ဦးကောင်း၏ဆရာတော်က တိုက်တွန်း၍ စလင်းမြို့ ဝက်ထီးကန်ချောင် ခေမာသီဝံ တောရဆရာတော် အရှင်ဦးဒီပမထေရ် ရေးသားတော်မူခဲ့သော ပဒစေတီယ ဒီပနီကျမ်းတွင် လေ့လာနိုင်ပါသည်။

ဘီစီ (၄၂၁)၊ သာသနာသက္ကရာဇ် (၁၂၃)ခုနှစ်တွင် သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်း ရွှေစက်တော်ဘုရားဖူးလာစဉ် မင်းဘူးဆိပ်ကမ်း တောင်ထိပ်ပေါ်မှ ရောင်ခြည်တော်ကွန့်မြူးနေသဖြင့် တောင်ပေါ်သို့ ဘုရားဖူးတက်ရောက်ရာ သိကြားမင်း တည်ထားခဲ့သော ရှင်ပင်စက္ကိန်းတဲ ရွှေစေတီကို ကမ္ဗည်းကျောက်စာနှင့်တကွ ဖူးမျှော်ရသည်ဟု မှတ်သားခဲ့ရပါသည်။ ကမ္ဗည်းကျောက်စာများကို နိုင်ငံခြားသားများက ဖျက်ဆီးခဲ့ပါသည်။ ကျောက်စာတိုင်နေရာတွင် ကျောက်စာစေတီဟူ၍ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတောင်ဘက် သိကြားမြေပေါ်တွင် တည်ရှိ၍ ရွှေစေတီတော်ပေါ်မှ တံတားဖြင့် သွားရောက်ဖူးမျှော်နိုင်ပါသည်။

မင်းဘူးမြို့ရှိ လက်ကျန်ကျောက်စာများမှ ရှင်ပင်စက္ကိန်းတဲရွှေစေတီအရှေ့မုဒ် ညာဘက်မှ ကျောက်စာတိုက်အမှတ် (၂) ရပ်ကွက်၊ ဓါတ်တော်ကုန်း ရှင်ပင်ချမ်းသာကြီး

စေတီကျောက်စာနှင့် အေဒီ (၁၂၆၂)ခုနှစ်တွင် သခင်စကုကြီးက ရှင်ပင်ချမ်းသာရွှေဘုရားကြီးစေတီတော် (အမှတ်-၃ ရပ်ကွက်)တွင် ရေးထိုးထားသော ကျောက်စာကို တွေ့မြင်နိုင်ပါသည်။ အေဒီ (၁၈၅၁)၊ မြန်မာသက္ကရာဇ် (၁၂၁၃) ခုနှစ်၊ ပုဂံမင်းလက်ထက်တွင် ထန်းပင်ရွာ ပဲ့နင်းကြီး ဦးပဲက ရှင်ပင်စက္ကိန်းတဲရွှေစေတီကို ပြုပြင်ခဲ့ပါသည်။ အေဒီ (၁၉၅၁)ခုနှစ်၊ မြန်မာသက္ကရာဇ် (၁၃၁၃) ခုနှစ်တွင် ဆရာတော်ဦးကလျာဏ (ပင်စင်ရ စာရေးကြီး ဦးဘရှင်) (လေသာကျောင်း)က ဦးဆောင်၍ ရှင်ပင်စက္ကိန်းတဲ စေတီတော် ဝတ္တကမြေကို တောင်းဆိုရာ (၁၉၅၅)ခုနှစ်၊ ဇူလိုင်လတွင် ရရှိခဲ့ပါသည်။ အေဒီ (၁၉၅၉/၆၀)ခုနှစ်တွင် ရှင်ပင်စက္ကိန်းတဲရွှေစေတီအား လောကမာရဇိန်ရွှေဘို ဆရာတော်ဦးမုနိန္ဒသည် ဦးစွာအမိဋ္ဌာန်ပြုရာ (တောင်တော်ပေါ်သို့ ဗုဒ္ဓဘုရားရှင် ကြွတော်မူသည် မှန်ကန်ပါက တောင်တော်တုန်လှုပ်ပါစေသတည်း)ဟု ဆိုသည့်အတိုင်း တောင်တော်တုန်လှုပ်သည့် ကြောင်း ဂေါပကဦးဘိုးထွား နှင့် ဦးထွန်းအောင်တို့မှ ပြောကြပါသည်။ မူလရှိသော စေတီတော်၏ ဖိနပ်တော်မှာ (၂၄)ပေသာ ကျယ်ဝန်းသဖြင့် စက္ကိန်းတဲ ရှေးဟောင်းစေတီအားငုံ၍ တည်ဆောက် ပြုပြင်ခဲ့ပါသည်။

၁၉၅၉ ခုနှစ်တွင် စာရေးသူတို့ မူလတန်းကျောင်းသားများကိုယ်တိုင် တောင်ဘက်တောင်နံရံဖြိုချရာမှ ထွက်လာသော မြေစာများသယ်ယူ၍ တနင်္ဂနွေဒေါင့်သို့ မြေဖို့ လုပ်အားကုသိုလ်ပြုခဲ့ပါသည်။

လောကမာရဇိန်ရွှေဘို ဆရာတော် ဦးမုနိန္ဒသည် အ်ပဲမက်အရ ပန်းချီ ဆရာအား ရွှေစေတီပုံတော်ဒီဇိုင်းရေးဆွဲခိုင်းရာ ယခုလက်ရှိ ပုံစံအတိုင်းရရှိ၍ သူတော်ကောင်းပေးသည့်ပုံစံအတိုင်း အပြီးတိုင် တည်ဆောက်၍ (၁၉၆၁) ခုနှစ်တွင် ထီးတော်တင်လှူနိုင်ခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင် ရွှေသင်္ကန်းကပ်လှူ၍ စိန်ဖူးတော်တင်လှူကြပါသည်။

၁၉၈၇ ခုနှစ်မှစ၍ စေတီတော် ကြေးနီပြားခံရန် ပြင်ဆင်နေကြစဉ် စာရေးသူဦးစီးသော (စနေ၊ တနင်္ဂနွေ၊ ဥပုသ်) သန့်ရှင်းရေးအကျိုးဆောင်များမှ ရွှေစေတီတော်လှိုင်ဂူအတွင်းရှိ ရှစ်မျက်နှာ ရုပ်ပွားတော်များအား ကြွေဆေးဖြင့် ရောင်တော်ဖွင့်နိုင်ခဲ့ပါသည်။ ဆောင်းရာသီတွင် အငွေ့ပြန်၍ ကြည်လင်မှုမရှိခြင်းနှင့် ရာသီဥတုဒဏ်ခံနိုင်စေရန် မှန်တံခါးများတွင် လေဝင်ပေါက်များဖောက်ထားခြင်းဖြင့် ကြွေဆေးများ သက်တမ်းရှည်စေခဲ့ပါသည်။

၂၀၀၃ ခုနှစ်တွင် ရွှေသင်္ကန်းကပ်လှူပြီး စိန်ဖူးတော်တင်လှူကြပါသည်။ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီသည် ရွှေထီးတော်တင်လှူစဉ်တိုင်း နေမပူဘဲ မိုးအုံ့မှုသည် ထူးခြားဖြစ်စဉ် ဖြစ်ပါသည်။

ပွဲတော်ကျင်းပခြင်းမပြုလုပ်ရဘဲ စန္ဒကူးနံ့သာကျောင်းတော်ရာ၊ ရွှေစက်တော်နှင့် မြသလွန်ဘုရားစသည့် ပွဲတော်များကြားမှ အလှူခံငွေများစွာရရှိနေခြင်းသည် တောင်တော်၏ထူးခြားမှုဖြစ်ပါသည်။

ရှင်ပင်စက္ကိန်းတဲစေတီတော်ပေါ်တွင် ဘုရားဖူးရာ ကြည်နူးသကဲ့သို့ အနောက်အရပ်တွင် နဂါးပွက်တောင်၊ စကြံန်တောင်၊ သင်္ကန်းလိပ်တောင်နှင့် အရှေ့ဘက်တွင် မြသလွန်၊ ဧရာဝတီမြစ်၊ မုန်းချောင်း-မန်းချောင်း ပူးပေါင်းစီးဆင်းရာ ရေပေါ်ကျွန်းများနှင့် ဧရာဝတီမြစ်ကူးတံတား ဝန်းကျင် ရှုမျှော်ခင်းများသည် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရန် ကောင်းပါသည်။

စက္ကိန်းတဲရွှေစေတီပေါ်မှ အနောက်မြောက်ထောင့်တွင် မြင်ရသော တောင်ထိပ်ပေါ်ရှိ ဆက်သွယ်ရေးတာဝါတိုင်အနီး သံဃာတော်များ ကြွချီနေဟန်ရုပ်ထုများ တည်ရှိနေသည်မှာ စကြံန်တောင်ဖြစ်ပါသည်။

ဌင်းစကြ်န်တောင် မြောက်အရပ်တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တာဝါတိုင် တည်ရှိသော တောင်ပေါ်တွင် ဗုဒ္ဓဘုရားရှင် သက်န်းဝတ်ဆင်သောနေရာဟု သတ်မှတ်၍ ဌင်းတောင်အား သက်န်းလိပ်တောင်ဟု သတ်မှတ်၍ စေတီတည်ထားတော်မူပါသည်။

စက်ကိန်းတဲဆိုသည်မှာ ဗုဒ္ဓဘုရားရှင် ခေတ္တခဏ သီတင်းသုံးတည်းခိုရာ တည်းကျောင်း (ယာယီမဏ္ဍပ်တည်းခိုကျောင်း) ကို (ကိန်းစက်သောတဲ) (စက်ကိန်းတဲ)ဟု ဘွဲ့မည်ပေးထားခြင်းဖြစ်ပါသဖြင့် ဘွဲ့တော်အား အမည်ဖျက်၍ စက်ကတဲ (စက်ကဒဲ) (စက္ကတဲ)ဟု ခေါ်ဝေါ်ခြင်း ရေးသားခြင်း မပြုသင့်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

သူတော်ကောင်းများကိုယ်တိုင် ဝင်ရောက် ဖူးမျှော်ကြသော ရှင်ပင်စက္ကိန်းတဲရွှေစေတီသို့ သွားရောက် ဖူးမျှော်သင့်ပါသည်။ "အကြောင်းသုံးဆူ နေ့ချင်းဖူး အကျိုးစိတ်ချမ်းသာ" ဟူသော အဆိုရှိခဲ့သဖြင့် သုနာပရန္တတိုင်း (မြန်မာပြည်အလယ်ပိုင်းတိုင်း)ဘွင် စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်၊ ရွှေစက်တော်၊ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်၊ မကွေး မြသလွန်၊ မလွန်မြသပိတ်ဟူ၍ ရွှေစေတီတော် ငါးဆူရှိရာတွင် စန္ဒကူးနံ့သာ ကျောင်းတော်ရာ

သို့ဖြစ်စေ၊ ရွှေစက်တော်သို့ဖြစ်စေ၊ မလွန်မြသပိတ်စေတီသို့ဖြစ်စေ၊ ဘုရားဖူးရာတွင် ရှင်ပင်စက္ကိန်းကဲရွှေစေတီတော်နှင့် မြသလွန်သို့ ဝင်ရောက်ဖူးမျှော်ခြင်းဖြင့် စေတီတော်သုံးဆူ ဖူးသည့် (အကြောင်း)ကြောင့် (အကျိုး)ထူးအဖြစ် ဘုရားဖူးများ စိတ်ချမ်းသာစေမည်ဟူ၍ အဆိုရှိခဲ့ပါသည်။ စေတီငါးဆူလုံး ဖူးဖြစ်အောင်ဖူးပါက ဘုရားငါးဆူဆေးသောက်သကဲ့သို့ ကုသိုလ်များ အကျိုးထူးမည်ဟုလည်း ပြောဆိုသံကြားနေရပါသည်။






ယခုခေတ် စက္ကိန်းတဲစေတီတော်ဘုရားရှိ
ဘီလူးညီနောင် မြသလွန်တော်ပင့်ဆောင်နေပုံ



စက္ကိန်းတဲစေတီတော်ကို အရှေ့ဘက်မုဒ်မှ ဖူးတွေ့ရပုံ



ရှေးယခင်ကစက္ကိန်းတဲစေတီတော်ဘုရားရှိ ဘီလူးညီနောင် မြသလွန်တော်ပင့်ဆောင်နေပုံ


F.11.B




စက္ကိန်းတဲ စေတီရွှေထီးတော် (၂၀၀၃) ခုနှစ်



မောင်တော်တောင်





နဂါးလှူးအိုင်



နဂါးပွက်တော်မှချော်ရည်များစီးကျနေပုံ

## နဂါးပွက်တောင်

မင်းဘူးမြို့၊ ရှင်ပင်စက္ကိန်းတဲရွှေစေတီတော်သည် ရွှံ့ဗွက်တောင်၊ (နဂါးပွက်တောင်) ခြံရံထားသည်ဟု အဆို ရှိပါသည်။ နဂါးပွက်တောင်သည် သဘာဝရွှံ့ဗွက်တောင် ဖြစ်ပြီး ပေ(၃၀)ခန့်မြင့်၍ လှေကားထစ် (၆၀)ထစ် တက်ရ ပါသည်။ ထိပ်ဝအကျယ် (၉)ပေခန့်ရှိပြီး တွင်းဝတွင် ရွှံ့ရည်များ အဆက်မပြတ်ပွက်နေပါသည်။ တောင်ထိပ်မှ အောက်ဖက်သို့ ပေ (၉၀)ခန့်အထိ ရွှံ့ရည်များလျှံ၍ စီးကျ နေပါသည်။ ရွှံ့ရည်များသည် ရေနံဓာတ်ငွေ့ပါသဖြင့် မီးရှို့လိုက်လျှင် ခေတ္တခဏ မီးလောင်တတ်သည်ကို တွေ့ရှိ ရပါသည်။ ရေနံများတူး၍ မရသော်လည်း အနီးရှိ ရေနံမြေ ရပ်ကွက်တွင် သဘာဝရေနံဓာတ်ငွေ့များ ထုတ်ယူရရှိပြီး လောင်စာအဖြစ် သုံးစွဲ၍ရကြောင်း ကြားသိရပါသည်။ တောင်ထိပ်ဝမှ ရွှံ့ရည်များသည် နဂါးငွေ့တန်းကဲ့သို့ နဂါး ဦးခေါင်းလှည့်သည့် အရပ်မျက်နှာအတိုင်း စီးဆင်းပါသည်။ နဂါးပွက်တောင်၏ တောင်ဘက်အရပ်တွင် ရွှံ့ဗွက်တောင် အရွယ်မျိုးစုံနှင့် စတင်ဖြစ်ပေါ်ကာစ ရွှံ့အိုင်၊ နဂါးလူးအိုင်၊ တောင်ငယ်လေးများ လေ့လာနိုင်ပါသည်။

မင်းဘူးမြို့၊ နဂါးပွက်တောင်ကဲ့သို့ ကြံခင်းမြို့နယ် စိုင်ရှင်ကျေးရွာအနီး ရွှံ့ဗွက်တောင်မှ (၁၉-၂-၂၀၀၇) နေ့တွင် ရွှံ့ရည်ပွက်ပြီး ပေါက်ကွဲမှုအထိ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲဒေသ၊ ရွှံ့ဗွက်တောင်သည် (၂-၁-၂၀၀၈) ရက်နေ့တွင် ရွှံ့ရည်ပွက်ပြီး ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ပါသည်။ ကြံခင်းနှင့် ရမ်းဗြဲ ရွှံ့ဗွက်တောင်များသည် ခရီးဝေးသောကြောင့် သွားလာရလွယ်ကူသော မင်းဘူး နဂါးပွက်တောင်သို့ ဗဟုသုတအဖြစ် သွားရောက်လေ့လာသင့်ပါသည်။

## ဒဏ္ဍာရီနှင့် ယုံကြည်မှု

တစ်ခါတစ်ရံ မနက်ချိန်ခါတွင် တီဗီမှ "အို လောက စောင့်ရှောက်တဲ့ နတ်များအပေါင်းတို့ တောစောင့်နတ်၊ တောင်စောင့်နတ်အပေါင်းတို့" ဟူသော တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားသံအရ နဂါးပွက်တောင်တွင်လည်း တောင်စောင့်နတ်ရှိနိုင်ပါသည်။ တောင်တော်ကို တောင်ပိုင်ဘိုးဘိုးကြီးအပြင် အစ်မတော် သုစိတနှင့် မောင်တော်နန္ဒ စောင့်ရှောက်ကြောင်း ပြောဆို

ကြပါသည်။ နတ်နဂါးမောင်နှမသည် တစ်ချိန်က နမ္မဒါ နဂါးမင်း၏သားတော်၊ သမီးတော်ဟူ၍လည်းကောင်း၊ ဒွတ္တဘောင်မင်းကြီး၏သားတော် သမီးတော်အဖြစ် လည်းကောင်း၊ ပြောဆိုကြပါသည်။ တောင်တော်ကြီးကို အစ်မတော် သုစိတ စောင့်ရှောက်ပြီး၊ တောင်တော်ငယ်ကို မောင်တော် နန္ဒစောင့်ရှောက်ပါသည်။ နဂါးလူးအိုင် ရှိသကဲ့သို့ ဖြစ်တည်စ တောင်ငယ်များ အိုင်ငယ်များကို တောင်တော်ဝန်းကျင်တွင် လေ့လာနိုင်ပါသည်။ နဂါးပွက် တောင် ဝင်ပေါက်တွင် (**မင်္ဂလာနဂါးပွက်တောင်**) ရှိပါသည်။

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ည (၇)နာရီကျော်ခန့် တွင် ကောင်းကင်ယံမှ တနယ်လုံးကြားလောက်သော (အလွန်ကျယ်လောင်သော) အသံကြီးမြည်ဟီးပါသည်။ နဂါးပွက်တောင်ဝန်းကျင်တွင် နေထိုင်ကြသောသူများသည် အသံကျယ်ကြီးကြားရချိန်တွင် မြင်ရသည်မှာ အလင်းတန်း သည် နဂါးပွက်တောင်ပေါ် သို့ ထိုးဆင်းသွားသည်ဟု ပြောဆို နေကြပါသည်။

(ခရစ်သက္ကရာဇ် (၁၉၉၄)ခုနှစ် ဇွန်လ (၂၀) ရက်နေ့ တွင် နဂါးပွက်တောင်တော်သည် ရွှံ့ချော်ရည်ပွက်မှု လုံးဝ ရပ်ဆိုင်းသွားခဲ့ပါသည်။ တောင်တော်သာယာလှပရေးအဖွဲ့

သည် သက်ဆိုင်ရာသို့ တင်ပြပြီး သက်ဆိုင်ရာဌာနများ အကူ
အညီဖြင့် ခေတ်မှီသိပ္ပံနည်းများ သုံး၍ဆောင်ရွက်ခဲ့သော်
လည်း ရွှံ့ချော်ရည်များ ပြန်လည်ပွက်လာခြင်း မရှိပါ။
မင်းဘူးမြို့ အမှတ် (၁) ရပ်ကွက် အဖွဲ့ဝင်များနှင့်
သာယာလှပရေးအဖွဲ့ အစည်းအဝေး ကျင်းပနေစဉ်
ရှမ်းပြည်နယ်မှ မချိုဆိုသော အမျိုးသမီးတစ်ဦးသည်
လက်ချင်းပူးလိမ်ပြီး ရွှေပေါ်ကျွန်း ဆရာတော်ထံ သွားရောက်
ဩဝါဒခံယူရန် ပူးဝင်ပြောဆိုနေပါသည်။

နဂါးပွက်တောင်တော် သာယာလှပရေးအဖွဲ့ဝင်
နှစ်ဦး ရွှေပေါ်ကျွန်းဆရာတော်ကြီးထံ သွားရောက်
လျှောက်ထားကြပါသည်။ ဆရာတော်ကြီးမှ အဖွဲ့ဝင်
နှစ်ဦးအား အကျိုးအကြောင်း ဩဝါဒပေးခဲ့ပါသည်။
ဆရာတော်ကြီး၏ မိန့်ကြားချက်အရ သတ်မှတ်သော
နေ့ရက်အချိန်အခါ မတိုင်မီ ( ၂၈. ၇. ၁၉၉၄ )နေ့တွင်
အဖွဲ့ဝင်များဦးစီးပြီး ကန်တော့ပွဲများ၊ လှူဖွယ်ပစ္စည်းများအား
ရတနာသုံးပါးကို လှူဒါန်းပူဇော်ရန် စီစဉ်ထားရှိပြီး
ညလုံးပေါက် မေတ္တာပို့ အမျှဝေ သာဓုခေါ် ဆိုနေကြပါသည်။
၁၉၉၄ ခုနှစ် ဇူလိုင်လ (၂၉)ရက်နေ့ နံနက် (၃)နာရီ (၅၁)
မိနစ်ခန့် ရွှေဒင်္ဂါးစေ့အရွယ် ရွှံ့ရည်များ စိုလာကာ နဂါးပွက်
တောင်တော်မှ အသံမြည်ဟီးပါသည်။

(၇)ရက်သားသမီးများမှ မော်တော်ယာဉ်ငှားရမ်းခ နှင့် စားစရိတ်ကျပ်ငွေတစ်သိန်းပေးပြီး ဖိတ်ကြားထားသော (ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ဩဝါဒအရ) နတ်ဒိုးအဖွဲ့သည် သတ်မှတ်သော မင်္ဂလာအချိန်ကျရောက်သည့် နံနက် (၅)နာရီ (၄)မိနစ်တွင် နတ်ဒိုးများ တီးမှုတ်ကြသောအခါ နဂါးပွက်တောင်တော်မှ အသံပေးပြီး ရွှံ့ချော်ရည်များ ပွက်လာရုံမက အမြင့်သို့ပင် ပန်းထွက်လာပါသည်။

ရွှေပေါ်ကျွန်းဆရာတော်ကြီးအား မေတ္တာပို့ကြ၊ မောင်တော်အစ်မတော်အား အရိုအသေပေးကြ၊ နဂါးပွက်တောင်တော် ဘိုးဘိုးကြီးအား အမျှဝေကြနှင့် ပြည်သူအားလုံး ပျော်ရွှင်နေကြပါသည်။

ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ကျေးဇူးအားမမေ့သောအားဖြင့် ယခုအချိန်တိုင် ပန်းရေချမ်းနှင့် လှူဘွယ်ပစ္စည်းများ ကန်တော့ကြပြီး မျှဝေသာဓုခေါ်ဆိုလျှက် ရှိကြပါသည်။ )

၁၉၉၈ ခုနှစ်အတွင်း တောင်တော်ဝင်ပေါက် ညာဘက် နဂါးရုံရုပ်ပွားတော် တည်တော်မူစဉ် အဘမြတောင်ညို ဆရာတော်ဘုရား၏ ဩဝါဒဖြင့် ရန်ကုန်မြို့မှ ဦးမိုး+ဒေါ်စန်း သားတပည့်များက အဆင့်သင့်ပြုလုပ်လာသော နဂါးဦးခေါင်းတစ်ပိုင်းနှင့် ကိုယ်ထည်ပိုင်းတို့ကို

တောင်တော်ဝင်ပေါက် ဘယ်ဘက်တွင် နဂါးရုံရုပ်ပွားတော် အဖြစ် တည်ထားခြင်းမှာ ထူးခြားမှုတစ်ရပ်ဖြစ်ပါသည်။ နဂါးရုံရုပ်ပွားတော်ဘုရားအလှူရှင် အဘမြတောင်ညို ဆရာတော်ကြီး ပျံလွန်တော်မူခါနီးအချိန်ထိ နဂါးပွက်တောင်တော်သို့ အချိန်ကျတိုင်း ကြွရောက်သီတင်းသုံး မေတ္တာပို့ အမျှဝေလေ့ရှိပါသည်။

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် တစ်ချိန်သော ဘဝက ဆွေမျိုးတော်စပ်ခဲ့ဘူးသော ရှမ်းပြည်နယ်မှ နန်းခင်မွှေးသည် အဓိဋ္ဌာန်အောင်ပွဲကျင်းပရာ နဂါးသဏ္ဌာန်ပွက်နေသောပုံကို ဘုရားဖူးခရီးစဉ်မှ ဆွေတော်မျိုးတော်များအားလုံး မြင်တွေ့ရမှုမှာ ထူးခြားဖြစ်စဉ်အဖြစ် မှတ်တမ်းတင်ထားရှိပါသည်။

အစ်မတော် သုစိတသည် တစ်ခုသောဘဝက ရှမ်းပြည်နယ်နှင့် ဆက်စပ်မှုရှိသည့်အလား တောင်တော်တွင် ရှမ်းပြည်နယ်မှ အလှူရှင်များ၏ ကောင်းမှုမှတ်တမ်းများ တွေ့မြင်နိုင်ပါသည်။

နဂါးဦးခေါင်းသဏ္ဌာန်ပွက်နေမှုများသည် ဆွေတော်မျိုးတော်များနှင့် သက်ဆိုင်သည့်အလား ဓါတ်ပုံမှတ်တမ်းများကို အလှူခံဌာနတွင် လာရောက်လှူဒါန်းထားလေ့ရှိကြပါသည်။ လက်ကိုင်ဖုန်းနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူ

သောအခါများတွင် နဂါးများကို မြင်တွေ့ရသောအခါ နီးစပ်ရာ ဘုရားဖူးများ ဈေးသည်များကို ပြသသွားသော် လည်း ကူးယူပြီး အလှူခံဌာနသို့ ပေးပို့မည်ဆိုသောအခါ ကူးယူ၍မရဟုသော အဖြေသည် ထူးခြားဖြစ်စဉ်ဖြစ် ပါသည်။

စနေနေ့နှင့် ထူးခြားသောနေ့များတွင် ရွှေစက်တော် ဘုရားဖူး အများကြီးလာမည်ကို ကြိုတင်သိသည့်အလား နဂါးပွက်တောင်တော်မှ ရွှံ့ရည်များ အလွန်အကျွံလျှံကျလာ သည်မှာ ထူးခြားဖြစ်စဉ်တစ်ခုအဖြစ် သတိထားမှတ်သား ကြပါသည်။


နတ်နဂါးအဖြစ် စောင့်ရှောက်နေသည့်အလား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများအား နတ်ပူးဝင်သော အခါ အစဉ်အမြဲတွေ့နေကြအတိုင်း နတ်ပူးဝင်သည့် ပုံသဏ္ဌာန်မတွေ့ရပါ။ နတ်ပူးဝင်သူအားလုံးသည် မြွေသဏ္ဌာန်မြေပြင်တွင် တွန့်ခေါက်သွားလာ ပူးဝင် နေသည်ကို တွေ့ရှိရပါသည်။

နဂါးပွက်တောင်တော် ဘိုးဘိုးကြီးနှင့် နတ်နဂါး မောင်နှမ ဝေနေယျအားလုံးသည် ကုသိုလ်များ အမျှဝေ မေတ္တာပို့ခြင်းကို နှစ်သက်ကြောင်း နဂါးပွက်တောင်တော် ရောက်ဖူးသူများမှ ပြောဆိုနေကြပါသည်။










နဂါးပွက်တောင်



မြသလွန်ချေစေတီ (ရှင်ပင်စက္ကိန်းတဲစေတီ အရှေ့မုခ်ဧရာဝတီမြစ်ကမ်း)



မကွေးမြသလွန် စေတီတော်



မကွေးမြသလွန်စေတီတော်တွင်ညဘက်ဆီမီးများပူဇော်ထားပုံ



မကွေးမြသလွန် စေတီတော်

# မြသလွန်

## မြသလွန် အစ စက်ကိန်းတဲ က

မြသလွန်စေတီတော်မြတ်ကြီးအား မကွေးတိုင်း၊ မကွေးမြို့မြောက်ဘက်ရှိ ဧရာဝတီမြစ်ကမ်းနဖူးတွင် ဘီစီ (၅၆၅) ခုနှစ်ခန့်တွင် တည်ထားကိုးကွယ်ထားပါသည်။ ရန်ကုန်မြို့မှ မိုင်(၃၀၆)၊ မန္တလေးမြို့မှ (၂၂၁) မိုင် ကွာဝေးပြီး မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိပါသည်။ အနပ ... အရပ်ရပ်မှ နေ့ချင်းပေါက်ခရီး ရောက်ပါသည်။ မ... မြသလွန်ဟူ၍လည်းကောင်း၊ အညာဒေသ၏ ... ဝါကျွတ်ပွဲတော်ကြီးအဖြစ်လည်းကောင်း ... ။ မကွေးတိုင်း၏ မြို့တော်တွင်ဖြစ်သောကြောင့် အလွန် စည်ကားသော မြေလတ်ဝါကျွတ်ပွဲတော် ဖြစ်ပါသည်။ မကွေး-ဧရာဝတီ မြစ်ကူးတံတားကြီးကြောင့် ဆက်သွယ်ရေး လွယ်ကူပါသည်။ မြသလွန်စေတီတော်၏ ဝါကျွတ်ပွဲတော် အား နှစ်စဉ် သီတင်းကျွတ်လဆန်း (၅)ရက်မှ သီတင်းကျွတ် လပြည့်ကျော် (၅)ရက်နေ့အထိ ဈေးအစဉ်အလာမပျက် ကျင်းပလေ့ရှိပါသည်။

မင်းဘူးမြို့၊ စက်ကိန်းတဲတောင်ပေါ်ရှိ တည်းကျောင်းတွင် သီတင်းသုံးနေသော ဗုဒ္ဓဘုရားရှင်အား

ဘီလူးညီနောင်တို့သည် ဖန်ခါးသီးသွားရောက်လှူဒါန်းပြီး မြသလွန်တော်အား ကိုးကွယ်ရန် ပေးသနားတော်မူပါမည့် အကြောင်း လျှောက်ထားရာ ဗုဒ္ဓဘုရားရှင်မှ စွန့်တော်မူခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင်ပေးသနားတော်မူသော မြသလွန်အား ဘီလူးညီနောင်တို့သည် သင့်တော်ရာတွင် မြသလွန်စေတီတော်တည်ထားရာ မြသလွန်တော်၏ ဒကာရင်းဖြစ်သူ သိကြားမင်းသည် မြတ်စွာဘုရား ဗျာဒိတ်တော်ထားသည့် နေရာမဟုတ်သောကြောင့် စေတီတော်နေရာကို ဖျက်ခဲ့ပါသည်။ ယခုအခါ ဘုရားပြိုစေတီတော်ဟု တည်ရှိပါသည်။ မြသလွန်အား ပင့်ဆောင်၍ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဒိဗ္ဗယာနအမည်ရသော ရသေ့သုံးဦးထံ အပ်နှံ၍ စေတီတည်ရန်မှာ "ဘီလူးညီနောင်တို့သည် ဘဝကူးပြောင်း၍ လူသားစင်စစ်ဖြစ်သောအခါမှ မြသလွန်စေတီတော်တည်ရန် သင့်တော်ပါမည်"ဟု လျှောက်ထားခဲ့ပါသည်။

သိကြားမင်းသည် ကျောင်းတော်ရာ၊ ရွှေစက်တော်၊ စက္ကိန်းတဲ၊ မြသလွန်စေတီတော်များနှင့် ဆက်စပ်နေသဖြင့် ရွှေစက်တော်တွင် သိကြားပုန်းတောင်၊ ကျောင်းတော်ရာတွင် သိကြားမင်းဂူ၊ မကွေးမြို့တွင် သိကြားမင်းနတ်ကွန်း တည်ရှိနေသောကြောင့် တော်သလင်းလပြည့်ကျော် (၂)ရက်

နေ့တွင် ပုပ္ပါးထွက်ရပ်ပွဲအပြန်ခရီးစဉ် ရှင်ပင်စက္ကိန်းတဲ ရွှေစေတီသို့ ဘုရားဖူးပြီး စေတီတော်တောင်ဘက်သို့ တံတားဖြင့်ကူးပြီး သိကြားတောင်ပေါ်တွင် သိကြားမာတ် ယူကြပါသည်။

အထက်တွင် ဖော်ပြခဲ့သော ရသေ့သုံးပါး သီတင်းသုံးသည့်နေရာသည် မူလဘုရားသုံးဆူ ကျောင်းနေရာဟု အများက ပြောဆိုနေကြပါသည်။ ရသေ့သုံးပါးကျောင်းနေရာ၏အနီး မဟာဂါမအမည်ရှိသော ဇနပုဒ်ရွာကြီးတည်ရှိပါသည်။ ထိုရွာတွင် သူဌေးကြီး သုဘောဂသည် ရသေ့ကြီးသုံးပါးနှင့် ဆရာရင်းဒကာရင်းဖြစ်သဖြင့် မြသလွန်တော်အား နဂုတ္တမတောင်ထိပ်တွင် စေတီတော် တည်ထားကိုးကွယ်ခွင့်တောင်းခံခဲ့ပါသည်။ ရသေ့တို့က သိကြားမင်းလျှောက်ထားမှုကို ပြောပြ၍ သူဌေးကြီးသုဘောဂက အကြောင်းစုံကို သူဌေးသမီးပုဏ္ဏဝတီသို့ ထပ်ဆင့်ပြောပြခဲ့ပါသည်။

သူဌေးသမီး ပုဏ္ဏဝတီက ရွှေပေလွှာပေါ်တွင် မြသလွန်တော်၏ အကြောင်းစုံကို ရေးသားပြီး "ဘီလူးဘောကျော် ဝင်စားသောသူ ဤရွှေပေလွှာအား တွေ့ပါစေ" ဟု အဓိဋ္ဌာန်ပြုပြီး ရွှေပေလွှာအား ပန်းကုံးရစ်ပါတ်၍ တောင်ကုန်းထိပ်တွင် ချထားခဲ့သည်။ (ပန်းရစ်ထားသော

ရွှေပေလွှာချရာ တောင်ကုန်းသည် ယခုအခါ ပန်းရစ်တောင် စေတီဟု မြသလွန်စေတီတော်အနီးတွင် တည်ရှိပါသည်။)

"ပန်းရစ်ထားသော ရွှေပေလွှာချထားနေရာကို ဖူးစာရှင်ရှာဖွေသည်" ဟု သူဌေးသမီး ပုဏ္ဏဝတီ ရှုမျှော်ရာ တောင်ကုန်းတွင် ယခုအခါ (လင်ရှာမျှော်စေတီ) တည်ထားပါသည်။ ဘောသော၊ ဘောကျော် ဘီလူးညီနောင်တို့သည် ဘီလူးဘဝမှ လူ့ဘဝသို့ ကူးပြောင်းလာပြီး ကုန်သည်အလုပ်ဖြင့် ခရီးသွားကြရာ သူဌေးသမီး ပုဏ္ဏဝတီပန်းရစ်ထားသော ရွှေပေလွှာကို နောင်တော်ဘောကျော်မှ စတင်တွေ့ရှိဖတ်ရှု၍ သူဌေးကြီး မဟာဂါမ သုဘောဂထံ သွားကြရာ သမီးတော် ပုဏ္ဏဝတီနှင့် ထိမ်းမြားစုံမက် ရှေးကုသိုလ်ဆက်ခဲ့သည်။ ထို့နောက် နဂုတ္တမတောင်ပေါ်တွင် သိကြား၊ ဗြဟ္မာ နတ်ဒေဝါအပေါင်းတို့နှင့် ဒါယကာ ဘောကျော်၊ ဘောသော်၊ သူဌေးကြီး သုဘောဂနှင့် သူဌေးသမီး ပုဏ္ဏဝတီတို့သည် သက္ကရာဇ် (၁၅၀)ပြည့်နှစ်၊ ဘီစီ (၅၆၅) ခုနှစ်တွင် မြသလွန်စေတီတော် တည်ထား တော်မူပါသည်။

ပုဂံအနော်ရထာမင်းကြီး၏ သားတော်စောလူးမင်းသည် သံဃာတော်များ၏ ဩဝါဒဖြင့် ချို့ယွင်းပျက်စီးနေသော မြသလွန်စေတီတော်အား ဒုတိယအကြိမ် ပြန်လည်ပြုပြင်ခဲ့ပါသည်။ တစ်ချိန်တည်းတွင် ဆုတောင်းပြည့်စေတီ၊

ပန်းရစ်တောင်စေတီ၊ လင်ရှာမျှော်စေတီ၊ ရသေ့သုံးကျောင်း၊ (စေတီသုံးဆူ)သိမ်တော်ကြီးတစ်ဆောင် သိကြားနတ်ကွန်း တစ်ဆောင်နှင့် မကွေးမြို့တို့ကို အရပ်ရှစ်မျက်နှာတွင် တစ်ပြိုင်တည်းနာရီသံ၊ အမြှောက်သံပေး၍ တည်ထားခဲ့ပါသည်။ မြသလွန်စေတီတော်ကြီး အသစ်တစ်ဖန် ပြင်ဆင်တော်မူရာတွင် ရွှေကိုယ်လေးဆက်သွန်းလုပ်ပြီး ရုပ်ပွားတော် (၇) ဆူ၊ ဓါတ်တော် အဆူ (၁၂၀) နှင့် ရတနာမျိုးစုံ ထည့်သွင်းဌာပနာ၍ သံတောင် (၅၅) တောင်၊ ဉာဏ်တော်မြင့်အောင် တည်ထားတော်မူခဲ့ပါသည်။

ကျန်စစ်မင်းသားသည် မြသလွန်စေတီတော်မြတ်အား ရွှေကိုယ်လေးမျက်ပါး၊ ရွှေဆိုင်း၊ ရွှေသင်္ကန်းများ ကပ်လှူပါသည်။ ကျန်စစ်မင်းသားသည် မြင်းတပ်စခန်းချရာ အရပ်တွင် ဓါတ်တော်အဆူ (၅၀)၊ သတ္တဌာနစံတော်မူဟန် ရွှေသားရုပ်ပွားတော် (၇) ဆူနှင့် ရတနာများကို ဌာပနာ၍ မြင်းတဲစေတီတစ်ဆူ တည်ထားတော်မူခဲ့ပါသည်။

သာသနာတော် သက္ကရာဇ် (၂၃၉၁)၊ ကောဇာ သက္ကရာဇ် (၁၂၀၉) ခုနှစ်၊ တပေါင်းလပြည့် နံနက်တွင် သံတောင် (၆၆) တောင် နှစ်မိုက်အမြင့်ရှိသော စေတီကို တည်ထားခဲ့ပါသည်။ မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ်တွင် မကွေးမြို့စား မင်းထင်မင်းလှကျော်ခေါင်၊ ပြုပြင်ထားသော

မြသလွန်စေတီတော်ကို မင်းတုန်းမင်းတရားကြီးက ရွှေသင်္ကန်း ကပ်လှူပူဇော်တော်မူပါသည်။

ကောဇာသက္ကရာဇ် (၁၃၄၆)ခု၊ တပို့တွဲလဆန်း (၁၄) ရက် (၃-၂-၁၉၈၅)နေ့တွင် မဟာနီဖလံ ရွှေစင်ထီးတော် တင်လှူခဲ့ပါသည်။

ကောဇာသက္ကရာဇ် (၁၃၄၉)ခုတွင် မြသလွန် စေတီတော် လုံးတော်ပြည့် ရွှေပြားသင်္ကန်းချပ်ရေပေါင်း (၂၁၈၄၃) ချပ် ကပ်လှူပူဇော်ခဲ့ပါသည်။

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးသည် ဘီလူးခေါင်းများနှင့် တန်ဆာဆင်ထားရာ၊ မြောက်ဘက် ဘီလူးမင်းမှာ ဒေါသမာန်မရှိ၊ ရယ်ရွှင်ပြုံးတုံ့ဟန်ဖြင့် ဘုရားဖူးများအား ကြိုဆိုနေသည့်သဏ္ဍာန်မှာ ထူးခြားစွာ တွေ့မြင်နိုင်သဖြင့် ဘုရားဖူးခရီးသွားကြသူများသည် မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲရွှေစေတီ ဖူးမျှော်ရာမှာဖြစ်စေ၊ ရွှေစက်တော်ဘုရားဖူး၊ ဝါတွင်းကျောင်းတော်ရာ ဘုရားဖူး၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှေးဟောင်းစေတီများဘုရားဖူး၊ တောင်ပြုံးပွဲနှင့် ပုပ္ပါးထွက်ရပ်ပွဲခရီးစဉ်များ အသွားတွင် ဝင်ရောက်ဖူးမျှော်သင့်ပါသည်။

# ရွှေပန်းမြိုင်(ပါဝါရုံ)စေတီတော်

မကွေးမြို့၊ မြသလွန်စေတီတော်အဖွဲ့မှ ထုတ်ဝေသော မကွေးမြသလွန် စေတီတော်သမိုင်း စာမျက်နှာ (၁၃) တွင် ဖော်ပြထားသည်မှာ မဟာသက္ကရာဇ် (၁၂၈) ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဧရာဝတီမြစ်ရေနှင့် အညီအမျှ တည့်တည့်ချိန်၍ ရတနာအတိပြီးသော ရွှေလှေကြီး (၂)စင်းတွင် ပတ္တမြား ပြဿဒ်ပေါက်လျှက် တစ်စင်း၌ နဝရတ် (၉)ပါးတို့ဖြင့် ချယ်လှယ်စီရင်အပ်သော ကဿပ မြတ်စွာဘုရား၏ ရွှေသားအတိပြီးသော သလွန်တော်၊ တစ်စင်း၌ ဂေါတမ မြတ်စွာဘုရား၏ မြသားအတိပြီးသော သလွန်တော်တို့ကိုတင်၍ အရံအကာဖြစ်သော ကျောက်ဖျာကြီး(၄)ချပ်ကို ဘေးပတ်လည်(၄)မျက်နှာမှ ခိုင်ခန့်စွာကာရံ၍ အထက်မှ တစ်ဖန် ကျောက်ဖျာကြီးတစ်ချပ်ကို ဖုံးအုပ်လျှက် ပကတိမြေသားနှင့်အညီ စီမံဌာပနာထားသည်ဟု ဖော်ပြထားပါသည်။

မြသလွန်စေတီတော်သည် ဂေါတမမြတ်စွာဘုရားရှင်၏ မြသားသလွန်တော်သာမက ကဿပ မြတ်စွာဘုရား၏ ရွှေသားသလွန်တော် ပူးတွဲဌာပနာထားသဖြင့်


## ရွှေပန်းမြိုင်(ပါဝါရုံ)စေတီတော်

မကွေးမြို့၊ မြသလွန်စေတီတော်အဖွဲ့မှ ထုတ်ဝေ
သော မကွေးမြသလွန် စေတီတော်သမိုင်း စာမျက်နှာ
၁၃) တွင် ဖော်ပြထားသည်မှာ မဟာသက္ကရာဇ် (၁၂၈)
နှစ်၊ တပေါင်းလပြည့်နေ့တွင် ဧရာဝတီမြစ်ရေနှင့်
အညီအမျှ တည့်တည့်ချိန်၍ ရတနာအတိပြီးသော
ရွှေလှေကြီး (၂)စင်းတွင် ပတ္တမြား ပြဿဒ်ပေါက်လျက်
တစ်စင်း၌ နဝရတ် (၉)ပါးတို့ဖြင့် ချယ်လှယ်စီရင်အပ်
သော ကဿပ မြတ်စွာဘုရား၏ ရွှေသားအတိပြီးသော
သလွန်တော်၊ တစ်စင်း၌ ဂေါတမ မြတ်စွာဘုရား၏
မြသားအတိပြီးသော သလွန်တော်တို့ကိုတင်၍ အရံ
အကာဖြစ်သော ကျောက်ဖျာကြီး(၄)ချပ်ကို ဘေးပတ်
လည်(၄)မျက်နှာမှ ခိုင်ခန့်စွာကာရံ၍ အထက်မှ တစ်ဖန်
ကျောက်ဖျာကြီးတစ်ချပ်ကို ဖုံးအုပ်လျက် ပကတိ
မြေသားနှင့်အညီ စီမံဌာပနာထားသည်ဟု ဖော်ပြထား
ပါသည်။

မြသလွန်စေတီတော်သည် ဂေါတမမြတ်စွာဘုရား
ရှင်၏ မြသားသလွန်တော်သာမက ကဿပ မြတ်စွာ
ဘုရား၏ ရွှေသားသလွန်တော် ပူးတွဲဌာပနာထားသဖြင့်

ရွှေသလွန်တော် သမိုင်းရှာဖွေသောအခါ ပါဒစေတီယ ကျမ်း၊ ဦးထွန်းဝ ရေးသားသည့် **ရွှေပန်းမြိုင်** (ပါဝါရုံ) သမိုင်းအကျဉ်း၊ သနဝ ကျေးရွာ ဦးအေးထွား၏ **ရွှေပန်းမြိုင်** (ပါဝါရုံ) သမိုင်းအကျဉ်း၊ အင်ကြင်းမြိုင် တောရ အရှင် နိမလ က ကကုသန္ဓအမည်တွင် မဟာ ဗုဒ္ဓဝင်နှင့် မဟာကုက္ကဋ္ဌာရုံ စေတီတော်သမိုင်းအကျဉ်း၊ မောင်နှင်းခိုင်-ပွင့်ဖြူရေးသားသော ရုံလေးရုံ စုံလင် အောင် ဖူးရင်လ ဘုံတစ်ခွင် ဂုဏ်အင်တွေထူးပါလိမ့် (၂) ဆောင်းပါး၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအမှတ် (၂၆၃) မတ်လ၊ ၂၀၀၆ ခုနှစ်၊ စာမျက်နှာ (၁၃၈) မှ (၁၃၉) မှာ တွေ့ရှိရပါသည်။

ကဿပမြတ်စွာဘုရားရှင်လက်ထက်က ပွင့်ဖြူ မြို့နယ်၊ လယ်ကိုင်းမြို့ကို (သုမင်္ဂလတိုင်း) ဟု ခေါ်တွင် ကြောင်း ဝါသူဌေး ကျောင်းဒါယကာမှ ကဿပဘုရား ရှင် အား ကျောင်းတော်လှူသည်ကို အလှူခံ၍ ပါဝါရုံ ကျောင်းတော်တွင် သီတင်းသုံးတော်မူပြီး တရားဟော တော်မူရာ ပရိသတ် (၈)သိန်းကျွတ်တမ်းဝင်သည်ဟု ဖတ်ရှုရပါသည်။ ပါဝါရုံကျောင်းတော်နေရာသည် ယခု အခါ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့အဝင်တွင် ရွှေပန်းမြိုင် (ပါဝါရုံ) စေတီတော်အဖြစ် တည်ထားကိုး ကွယ်ထားပါသည်။



မလွန်မြသပိတ် စေတီတော်

# မလွန် မြသပိတ်စေတီတော်

## ( ရတနာ စက် ၅ ) စေတီတော်

## မြသပိတ် အစ စက်ကိန်းတဲ က

မင်းဘူးမြို့၊ ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်တွင် မြတ်စွာဘုရားရှင်အား သိကြားမင်းက မြသားသလွန်တော်နှင့် မြသားသပိတ်တော် ဆက်ကပ်လှူဒါန်းခဲ့ရာ မြသလွန်တော်အား ဘီလူးညီနောင်တို့ထံ သနားသကဲ့သို့ မြသပိတ်တော်အား သတ္တဝါဝေနေယျတို့ကို သနားတော်မူသဖြင့် ပူဇော်ကိုးကွယ်နိုင်ရန် ဧရာဝတီမြစ်အတွင်းသို့ မျှောတော်မူခဲ့လေသည်။ မြသပိတ်တော်ကို ရေမျှောသည့်ဆိပ်ကမ်းတွင် နှောင်းလူတို့က မြသပိတ်မျှောစေတီဟူသော ဘွဲ့အမည်ဖြင့် တည်ထားကိုးကွယ်ထားသည်ကို ရှင်ပင်စက္ကိန်းတဲ ရွှေစေတီတော်၏ အရှေ့ဘက်၊ (မြသလွန်ချစေတီ၏ မြောက်ဘက်) (ဘယ်ဘက်)တွင် ယခုတိုင် ဖူးမျှော်နိုင်ပါသည်။

မြတ်စွာဘုရားသခင်ကိုယ်တိုင် မျှောတော်မူသော မြသပိတ်တော်သည် ဧရာဝတီမြစ်အတိုင်း စုန်ဆင်းမျောပါလာရာ ယခုမလွန်အရပ်သို့ အရောက်တွင် ရေအလျှင်နှင့်

ဆက်လက်မျှော်ပါခြင်း မပြုတော့ဘဲ ရပ်တန့်နေတော်မူလေသည်။ ပဌနဂိုရ်မြို့စားမင်းသည် မလွန်တောင်ဘက်ရှိ ရတနာဇာတိ တောင်ကုန်းတွင် မြသပိတ်တော်ကို ဌာပနာ၍ စေတီတော်တည်ထားကိုးကွယ်လေသည်။

သရေခေတ္တရာပြည့်ရှင် ငတစ်ပါးမင်းသည် မြန်မာသက္ကရာဇ် (၄၈၅) ခုနှစ်၊ တပေါင်းလဆန်း (၇) ရက်နေ့တွင် (မြသပိတ်တော်)မလွန်ခဲ့သည်ကို အကြောင်းပြု၍ ထိုနေရာကို မလွန်မြို့ဟု သမုတ်တော်မူကာ မြို့သစ်တည်ထားပေးတော်မူ၏။ တောင်တွင်းမြို့စား သီဟပတေ့မင်းသည် မြန်မာသက္ကရာဇ် (၆၅၅) ခုနှစ်တွင် မြသလွန်ကျောက်စေတီငယ်အား ထပ်မံငုံပြီးလျှင် (**ရတနာ စက် ဤ**) စေတီတော်ဟု ဘွဲ့မည်ပေးလေ၏။ မြန်မာသက္ကရာဇ် (၁၁၁၃) ခုနှစ်တွင် ဟံသာဝတီပြည့်ရှင် ဗညားဒလသည် အင်းဝမြို့တော်အား သိမ်းပိုက်ခဲ့ပါသည်။ ညီတော် အိမ်ရှေ့ဥပရာဇာသည် ပိဋကတ်တော်နှင့် မြသပိတ်တော်တို့ကို စစ်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဖောင်တော်ဖြင့် ဧရာဝတီမြစ်အတိုင်း ဟံသာဝတီသို့ ပင့်ဆောင်လာခဲ့ရာ မလွန်မြို့သို့ ရောက်သော အခါ ဖောင်တော်မလွန်ဆန်နိုင်သည်ကို လေ့လာရာ အမြူတေရှိရာ အမြူတေလာဆိုသကဲ့သို့ မြသပိတ်စေတီတော်


အကြောင်းကြားသိရ၍ ပင့်ဆောင်လာသော မြသပိတ်တော်အား (**ရတနာ စက် ဣ**) စေတီတော်အတွင်းသို့ ဌာပနာသွင်း၍မွမ်းမံပြင်ဆင်လှူဒါန်းခဲ့ပါသည်။ မြသပိတ်တော်သည် မလွန်မြို့ကို မကျော်လွန်နိုင်သည်ဖြစ်၍ မလွန်မြို့ရှိ(**ရတနာ စက် ဣ**)စေတီတော်အား **မြသပိတ်စေတီတော်** ဟု ဘွဲ့အမည်ဖြင့် ယနေ့တိုင် ထင်ရှားနေပါသည်။

မြသပိတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နတ်တော်လဆန်း (၁) ရက်နေ့မှ နတ်တော်လပြည့်နေ့အထိ ကျင်းပပါသည်။ မလွန်မြသပိတ်သို့ မကွေးမြို့ ဧရာဝတီမြစ်ကူးတံတားမှ ညာဘက် (တောင်အရပ်) သို့ (၂၃) မိုင် ခရီးကွာဝေးပါသည်။ ရှေးဟောင်းယဉ်ကျေးမှုမြို့ဟောင်း မလွန်တွင် လေ့လာစရာများသကဲ့သို့ နိုင်ငံတော်စက်ရုံများ တည်ရှိပါသည်။ ရန်ကုန်မှ မလွန်တစ်ဘက်ကမ်း ပဋ္ဌာနဂိုရ် ဇက်ဆိပ်ကမ်းသို့ သွားရောက်နိုင်ပါသည်။ ရန်ကုန်(အထက်) မင်းလှမြို့ မလွန်မှန်လုံ အဝေးပြေးလိုင်းကားရှိပါသည်။







တန့်ကြည့်တောင် စွယ်တော်ရှင်



လောကနန္ဒာ စွယ်တော်ရှင်



တုရင်းတောင် စွယ်တော်ရှင်



ရွှေစည်းခုံ စွယ်တော်ရှင်

# ပုဂံ(စွယ်တော်လေးဆူ) လမ်းညွှန်

ရွှေစက်တော်မှ ဘုရားဖူးခရီးစဉ်ဆက်လိုသော် ပုဂံ-ပုပ္ပါး-တောင်ကြီး-ပင်းတယ-အင်းလေးဖေါင်တော်ဦး ခရီးစဉ်၊ ပုဂံ-ပုပ္ပါး-ပခုက္ကူမြို့မှ အလောင်းတော်ကဿပ ခရီးစဉ်၊

ပုသိမ်-မုံရွာလမ်းအတိုင်း ပုသိမ်မြို့-ချောင်းသာ-ပန်းတောင်း-တောင်ကုတ်မြို့-သံတွဲ ငပလီခရီးစဉ်၊ပုသိမ်-မုံရွာလမ်းပေါ် (၇)မိုင်ခန့် ပဒါန်းကျေးရွာမှ အနောက်ဖက် အမ်းတောင်ကြားလမ်းအတိုင်း ရခိုင်ပြည်နယ်မြို့ဟောင်း-မြောက်ဦးမြို့-စစ်တွေမြို့-ကျောက်ဖြူမြို့ ခရီးစဉ်တို့ရှိပါသည်။

ရွှေစက်တော်မှ အထက်ဖေါ်ပြပါ ခရီးစဉ်များ မဆက်မီ မင်းဘူးမြို့စက်ကိန်းတဲရွှေစေတီ၊ မကွေးမြို့မြသလွန်စေတီ၊ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော် တို့ကို ဖူးမျှော်ပြီး၊ နဂါးပွက်တောင်ကိုသွားရောက် ကြည့်ရှုသင့်ပါသည်။

ညောင်ဦးမြို့နှင့် ပုဂံ(စွယ်တော်လေးဆူ)ခရီးစဉ်သည် ရှေးဟောင်းဘုရားပုထိုးစေတီများ၊ မြို့ဟောင်း၏မြို့ရိုးတို့ကို တွေ့မြင်နိုင်ပြီး၊ မြန်မာ့ဇာတိသွေးဇာတိမာန် ဇာတိပုညဂုဏ်မာန ဖေါ်ပြသော ဂုဏ်ယူဘွယ်ရာ နေရာဒေသဖြစ်သလို ၊ပုပ္ပါး တောင်ကလပ်၏ ထူးခြားလှသောမြင်ကွင်းကို တွေ့မြင်နိုင်ရန် ပုဂံ-ပုပ္ပါး ခရီးစဉ် (ရွှေစက် တော်မှ မိုင်-၉၀-ခန့်) ကိုသာလျှင် အထူးခရီးစဉ်အဖြစ် ရွေးချယ်လေ့ ရှိကြပါသည်။

ပုပ္ပါးတောင်မှ ပုဂံမြို့ဟောင်းသို့လာ၍ ရောဝတီတံတား(ပခုက္ကူ) ဖြင့် (၁၅)မိုင် အကွာ ပခုက္ကူမြို့၊ မုံရွာမြို့တို့မှတဆင့် အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်ကို ဆက်နိုင်ပါသည်။

အေဒီ (၁၁)ရာစုနှစ်မှစခဲ့သော မြန်မာနိုင်ငံတော်ရှိ ပုဂံပြည်သားတို့၏ ရှေးဘုရားများမှာ (လှည်းဝင်ရိုးသံ) ၄၄၄၆ ဆူရှိရာမှ နှစ်ပေါင်းရာချီ၍ ကြာမြင့်သောအခါ ရာသီဥတုနှင့်သဘာဝဘေးအန္တရာယ်တို့ကြောင့် မခိုင်မြဲသောစေတီပုထိုးတော်တို့မှာ မြေခခဲ့ကြရာ စေတီပုတိုးပျက်တောင်ကုန်းတို့မှာ လက်ညှိုးထိုးမလွဲ တည်ရှိနေပါသည်။


ပုဂံမြေသို့ တစ်ခေါက်ရောက်ဖူးလျှင် နောင်တစ်ချိန်တွင် ထပ်မံလာရောက်ဦးမည်ဟု တွေးမိမှာ အမှန်ဖြစ်ပါသည်။ အချိန်တိုအတွင်း အရောက်သွားရမည့်စေတီတော်များမှာ အာနန္ဒာ၊ သဗ္ဗညုကန်တော့ပုလ္လင်၊ လောကနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့်၊ဓမ္မရာဇကစေတီတော်၊ မြစေတီ (ကျောက်စာ)နှင့် ပုဂံပြတိုက်၊ ယွန်းပြတိုက်တို့အား ဖူးမြော်ခြင်း၊ လေ့လာခြင်းများပြုနိုင်ပါသည်။

နေ့ချင်းပြီးဖူးမျှော်လေ့ရှိကြသည့် စွယ်တော်လေးဆူတို့မှာ ရွှေစည်းခုံလောကနန္ဒာ၊ တူးရွှင်းတောင်၊ တန့်ကြည်တောင် စေတီတော်များဖြစ်ပါသည်။


အင်း၀ခေတ် တဘောင်မှာ **ဤလေးဆူဘုရား၊ စွယ်တော်များကို တစ်ရက်အားဖြင့် ဖူးရ သင့်ငြား အကျိုးမှာကား ဣဒ္ဓိ၊ သိဒ္ဓိ ကြံတိုင်းပြည့်၏** ဟု ဆိုကြပါသည်။ စေတီလေးဆူကား လှူသောအလှူ တောင်းသောဆု တူရပါမည်။ သီဟိုမှ ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်ပွားများအား အနော်ရထာမင်းကြီးကိုယ်တိုင် ပုဂံပြည်သို့ ပင့်ဆောင်ဌာပနာ တည်ထားကိုးကွယ်ခဲ့သော စွယ်တော်မြတ်စေတီလေးဆူ ဖြစ်ပါသည်။

ပုဂံတွင် ဟိုတယ်များပါသည်။ ဘုန်းကြီးကျောင်းမှာ တည်းခိုနိုင်ပါသည်။ မြန်မာဟင်းမျိုးစုံ ၊ ထမင်းတပွဲ (၁၅၀၀/-ကျပ်) ဖြင့် (၂၀၀၇) ခုနှစ်က စားရသည်မှာ ပုဂံသားတို့ စေတနာဖြစ်ပါသည်။ အညာဓလေ့အရ ထမင်းဆိုင်မှ လက်ဖက်၊ ထန်းညက်၊ ငှက်ပျော၊ သဘော်၊ မာလကာ၊ စပျစ်၊ စတော်ဘယ်ရီ၊ သီးနှံစုံဧည့်ခံသဖြင့် ပုဂံသားများကို အားနာကြပါသည်။





ပုပ္ပါးတောင်မကြီးကိုအဝေးမှတွေ့မြင်ရပုံ



ပုပ္ပါးတောင်ကလပ်

## ပုပ္ပါးတောင် ( စကားဝါမြေ )

**ပုဂံမှ ဗျတ္တပန်းဆက်လမ်းဖြင့် ပုပ္ပါးသို့** (၂၉) မိုင် ခရီးစဉ် ဆက်နိုင်ပါသည်။ ပုပ္ပါးဟူသည် ပါဠိဘာသာ ပုပ္ဖ (ပန်း) ဟူသော အဓိပ္ပါယ်အနှစ်သာရပြည့်ဝသည်ကို တွေ့မြင်နိုင်ပါသည်။ မြေလတ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်း ဒေသတွင် ပုပ္ပါးသည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၉၈၁) ပေမြင့်ပါသည်။ ပုပ္ပါးသည် (ငါးထောင်ဆယ့်ကိုးရပ်) ဟု မှတ်ကြပါသည်။ ပုပ္ပါးတောင်ကလပ်သည် (၂၄၁၇) ပေ အမြင့်ရှိသော်လည်း အထက်စက်တော်ရာ စောင်းတန်း လှေကားထစ် တက်ခဲ့သူ များအတွက် သက်သာလှပါသည်။ (မျောက်)များအလွန် များသဖြင့် ကင်မရာနှင့် လက်ကိုင်ဖုန်း များကို စားစရာမှတ် တတ်သောကြောင့် သတိထားကြ ပါသည်။ တောင်ကလပ်ပေါ်မှ ရှုခင်းများမှာ ကိုယ်တိုင်ကြုံမှ ပြောပြနိုင်ကြပါသည်။ တော်သလင်းလပြည့်နှင့် လပြည့် ကျော် (၂) ရက်နေ့ ဘဘိုးမင်းခေါင် ထွက်ရပ်ပွဲတွင် လူစည် ကားလွန်းသဖြင့် ပုပ္ပါးတောင်ဥယျာဉ်မှ မော်တော်ယာဉ်များ မဝင်နိုင်၍ ခြေလျင်လျှောက်သူများနှင့် တောင်ကလပ်တခွင်

စည်ကားလှပါသည်။ ပုပ္ပါးတွင် စတော်ဘယ်ရီသီး၊ နတ်သြဇာသီး၊ ပုပ္ပါး သြဇာသီး၊ မာလကာသီး၊ ငှက်ပျောသီး အလွန်များပါသည်။ ပုပ္ပါးတောင်မှ သဘာဝရေထွက်များကို တွေ့နိုင်သကဲ့သို့ ပုပ္ပါးရေထွက်တစ်ခုမှ ရေသန့်ကို ကျေးရွာများတွင်မက ကျောက်ပန်းတောင်းမြို့ထိ ပေးပို့နိုင်ပါသည်။ ပုပ္ပါးတွင် တည်းခိုရန် ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများရှိသကဲ့သို့ သစ်တောဌာနရိပ်သာတည်းခိုဆောင် ဟိုတယ်များရှိပါသည်။ ပုပ္ပါးတွင် အချိန်ပေးနိုင်ပါက ပုပ္ပါးတောင်ထိပ်သို့ တက်ရောက်နိုင်ပါသည်။ ပုပ္ပါးတောင်သည် လွန်ခဲ့သော နှစ်တစ်သန်းဝန်းကျင်က မီးတောင်ပေါက်ကွဲမှုကြောင့် တောင်ထိပ်ပေါ်ရှိ အမြင့်ဆုံး မှန်ပြတောင်တို့အလယ်တွင် ချိုင့်ဝှမ်းကြီးမှာ မြင်းခွာသဏ္ဌာန်တည်ရှိနေရာ ၎င်းချိုင့်ဝှမ်းအတွင်း၌ တောကြီးသဖြင့် သားရဲတိရစ္ဆာန်တို့ ဘေးကြောင့် သာမန်လူများ တောမဝင်ကြဟု ကြားသိရပါသည်။ ပုပ္ပါးတွင် သမထ ဝိပဿနာ အလုပ်စခန်းဝင်သော ပုဂ္ဂိုလ်များရှိသကဲ့သို့ ခြေလျင်တောင်တက်သူများ၊ ပရဆေးပင်၊ ဂမုန်းပင်၊ သစ်ခွပင်နှင့် တောထွက်ပစ္စည်းရှာဖွေသူများ၊ လေ့လာရေးအဖွဲ့များ၊ ဘုရားဖူးအဖွဲ့များနှင့် ပုဂံမှလာသော နိုင်ငံခြားဧည့်သည်များ စည်ကားနေပါသည်။

# ရွှေစက်တော် လမ်းညွှန်
# မိဖုရားကြီး ရှင်ဘို့မယ်

(အသက်ရှည်စေလို မန်းတောင်ရိပ်ခို) (ဘေးကင်းရန်ကွာ မန်းစက်တော်ရာ) ဆိုရိုးစကားနှင့်အညီ လွန်ခဲ့သော နှစ်ပေါင်း (၆၀၀) နီးပါးက မိဖုရားကြီး ရှင်ဘို့မယ်သည် မန်းတောင်ရိပ်ခိုလှုံခဲ့ပါသည်။ ရှင်ဘို့မယ်သည် တန်ဆောင်းနှင့် အထက်စက်တော်ရာစောင်းတန်း လှူဒါန်းပါသည်။ အထက်စက်တော်ရာ စောင်းတန်းဘယ်ဘက်ဘေး၊ အထက်စက်တော်ရာအောက် လှိုင်ဂူတွင် သမထ ဝိပဿနာကျင့်ကြံပါသည်။ **ရှင်ဘို့မယ်ဂူ** ဟု ယခုတိုင် တည်ရှိနေပါသည်။ အင်းဝခေတ်ထင်ရှားသော မိဖုရားကြီး ရှင်ဘို့မယ်ကို ပင်းယတစ်စီးရှင် (သီဟသူ၏မြေး) သခ်သူငယ်နှင့် အင်းဝ ဘုရင်မင်းကြီးစွာ၏ (သမီး) ဇဏကဒေဝီ တို့က ဖွားမြင်ပါသည်။

(၁)ပထမမင်းခေါင်ဘုရင်၊ (၂)သီဟသူ၊ (၃) ဘုရင်လေးမင်းလှငယ် [မိဖုရား စောမင်းလှ (သား)] (၄) ဘုရင်ကျေးတောင်ညို၊ (၅) မိုးညှင်း သတိုး (ခေါ်) မိုးညှင်းမင်းတရားကြီး (ပုဂံနရပတိစည်သူ၏ အနွယ်) အထိ မင်းငါးဆက်တိုင် ချီးမြှောက်ခြင်းခံရသော မိဖုရားကြီး ရှင်ဘို့မယ်ဖြစ်ပါသည်။ မိုးညှင်းမင်းတရားကြီး အင်းဝကို

တိုက်ခိုက်သောအခါ ဘုရင်ကျေးတောင်ညိုသည် ဓညဝတီ ရခိုင်ပြည်သို့ ထွက်ပြေးကြရာ ပဲလွန်းတောင်၌ ဘုရင် ကျေးတောင်ညို ကွယ်လွန်၍ မိဖုရားကြီး ရှင်ဘို့မယ် ရွှေစက်တော် မန်းတောင်ရိပ် ခိုလှုံခဲ့ခြင်းဖြစ်ပါသည်။

အင်းဝမင်းဆက်၏ ရှစ်ဆက်မြောက် ခရစ်နှစ် (၁၄၂၆-၁၄၃၉) မိုးညှင်းသတိုး(ခေါ်)မိုးညှင်းမင်းတရားကြီး အင်းဝနန်းတက်သော် သူရဲကောင်းပညာရှိအမတ် ရာဇ သင်္ကြန်၏ တိုက်တွန်းချက်အရ သားတော်ကို ခေတ္တ နန်းအပ်၍ မိုးညှင်းမင်းတရားကြီးကိုယ်တိုင် ရွှေစက်တော်သို့ မိဖုရားကြီး ရှင်ဘို့မယ်အား သွားရောက်ခေါ်ဆောင်ပါသည်။ မိုးညှင်းမင်းသည် သက္ကရာဇ်ဖြိုသောမင်းအဖြစ်လည်း ထင်ရှားခဲ့၏။ မိုးညှင်းမင်းလက်ထက် သက္ကရာဇ်မပြိုဘဲ သက္ကရာဇ်အတို၊ သက္ကရာဇ်အရှည် နှစ်မျိုးပေါ်ပေါက်ခဲ့ ပါသည်။



မိဖုရားကြီးရှင်ဘို့မယ်

# ရွှေစက်တော် လမ်းညွှန်
# ရှင်ပင်ချမ်းသာကြီး စေတီတော်
## ဓါတ်တော်ကုန်း

မိုးညှင်းမင်းတရားသည် ရွှေစက်တော်တွင် တန်ဆောင်းပြဿဒ်နှစ်ဆောင် လှူဒါန်းခဲ့ပါသည်။ ရှင်ဘို့မယ် အား မိဖုရားတင်မြှောက်ပြီး ရတနာပူရ အင်းဝသို့ ပြန်ရန် (မင်းဘူးမြို့) ရောဝတီဆိပ်ကမ်းသို့ ဆိုက်ရောက်လာပါသည်။ ရတနာပူရအင်းဝ ရှစ်ဆက်မြောက်မင်းနှင့် မင်းငါးဆက် မိဖုရားကြီး ရှင်ဘို့မယ်တို့ မင်းနှစ်ပါးပူးပေါင်း၍ ဓာတ်တော် ကုန်းပေါ်တွင် ချမ်းသာကြီးစေတီတော်ဘွဲ့တော်တင်၍ တည်ထားတော်မူသဖြင့် အရပ်ဒေသအား (မင်းပူး) ဟု ခေါ်ဝေါ်ကြောင်း ကြားသိရပါသည်။

**(ဓာတ်တော်ကုန်း ချမ်းသာကြီးစေတီတော် ကျောက်စာ)**





ရှင်ပင်ချမ်းသာကြီးစေတီတော်

# မင်းပူး ဦးဩဘာသဆရာတော် ၏ ပိဋကတ် တိုက်တော်ကြီး

မင်းဘူးမြို့၊ ဓါတ်တော်ကုန်း ရှင်ပင်ချမ်းသာကြီး စေတီတော်အနီး အနောက်ဘက်တွင် လှိုင်ဂူစေတီအဖြစ် တည်ရှိပါသည်။ လှိုင်ဂူအတွင်း၌ ဆရာတော်ကြီးရုပ်ထု တည်ရှိပါသည်။ လှိုင်ဂူအတွင်း သမထ ဝိပဿနာ ကျင့်ကြံအားထုတ်ရန်နှင့် စကားပြေရေးသားရန် သင့်တော်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀) ကုန်းဘောင်ခေတ်လယ်ပိုင်းတွင် ထင်ရှားသော စာဆိုတော်၊ ဇာတ်တော်ကြီးရှစ်ဘွဲ့ စကားပြေ ရေးသားတော်မူခဲ့သော မင်းပူးဆရာတော် ဦးဩဘာသ၏ ပိဋကတ်တိုက်တော်ကြီးအား ဦးထိပ်ထား၍ ရွှေစက်တော်သမိုင်းစုံဆိုသော ★ စန္ဒကူးနံ့သာကျောင်းတော်ရာ၊ ★ ရွှေစက်တော်၊ ★ စက်ကိန်းတဲရွှေစေတီ၊ ★ မကွေးမြသလွန်၊ ★ မလွန်မြသပိတ်၊ ★ ဓါတ်တော်ကုန်း ရှင်ပင်ချမ်းသာကြီး စေတီ တော် ★ မင်းပူး ဦးဩဘာသဆရာတော် ပိဋကတ် တိုက်တော်ကြီးစသည့် ရွှေစေတီများသမိုင်း ရှာဖွေတင်ပြ လေ့လာရေးသား ပူဇော်ပြီးစီးပါတော့မည်။

ပိဋကတ်သာသနာသမိုင်းဝင် (ရွှေစက်တော်အစ

ကျောင်းတော်ရာ က)ဟု ဆိုပါသည်။ သံဃာတော်အရှင်သူမြတ်များ၊ ပညာရှင်များကသာ ဆုံးဖြတ်အတည်ပြုထားသော ဗုဒ္ဓဘုရားရှင်ကြွတော်မူသော အချိန်ကာလ (ဝါတော်)၊ ခြေတော်ရာ၊ အတိုင်းအထွာ၊ နေရာဒေသ၊ စန္ဒကူးနံ့သာကျောင်းတော်ရာ၊ ရွှေစက်တော်တို့ကို ယုံမှားသံသယမရှိ သဒ္ဓါတရားထက်သန်စွာ ပူဇော်နိုင်ကြစေရန် ရည်ရွယ်ပါသည်။

ရတနာပုံ အယ်ဒီတာ သတင်းစာဆရာကြီး ဘိုးဝဇီရ ရေးသားခဲ့သည်မှာ ပျူနိုင်ငံတော် ဟန်လင်းခေတ်ကာလက ရဟန်းတော်တပါးသည် ခမည်းတော်ဘုရင် စိတ္တရာဇာနှင့် မယ်တော်ကြီး ပဒုမဒေဝီတို့ ဖူးမြော်ကိုးကွယ်ရန် မန်းရွှေစက်တော်မှ စက်တော်ရာကို တန်ခိုးဖြင့် ပါဒပုံတူ ကူးယူပေးပြီး ဈာန်ဖြင့် ပင့်ဆောင်တော်မူခဲ့ကြောင်း တင်ပြခဲ့ပါသည်။

သမထ ဝိပဿနာကျင့်ကြံအားထုတ်တော် မူကြသော သံဃာတော်အရှင်သူမြတ်တို့ ကိုးကွယ်ဆည်းကပ်ရာ မန်းရွှေစက်တော်အား သံသယမရှိ ကိုးကွယ်ဆည်းကပ်ကြစေလိုသော ရည်ရွယ်ချက် အောင်မြင်မည်ဟု ယုံကြည်မှု အပြည့်ရှိပါသည်။

မန်းရွှေစက်တော် ဖူးမြော်မဝ၍ ခြေတော်ရာ(ပွား) ထုလုပ်ပူဇော်လိုပါက ငဖဲစောင်းတန်းဘေးတွင် တည်ရှိသော (စံပြ)ခြေတော်ရာ (ပွား)အား စံထားထုလုပ် ကိုးကွယ်ကြပါသည်။ ခြေတော်ရာ (ပွား)များကို ရွှေတိဂုံရင်ပြင်တော် (အင်္ဂါ)ဒေါင့် အရှေ့တောင်အရပ် ညောင်ပင်ကြီးရှေ့ တန်စောင်းအတွင်း၌လည်းကောင်း၊ ဆူးလေစေတီတော် (မြို့တော်ခန်းမ) မြောက်ဘက်မုခ် ဝင်ပေါက်အတွင်း ဘယ်ဘက်တွင်လည်းကောင်း၊ ရန်ကုန်၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ပွားတော်တွင်လည်းကောင်း၊ ပုဂံပြတိုက်တွင် လောကနန္ဒာမှ ပုံတော်အားလည်းကောင်း၊ ပုဂံရွှေစည်းခုံ မြောက်ဘက်တန်ဆောင်း ပုဂံဝက်ကြီးအင်း ဂူပြောက်ကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဖူးမျှော်နိုင်ကြပါသည်။

ကိုးခန်းကြီးမှ (၈၄) ထစ်လှေကားတက်ရမည့်အစား လျှပ်စစ်ဓါတ်အားရရှိလာသဖြင့် နောင် တချိန် စက်လှေခါး၊ ဓါတ်လှေခါး တပ်ဆင်နိုင်ရန် ၊ (၃)မိုင် မော်တော်ယာဉ်လမ်း ပြုပြင်ရန်၊ ကားလမ်းဘေး ဓမ္မာရုံဇရပ်များ ဆောက်လုပ်ရန်နှင့် မုဒ်ဦးဆောက်လုပ်ရန်အတွက် အလှူရှင်များ ပေါ်ပေါက်ရန် နှိုးဆော်အပ်ပါသည်။

ရွှေစက်တော်အား သံသယမရှိ ယုံကြည်မှု သဒ္ဓါ

တရား အားကောင်းစေရန် စေတနာရည်ရွယ်ချက်ဖြင့် စေတီခုနစ်ဆူသမိုင်းအပါအဝင် ရွှေစက်တော်သမိုင်းစုံ ရှာဖွေတင်ပြလိုက်ရပါသည်။ အားနည်းချက်များရှိပါက နားလည်ခွင့်လွှတ်ပြီး လိုအပ်သော သြဝါဒနှင့် အကြံဉာဏ် ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မင်းဘူးဒေသဖွားမို့ မင်းပူးဆရာတော်ကြီး ဦးသြဘာသ၏ ရွှေစက်တော်ဘွဲ့ဖြင့် ရွှေစက်တော်အား ပူဇော်ကန်တော့ကြပါစို့။

ငွေးမြင့်သိမ်း (ဒဿနိက)

# မင်းပူးဆရာတော် ဦးဩဘာသ၏ အတ္ထုပ္ပတ္တိ

မြန်မာစာပေသမိုင်းတွင် မှတ်ကျောက်တင်ခံရအောင် စကားပြေအရေးအသားကောင်းမွန်သော ဇာတ်တော်ကြီးရှစ်ဘွဲ့ (တေ-ဇ-နေ-မ-စန်-နာ-ဝိ-ဝေ) ကို ရေးသားစီရင်ခဲ့သော မင်းပူးဆရာတော် ဦးဩဘာသသည် သက္ကရာဇ် (၁၁၂၀) ပြည့်နှစ်ခန့်တွင် ဖွားမြင်သူဖြစ်သည်။ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ မဟောသဓာဇာတ်စသည့် သူ့စာတို့ကပြောသော အချက်အလက်များအရ မွေးသက္ကရာဇ်ကို ခန့်မှန်းရခြင်းဖြစ်သည်။ (ဗိုလ်မှူးဘသောင်း၏ "စာဆိုတော်များ အတ္ထုပ္ပတ္တိနှင့်" မြန်မာ့စွယ်စုံကျမ်းတွင် အကျယ်ကြည့်ပါ။)

ဖွားရာ ဇာတိကား မင်းပူးမြို့အနီး ရပ်သာရွာဇာတိ ဖြစ်သည်။

နာရဒဇာတ်တော် နိဂုံးကိုထောက်၍ တိုင်းရပ်ပြည်ရွာ မငြိမ်မသက်ရှိသောကြောင့် ရပ်သာရွာမှ ဆရာတော်၏ ဘိုးဘွားဆွေမျိုးအုပ်စုတို့ တစည်းတဝေးပြေးလာပြီး ရောဝတီမြစ်ကမ်းနဖူး မင်းပူးသို့ ငြိမ်းချမ်းစွာ ခိုလှုံလာကြောင်း သိရသည်။ အချိန်ကာလမှာ မွန်တို့ပဲခူးမှ အင်းဝချီ

တက်ချိန်၊ နောက်ပိုင်းအခြေမလှ၍ အလောင်းမင်းတရား ဦးအောင်ဇေယျ က တိုက်ထုတ်သဖြင့် စစ်ဆုတ်ရချိန် ဖြစ်သည်။

၁၉၅၆ ခု၊ တတိယကြိမ်ပုံနှိပ်သော ဝေမိယဇာတ်တော်ကြီး နိဒါန်းတွင်ပါရှိသည့် ဟံသာဝတီပိဋကတ်တိုက်၏ ထုတ်ဖော်ရေးသားထားချက်မှာ တိကျလွန်းပေသည်။ "မင်းပူးဆရာတော် ဦးဩဘာသအား စကုအပိုင် မင်းပူး ရပ်သာရွာကြီး၌ မြင်းစီးမြင်းခေါင်းသူကြီး ရိုးရာဖြစ်သော အဘဦးဇေယျ၊ အမိ ဒေါ်မင်းလှတို့မှ ကောဇာသက္ကရာဇ် (၁၁၂၀) ပြည့်နှစ်၊ နယုန်လဆန်း (၄) ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ (၁၆) ဖဝါး အလွန်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်" ဟု ဆိုထားပေသည်။

ဆရာတော် အလောင်းအလျာသည် မင်းပူးအရှေ့လေသာကျောင်းဆရာတော်ထံတွင် ပညာသင်ကြားရာ (၆) နှစ်သားအရွယ် ငယ်စဉ်ကပင် သူတကာတို့ထက် စာပေအရာ သာလွန်ထူးချွန်စွာ တတ်မြောက်လေသည်။ ကဗျာလင်္ကာ၊ ရတုရကန်၊ အဲအန်စသည် တတ်မြောက်ရုံသာမက ဆင်ကြန်၊ မြင်းကြန် ဗေဒင်၊ တိတ္ထုံစသော အတတ်များကိုပါ သင်ကြားတတ်မြောက်လေသည်။

၁၅ နှစ်သားအရွယ်သို့ ရောက်သောအခါ ရှင်သာ

မကျော ပြုလုပ်၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်အရိယဝံသဖြစ်သည်။ သာမကျောအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ရောက်သောအခါ လောကီစာပေ ရေးသားမှုများကို ရှောင်ရှားလျက် လောကုတ္တရာ စာပေများကိုသာ ကြိုးစားအားထုတ် သင်ကြားခဲ့လေသည်။

ဆရာတော်၏မျိုးရိုးမှာ အသည်မျိုးရိုးဖြစ်သည်။ "အသည် ဇာတိသားဖြစ်သော မင်းမှုထမ်းမဟုတ်သူ" ဟု မဟာသရေစည်သူ ဦးချမ်းသာ (လက်ဝဲမင်းညို) ရေး "မင်းပူး ဦးဩဘာသ၏ ဘဝနှင့်စာပေ" စာအုပ်တွင် ဖွင့်ပြသည်။ ဆရာတော်သည် ဇာတ်တော်ကြီးနိဂုံးတို့တွင် "အသည်သား" ဖြစ်ကြောင်း ထင်ထင်ရှားရှား ရေးသီခဲ့သည်။

ဆရာတော်သည် စာပေတွင်သာမကဘဲ လက်မှုပညာ၊ ဂီတပညာ၊ စစ်တုရင်၊ ဗိသုကာစသော ပညာရပ်အသီးသီးတို့ကိုလည်း မြင်ရုံကြားရုံးနှင့်ပင် သိလွယ် တတ်လွယ်သော ပဋိဘာန်ဉာဏ်နှင့် ပြည့်စုံကြောင်း သိရသည်။

ကျောင်းဒကာ မောင်ဝ၊ မောင်ထောက် စသော ဒကာများက "အတ္တဟိတ ပရဟိတ" အကျိုးနှစ်ပါးကို မြော်မြင်၍ ထင်ရှားသိသာအောင် ဇာတ်တော်မဟာမင်္ဂလာကို ရေးသားစီရင်ပါရန် အနူးအညွတ်တောင်းပန်လျှောက်ထားကြသောကြောင့် ဇာတ်ကြီးရှစ်ဘွဲ့ကို ရေးသားစီရင်ခဲ့

လေသည်။

မဟာသရေစည်သူဦးချမ်းသာ (လက်ဝဲမင်းညို) ရေး 'မင်းပူးဦးဩဘာသ၏ ဘဝနှင့်စာပေ' စာအုပ်မှ မြင်လွယ် ထင်လွယ်အောင် ဇယားဖြင့် ထုတ်နုတ် ဖော်ပြရလျှင် အောက်ပါအတိုင်းဖြစ်ပါသည်။

| အမှတ်စဉ် | ပြန်ဆိုသော ဇာတ်ကြီးအမည် | ကျမ်းရေးဌာန နှင့် ဆရာတော် | ကျမ်းပြီးခုနှစ် | တောင်းပန် လျှောက်ထားသူ |
|---|---|---|---|---|
| ၁။ | **စန္ဒကုမာရ** | မင်းပူးလေသာကျောင်းတိုက် ဦးဩဘာသ ဆရာတော် | ၁၁၄၄ ပြာသိုလ | မောင်ထောက် |
| ၂။ | **နာရဒ** | ၎င်း | ၁၁၄၄ တန်ခူးလ | ၎င်း |
| ၃။ | **ဝိဓူရ** | ၎င်း | ၁၁၄၅ ဝါခေါင်လ | ၎င်း |
| ၄။ | **ဝေဿန္တရာ** | ၎င်း | ၁၁၄၅တပေါင်းလ | ၎င်း |
| ၅။ | **မဟော်သဓ** | ၎င်း | ၁၁၄၆ တန်ဆောင်မုန်းလ | ၎င်း |
| ၆။ | **မဟာဇနက** | ၎င်း | ၁၁၄၇ နယုန်လ | ၎င်း |
| ၇။ | **နေမိ** | ၎င်း | ၁၁၄၈ ဝါဆိုလ | ၎င်း |
| ၈။ | **တေမိယ** | ၎င်း | ၁၁၄၈ တပို့တွဲလ | ကျောင်းဒကာ မောင်ဝ |
| ၉။ | **ဘူရိဒတ်** | မင်းပူးလေသာကျောင်းတိုက် အရှင်နန္ဒမေဓာ | ၁၁၄၈ နတ်တော်လ | သာမဏေ ရှင်ဥတ္တမသ |
| ၁၀။ | **သုဝဏ္ဏသာမ** | လေသာကျောင်းတိုက်ခွဲ ပုဂံစစ်ရွာ ရန်ကုန် ဆရာတော် တပည့် ရှင်ပညာတိက္ခ | ၁၁၈၈ နယုန်လ | စာရေးတော် မောင်သာ |

ဆရာတော်သည် နာရဒဇာတ်တော်ကြီးကို နှစ်လနှင့် အပြီးရေး၍ ဝိဓူရဇာတ်တော်ကို ငါးလနှင့်ရေးပြီး

အခြားဇာတ်တော်များကို အကြာဆုံး ခုနှစ်လအတွင်း ပြီးစီးအောင် ရေးသားခဲ့သည်။ ဤမျှ တိုတောင်းသော အချိန်ကာလအတွင်း စကားပြေအရေးအသား အလွန်ကောင်းမွန်၍ စံတင်လောက်သော ဇာတ်တော်ကြီးများကို ပြီးစီးအောင်မြင်အောင် ရေးသားနိုင်သည့်အတွက် ဆရာတော်၏အရည်အချင်းမှာ အမှန်တကယ်ပင် ချီးကျူးဖွယ်ဖြစ်သည်။

ဆရာတော် ဦးဩဘာသသည် သူ့ဘဝတွင် ဇာတ်တော်ကြီးရှစ်စောင်နှင့် စာပေသမိုင်း၌ မော်ကွန်းတင်ခြင်း ခံခဲ့ရလေသည်။ အရေးအသားမှာ ပြေပြစ်ပေါ်လွင်၍ စေ့စပ်သည်။ စကားပိုစကားကြွင်းမရှိ။ စကားပြေအရေးအသားတွင် ဝါကျတိုရှည်အားပုံးကို ရှင်းခနဲ ထင်းခနဲဖြစ်အောင်ရေး နိုင်စွမ်းရှိလေသည်။

ဆရာတော်သည် စကားပြေ၌သာမက လင်္ကာရတုဖွဲ့ဆိုရာတွင်လည်း မှတ်ကျောက်တင်ခံရလေသည်။ ပုဂံဝန်ထောက်မင်း ဦးတင်ပြုစုသော ကဗျာ ဗန္ဓသာရကျမ်းလာရတု စပ်ဆိုစီကုံးသူ (၈၂) ဦးစာရင်းတွင် အမှတ်စဉ် (၈) ၌ "မဟာနိပါတ်ဇာတ်ကြီးဆယ်စောင်ကို မြန်မာဘာသာစကားပြေရေးသားတော်မူသော မင်းဘူး ဦးဩဘာသဆိုရတုအမျိုးမျိုး" ဟု ဖော်ပြပါရှိလေသည်။

ဆရာတော်၏အကြောင်းကိုပြောလျှင် ဆရာတော်

ပြုစုခဲ့သော 'ဂုဏ်တော်ဖွင့် ဘုရားရှိခိုးကြီး' ကိုလည်း ချန်ထား ခဲ့၍ မဖြစ်ပေ။ ၎င်းဂုဏ်တော်ဖွင့်ကြီးကို ရှင်လူတို့ အလွန် နှစ်သက်ကြသဖြင့် ဝတ်အသင်းများတွင် အမြဲရွတ်ဖတ်ပူဇော် လေ့ရှိခဲ့ကြသည်။ ဆရာတော်၏ ဂုဏ်တော်ဖွင့်ကြီးသည် အကျဉ်း၊ အကျယ်အားဖြင့်ခွဲကာ ပြုစုထားသဖြင့် အထူးပင် ကျယ်ပြန့်ပြည့်စုံလှပေသည်။ ထိုဂုဏ်တော်ဖွင့်ကြီးကို ဟံသာ ဝတီပုံနှိပ်တိုက် ၁၉၅၉-ခုနှစ်ထုတ် "ဂုဏ်တော်ဖွင့်ပေါင်းချုပ်" စာအုပ်တွင် ရှာဖွေဖတ်ရှုကြည်ညိုနိုင်ကြသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့ကို (တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ)ဟု အများသိထားကြသည့် အစဉ်အတိုင်း ဆရာတော်က မရေးမူ၍ (စန်၊ နာ၊ဝိ၊ ဝေ၊ မ၊ ဇ၊ နေ၊ တေ) ဟု အစဆုံးသော **တေမိယ**ဇာတ်တော်ကြီးကို နောက်ဆုံး ထားစီရင်ရေးသား ပြုစုခဲ့သည်။ **နေမိ**နှင့် **တေမိယ**ဇာတ် တော်ကြီးများသည် နက်နဲခံ့ညား တည်ကြည်သော သမာဓိ ဂုဏ်နှင့် ပြည့်စုံပြီး အခက်ဆုံး အနက်ဆုံးဖြစ်သောကြောင့် ပညာပြလို၍ နောက်ဆုံးထား ရေးသားဟန်တူကြောင်း မဟာသရေစည်သူ ဦးချမ်းသာ၏စာအုပ်တွင် မှတ်ချက်ပေး ထားသည်။

ဆရာတော် ဦးဩဘာသည် "လေသာကန်ပေါင် ရေမအောင်တဲ့ ကန်စွန်းသီး ဖောင်းပွပွကြီး" ဟူသော

**တပေါင်** သံကို ကြားတော်မူလျှင် လှေတော်ပဲ့နင်းကို ခေါ်တော်မူ၍ အမရပူရမြို့သို့ ဆန်တက်တော်မူကာ သံလွတ်ဆရာတော်ကြီးကို ပူဇော်ကန်တော့ပြီးအပြန် ခရီး တစ်ဝက်တွင် လှေတော်ထက်၌ ပျံလွန်တော်မူကြောင်း သိရသည်။ **(ဗိုလ်မှူးဘသောင်း၏ 'စာဆိုတော်များ အတ္ထုပ္ပတ္တိ')**

ဆရာတော် ပျံလွန်တော်မူစဉ် ဝါတော် ၂၀၊ သက္ကရာဇ် (၁၁၆၀) ပြည့်နှစ်ခန့်ဟု ခန့်မှန်းလေသည်။

ဇာတ်ကြီးဆယ်ဘွဲ့တည်းဟူသော စာပေပိဋကတ် နှင့် မင်းပူးဆရာတော် ဦးဩဘာသတည်းဟူသော အမည် နာမတို့ကို အမြဲတွဲစပ်၍ သိနေပြောနေ ရေးသားနေကြသူတို့ အထိုက်အလျောက်သိမီ ထောက်ထားနိုင်ရန် ရှာဖွေ ရေးသားလျက် ကျောက်စာမော်ကွန်းတင်လိုက်ရပါသည်။

ဆရာတော်သည် ဇာတ်တော်ကြီးဆယ်ဘွဲ့အနက် ရှစ်ဘွဲ့ကိုသာ ရေးသားခဲ့သော်လည်း ဤကျောက်စာအပါ အဝင် တချို့သောနေရာများ၌ "မဟာနိပါတ်ဇာတ်ကြီး ဆယ် စောင်ကို မြန်မာဘာသာ စကားပြေရေးသားတော်မူသော မင်းပူး ဦးဩဘာသ" စသည့် အသုံးအနှုန်းကို တွေ့ခဲ့သော် (ဇာတ်တော် ၅၄၇ သာရှိပါလျက် ငါးရာငါးဆယ် ဇာတ်တော် ကြီးဟု အများသိခေါ်ဝေါ်ကြသကဲ့သို့) ပဓာနနည်းအားဖြင့် သုံးနှုန်းထားခြင်းဖြစ်ကြောင်း နားလည်ကြရပါမည်။

မင်းပူး ဦးဩဘာသ ဆရာတော်၏ ပိဋကတ်တိုက်တော်ကြီး
စေတီတော်ရှေ့ ကျောက်စာ မှ **စာများကိုရှေ့စာမျက်နှာ**
ားတွင် ဖော်ပြသည်ကို ဂေါပကဥက္ကဋ္ဌဦးစိုးပိုင်မှ ခွင့်ပြုပါသည်။




မင်းပူးဆရာတော် ဦးဩဘာသ၏ အဋ္ဌုပ္ပတ္တိကျောက်စာ

# ရွှေစက်တော် ဘုရားရှိခိုး

(မင်းပူးဦးဩဘာသ ဆရာတော်)

ရောင်ခြောက်ပရမေ၊ သုံးလူ့ဆွေကို၊ ရှိသေ ပြန့်ပြော၊ သဒ္ဒါဇောဖြင့် နန္ဒောပနန္ဒ၊ ဦးနှိမ်ချလျက် ၊ အာဒိစ္စဝင်၊ မြတ်အရှင်ကို၊ ပင့်ပြီးသောအခါ၊ သံသရာဝဲ၊ ဩဃလွဲ၍၊ နွံထဲကတက်၊ ခေမာဘက်သို့၊ ထွက်စိမ့်သောငှါ၊ နဂါးရွာ၌၊ ရတနာရွှင်ပြော၊ ရွှေငွေပေါသည်၊ ရှင်စောမုနိ၊ ပြည်ပုရိကို၊ တလှည့်ကိုယ်တော်၊ အကြောင်းမျှော်၍၊ ခြေတော်ချာန်ကြွ၊ ချွတ်ပါမှ ဟု ကာလမကြာ၊ တဝါကြိုးစား၊ ကျွန်ုပ်အားကို၊ သနားပါမူ၊ ပင့်ဆောင်မူလည်း၊ သုံးလူ့ဆွေက၊ အခွင့်မပေး၊ အရေးမလှ၊ ကိုယ်တော်ကြွသော်၊ ပါဒခြေရာ၊ ထားခဲ့ပါတော့၊ ကိုးကွယ်ရာမို့၊ ရှိတုံမျို့၏။ သို့လည်းမသင့်၊ အခွင့်မသနား၊ ရှေးဘုရားတို့၊ ဖဝါးခြေရာ၊ နဂါးရွာမှ၊ ထားရာမဟုတ်၊ အသာဆုတ်၍ -

ဗုဒ္ဓညွှန့်လူ၊ ကျွန်းဇမ္ဗူသို့၊ ရှေးရှူမနေ၊ ပြန်တက်လေသော်၊ အရှေ့မြော်ကာ၊ နမ္မဒါနဂါး၊ တောင်းပန်အားကြောင့်၊ မြစ်နားနမ္မဒါ၊ ဆိပ်ကမ်းသာ၌၊ ကျောက်ဖျာထက်တွင်၊ ကွက်ကွက်ကွင်းကွင်း၊ ကိုယ်တော်နင်းက၊ ရှိန်ပြင်းလှစွာ၊ မြကျောက်ဖျာသည်၊ အိကာညွှတ်ပြောင်း၊ စစ်ဖယောင်းသို့၊ နတ်ကောင်းဝိသု၊ ပန်းပုမကျန်၊ ပန်းရံပန်းချီ၊ ရေးမမှီသည့်၊

ဂမ္ဘီသာရ၊ စက်ပါဒကို၊ တူကွသဒ္ဒါ၊ ပူဇော်လာသော်၊ လူရွှာ
နတ်ပြည်၊ ကျင်လည်များစွာ၊ စံပြီးခါမှ၊ နောင်လာမေတ္တာယျ၊
ငါ့ညီလှကို၊ မဆွလက်ဦး၊ ဖူးရလိမ့်သာ၊ မိန့်ပြီးခါမှ၊ ငါးရာ
သံဃာ၊ တူကွပါ၍၊ စကြာဖြန့်ချီ၊ တောင်ထိပ်ဆီသို့၊ တလီ
ကိုယ်တော်၊ ကြွပြန်သောအခါ-

ပြာဝါရှိန်ပြေ၊ ဝေဝေမင်းလွင်၊ မန်းရေယဉ်က
ကြည်လင်လကျာ်၊ လှည့်ခါပတ်ဝိုက်၊ သုံးကြိမ်တိုက်၍၊ စရိုက်ကုန်
အောင်၊ ညွှတ်ဖူးဆောင်သား၊ ဘုန်းခေါင်ဆယ်ထပ်၊ နောကိုး
ရပ်နှင့်၊ ရံပယ်ဆန်းကြယ်၊ တောင်များလယ်တွင်၊ မြင့်ထယ်
မတ်မတ်၊ မိုးနှင့်စပ်မျှ၊ ပညတ်တွင်ဘိ၊ သီရိပဗ္ဗ၊ မကုလ
တောင်၊ ဗွေထိပ်ခေါင်မှာ၊ တန်ဆောင်ပမာ၊ ဝေနေယျာကို
ခေမာကူးက၊ မငြင်းမလှန်၊ မဆန်အာဏာ၊ ကျွန်ုပ်မှာမူ၊ မြတ်
ဘုန်းလူနှင့်၊ အတူတကွ၊ မပါရသော်၊ ညွှတ်ခထံပါး၊ နဂါးကဲ့
သို့ တောင်မို့မို့မှာ၊ ကိုယ်တော့်ခြေရာ၊ ထားခဲ့ပါလေ့၊ သာယာ
ဝပ်ညောင်း၊ အခွင့်တောင်း၍၊ ရှင်ကောင်းပရမေ၊ လက်ဝဲ
ခြေကို၊ ရွှေပေရွှေခွက်၊ တံဆိပ်နှက်သို့ ကျောက်ထက်ကွင်း
ကွင်း၊ ကိုယ်တော်နင်းသော်၊ ရှိန်ပြင်းပဲ့တင်၊ ငလျင်လှုပ်ပြီး
မြေကြီးပြိုအက်၊ သံတော်နှက်၍၊ အထက်တခွင်၊ ကောင်း
ကင်စကြာဝဠာ၊ ဒေဝါအပေါင်း၊ သိန်းသောင်းရံကာ၊ လာ၍
တူကွ၊ ဦးနှိမ်ချ၍ -

ထိုမှ တောင်တွင်၊ ဦးတင်မလို၊ ပန်းညိုပန်းဝါ၊ ပန်းပြာပန်းနီ၊ သရဖီကြက်မောက်၊ ပိတောက်မိုးစွေ၊ သင်းခွေအင်ကြင်း၊ ပန်းခပင်းတို့၊ စက်ရင်းရှိရာ၊ လှည့်လည်ကာဖြင့် တမာကြက်တော၊ ရွှေဥသြတို့၊ သောသောဝှန်ဆူ၊ အသံလှူလျက်၊ မျောက်ဖြူမျောက်ညို၊ ထိုထိုမျောက်စပ်၊ တရပ်လွှဲကျော်၊ မျောက်တဖော်နှင့်၊ ပျော်ရွှင်မြူးကာ၊ ချေဝါသမင်၊ ကျားဆင်ဒရယ်၊ ယုန်ငယ်တသင်း၊ လေတင်ဆင်းက၊ အတင်းပြေးလာ၊ စက်တော်ရာကို၊ လျင်စွာတုပ်ကွ၊ ဦးနှိမ်ချလျက်၊ တစ်ရာရှစ်ကွက်၊ ပြောင်ပြောင်လက်သား၊ အောက်ထက်နှစ်ဖြာ၊ ခြေတော်ရာကို၊ ဒေဝါပဋ္ဌန်၊ မြူးခုန်ပျော်ကြ၊ ကဆုန်လမှာ၊ ရှေးကပွဲတော်၊ ခုသော်တွဲပေါင်း၊ ထိုနှောင်းတန်ခူး၊ ကဆုန်းကျူး၍ အထူးကောင်းလှ၊ ထိုလေးလမှာ၊ လာကြတူဖော်၊ ပျော်တချိမ့်ချိမ့်၊ သိမ့်သိမ့်တုန်လှုပ်၊ ရန်ကုန်၊ မန္တလေး၊ မုတ္တမ၊ မော်လမြိုင်၊ရခိုင်၊ပုသိမ်၊မမှိန် သထုံ၊အလုံရွှေဘို၊ မြို့ အထိုထိုမှ၊များလှတသွယ်၊ထားဝယ်မကြွင်း၊ခမင်းနှံ့ပြား၊ ရှမ်းကားမနေ၊လာလေပရိသတ်၊မန်းတောင်စပ်၍၊များမြတ်စုံစေ၊ ရွှင်ပျော်မွေ့လျက်၊တကွေ့တကောက်၊တဲအုံဆောက်၍၊ စောင့်ရှောက်သီလ၊ လျှဒါနကို၊ မကမြေမိုး၊ ချင့်တွက်တိုးသည် ……

ခြေတော်ရာကို ၊ တစ်ခါရောက်လျှင်
သွားချင်နေကြ ၊ လွန်တောင့်တ၍
ဟတ္ထသွယ်ပျောင်း၊ လက်ဆယ်ချောင်းကို
ဦးခေါင်းထိပ်တင်၊ ကြည်လင်မြတ်နိုး
ရှိခိုးပါ၏။
ရှိခိုးပါရ ၊ ဤပုညကြောင့်
ဘဝအမှန် ၊ ထက်ရှာစံသည်
နိဗ္ဗာန်ရွှေမြို့၊ ရောက်စေသော် ...။

မင်းပူး ဦးဩဘာသ(ကုန်းဘောင်ခေတ် စကားပြေ စာဆိုဆရာတော်)
မင်းဘူးမြို့၊ ရပ်သာရွာ ဇာတိဖွား
ရှာဖွေတင်ပြသူ-ဦးဌေးမြင့်သိမ်း(ဒသနိက)

# ရွှေစက်တော် ကန်တော့ခန်း

## (ရှင်မဟာ ရဋ္ဌသာရ)

အတိုင်းမသိ ကျေးဇူးရှိသည့်၊ မုနိသကျ ဂေါတမ၏ ပါဒ မြတ်ကျော် ဖဝါးတော်၌ ထွန်းပေါ်ကျစ်လစ်တစ်ရာ့ရှစ်ကို စိစစ်ကောက်ထွေ လှည့်လည်ရေအံ့၊ တည်ထွေအစ၊ လှံမ၊ အိမ်မွှန်၊ မန္တမ်းပွင့်ချပ်၊ ဇလပ်ပျံ့မွှေး၊ လည်ရေးသုံးဆင့်၊ လှတင့်စွန်းစွန်း၊ ဦးဆောက်ပန်းက၊ စသည်မလွှဲ၊ ထမင်းပွဲ တည်ဟန်၊ ရွှေသလွန်ချွန်းတောင်း၊ ရောင်မောင်းပြဿဒ်၊ အထွဋ်မြင့်ခိုင်၊ တံခါးတိုင်နှင့် အပြိုင်ထီးဖြူ အတူသံလျက်၊ ထန်းရွက်ယပ်ဝန်း၊ တစ်ခန်းတစ်ကြောင်း ဥဒေါင်းမြီးယပ်၊ မကိုဋ်ရတ်ရစ်၊ သင်းကျစ်တခြား၊ ပတ္တမြားရောင်ဖိတ်၊ သပိတ် ပန်းဆိုင်း၊ တုန္ဒိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုးဖလား၊ ထူးခြားသမုဒ္ဒရာ၊ စကြာဝဠာသဏ္ဌာန်၊ ဟိမဝန္တာမြင့်မိုရ်၊ ထိုထိုနေလ၊ နက္ခစသား၊ ဒေသလေးခု၊ ဇမ္ဗူဒီပါ၊ ပြုပ္ပါဥတ္တရ၊ အပရဂေါရီ၊ တလီအံ့ဖွယ်၊ ကျွန်းငယ် နှစ်ထောင်၊ ဘုန်းခေါင်စကြာမင်း၊ ခရသင်းဖြူဆွတ်၊ ငါးကြင်း ပွတ်စကြာ၊ သီတာခုနှစ်တန်၊ သတ္တရတန်၊ တောင်စဉ်ခုနှစ် ထပ်၊ ကြံ့ကြံ့မြင့်ခိုင်၊ ခုနှစ်အိုင်တသုံ၊ ဂဠုန်တစ်ကြောင်း၊ မိချောင်းရေသား၊ ကုက္ကား တံခွန်၊ မင်းတန်သံလျှင်း၊ မယွင်း တသီး၊ သားမြီးကေသာ၊ ကေလာသဘာ၊ သီဟကျားမင်း၊

ဆင်မင်းမြတ်ကျော်၊ ဥပေါ်သထယည်မွန်၊ ဆဒ္ဒန်တခြား၊ နဂါး ဝမ်းဘဲ၊ မကွဲတူကွ၊ ဥဿာဘမကျန်၊ ဇရာဝဏ်း မကားရှိ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှပေ၊ ရွှေလှေလျှံဝါ၊ မျက်နှာ လေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာကိန္နရီ၊ တူညီ ကရဝိတ်၊ ဘိသိတ်သောင်းသောင်း၊ ဥဒေါင်းကြိုးကြာ၊ ဟသ်ာ စက္ကဝက်၊ ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆကမာနှင့်၊ ပြဟ္မာနတ်ရပ်၊ ဆယ့်ခြောက်ထပ်က၊ စေ့စပ် မကြွင်း၊ ခပင်းများစွာ၊ ရံအကာနှင့် စကြာခြေမွန်၊ တင့်တယ် ဟန်ကို၊ ထက်စွန်းမိုးဖျား၊ သိကြားပြဟ္မာ၊ တုရေးရှာလည်း၊ ဘယ်မှာတမျှ၊ အတူရလိမ့်။ အ သမ သမာ၊ သုံးလူ့ချာ၏။ ရတနာထွန်းလင်း၊ အဆင်းသန့်သန့်၊ အကန့်တစ်ထောင်၊ ရွှေရောင်ခြည်ကာ တစ်ရာ့ရှစ်ကွက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်စော၊ ရောက်စေသော . . .

**အင်းဝဆရာတော် ရှင်မဟာရဋ္ဌသာရ၊**

သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ
ဗီစီဒီ၊ ဒီဗီဒီဖြင့် ပူဇော်ပါသည်။
ရှာဖွေတင်ပြသူ – **ဌေးမြင့်သိမ်း (ဒဿနိက)**

**အောင်ဇေယျတု ကျမ်းဂန်ပြု၍ အစချီသော**

## ရွှေစက်တော် တောလား မှ

နဂါး မုဆိုး၊
ရိုကျိုး တောင်းပန်၊
ပူဇော် ရန်ဟု၊
န မန္တာနား၊
ရှာ တစ်ပါးနှင့်
တောင်ဖျား၊ ကျောက်ထိပ်၊
နင်းနှိပ် ရာတော်၊
နှစ်ဘော် ရွှေစက်၊
ရောင်ပြိုး ပြက်သည်၊
မင်္ဂလိ နိဗ္ဗာန် စူးစူးတည်း။

**အင်းဝဆရာတော် ရှင်မဟာရဋ္ဌသာရ ရွှေစက်တော်ရင်ပြင်တွင် တောလား (၄)ပုဒ် ရေးစပ်ပူဇော်ပါသည်။**

၁။ အောင်ဇေယျတု ကျမ်းဂန်ပြု၍
၂။ စူးစူးနိဗ္ဗာန် ရောက်မည်မှန်၍
၃။ တောကြက်တွန်မြူး ကျေးငှက်ကျူး၍
၄။ ပျံ့ပျံ့လေပြည် အလွမ်းစည်လျက်

**ဆင့်ဆင့်သာချပ်တော့တယ်အစရှိ**

## ရွှေစက်တော် လေးချိုး မှ

မုနိ မြတ်စွာ၊ ဒေသစာဖြင့်
သုနာပရန်၊ တိုင်းဒေသဝယ်
သစ္စဗန္ဓ၊ တာပသနှင့်
နမ္မဒ မည်၊ အကြောင်းတည်လို့
ဗိုလ်ရည်များစွာ၊ သတ္တဝါကို
နောင်လာတင့်နေ၊ မြင့်ပစေဟု
စက်ရွှေနှစ်စုံ၊ ကြာပဒုံကို
သုံးဘုံမှန်ကူ၊
နှင်းနိုပ်တော်မူတော့ပ
ဇမ္ဗူခွင်ကို၊
ရှိတင်စုံပူးလို့ ဖူးရန်လွင့်။

**ဖိုးသူတော်ဦးမင်း**

**လေးချိုးသုံးပုဒ် ရေးစပ်ပူဇော်ပါသည်။**

ဆင့်ဆင့်သာ ချပ်တော့တယ်။
ခြိမ့်ခြိမ့်သာ မွန်းတော့တယ်။
သိမ့်သိမ့်သာ သဲတော့တယ်။

## ရွှေစက်တော် ဘွဲ့လေးချိုး

ရေးယခင်ဝယ်
သုဇာ်မျိုး
ရေနယ်စိုးနှင့်
သတိုးထေရ်ပျံ
သစ္စဗန်တို့
ရှိပန် ညွှတ်ခါ
တောင်းပန် ရှာလွန်းလို့
သုံးရွာလုံး ပရမေလဲ
စက်နှစ်ထွေ ရာတော်နင်းခဲ့တယ်
မင်းမင်းမျက်ရှင်

**ရိုးသုတော်ဦးမင်း**

# ရည်ညွှန်းအကိုးပြုကျမ်းများစာရင်း


| | |
|---|---|
| ဇတ်တော်ကြီးရှစ်ဘွဲ့ | မင်းပူးဦးသြဘာသ ဆရာတော်ကြီး |
| ရွှေစက်တော်သမိုင်း | ဆရာတော်ကြီးဦးဒီပ |
| ကျောင်းတော်ရာစေတီတော်သမိုင်း | အရှင်ဓမ္မာစာရ |
| ပုဏ္ဏောဝါဒသုတ္တန် (တိတ်ခွေ) | ဝါးခင်းကုန်းဦးတိက္ခ |
| ပုဏ္ဏောဝါဒသုတ္တန် (တိတ်ခွေ) | သီတဂူဆရာတော် အရှင်ဉာဏိဿရ |
| ပုဏ္ဏောဝါဒသုတ္တန် (၁၉၈၀) | သီတဂူဆရာတော် အရှင်ဉာဏိဿရ |
| ပုဏ္ဏောဝါဒသုတ္တန် | အရှင်တေဇောဘာသ |
| ဗုဒ္ဓစက်လက္ခဏာတော်များ | အရှင်ခေမိန္ဒသာမိ |
| ပခုက္ကူသာသနာဝင် | အရှင်ကေလာသ |
| သီဟိုဠ်ရှင်ဘုရားသမိုင်း | လယ်တီအရှင်ကောဝိဒ |
| ကျောင်းတော်ရာသမိုင်း ဟောင်း | လယ်ကိုင်းဦးမြိုင် |
| ရွှေစက်တော်သမိုင်း ဟောင်း | စကုဆရာကြီး ဦးညို |
| ရွှေစက်တော်သမိုင်းကြီး | ဆရာကြီးဦးတင်ရှိန် |
| တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတော် | မောင်ဝိဇ္ဇာ |
| ပါဒစက်တော်ရာသုတေသီမိသားစု | ဆရာကြီးဦးအောင်မြင့် |
| သာသနာရေးဌာန၏မဟာဗုဒ္ဓဝင် | ဒုတိယတွဲ |
| စက္ကိန်းတဲဘုရားသမိုင်း | ဂေါပကအဖွဲ့ |
| မြသလွန်ဘုရားသမိုင်း | ဂေါပကအဖွဲ့ |
| မြသပိတ်ဘုရားသမိုင်း | ကောင်းမြတ် (ခရာတော) |
| ရွှေပန်းမြိုင်(ပါဝါရုံ)ဘုရားသမိုင်း | ဦးအေးထွား၊ ဦးထွန်းဝ |
| ရွှေစေတီတော်များရှိ ကျောက်စာများ | |

# မန်းရွှေစက်တော် ရှေးခေတ်ဟောင်း ခရီးလမ်းညွှန်

မင်းဘူး (စကု)မြို့နယ်၊ မင်းဘူးမြို့မှ (၃၁)မိုင် ကွာဝေးသော မန်းရွှေစက်တော်သို့ ရှေးခေတ်ကပင် မင်းဘူးမြို့ မှ ဆင်ခေါင်း၊ လေးပင်၊ ဇီးအိုင်ကျေးရွာ၊ ပဒါန်းကျေးရွာမှ ငဖဲမြို့သို့ မော်တော် ယာဉ်များနှင့် ခက်ခက်ခဲခဲ သွားလာရပြီး ငဖဲမြို့မှ ခြေလျင်ခရီး (၄)မိုင်ခန့်ဖြင့် ရွှေစက်တော်သို့ သွားလာနိုင်ပါသည်။ ငဖဲမြို့ လမ်းခရီးတွင် စစ်အတွင်းလက်ကျန် တင့်ကားပျက်များကို (၁၉၆၈) ခုနှစ်အထိ တွေ့မြင်ခဲ့ရပါသည်။ မင်းဘူးမြို့မှ (၁၄)မိုင် အကွာ အဝေးမှစ၍ တစ်မိုင်ရောက်တိုင်း တောင်တစ်လုံးနှုန်း တက်ရဆင်းရ ခက်ခဲမှုများ တွေ့ကြုံရပါသည်။

(၁၉၅၆)ခုနှစ်တွင် ယခုလက်ရှိ မန်းရွှေစက်တော်သို့ (၈)မိုင် လမ်းခွဲအား သာယာဝတီ ဦးမောင်မောင် ကြီးကြပ်မှုဖြင့် ဖောက်လုပ်ခဲ့ပါသည်။ (၁၉၇၁)ခုနှစ်တွင် ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ပါသည်။ လမ်းခရီးတွင် နွားလှန်ကျအတက်၊ သရက်ချဉ်အတက် စသည် တောင်ဆင်းတောင်တက်များပြားခြင်း၊ မော်တော်ယာဉ်များ လောင်စာဆီ ပိုမိုကုန်ကျခြင်းကြောင့် မင်းဘူးမြို့မှ (၁၀)မိုင် ကွာဝေးသော စကုမြို့မှတဆင့် မန်းရွှေစက်တော်သို့ ဘုရားဖူးခရီးသည်များ သွားရောက်လေ့ ရှိပါသည်။

မင်းဘူးမြို့မှ စကုမြို့ သမထီး၊ လက်ခုပ်ပင် ကျေးရွာ၊ ပင်လယ်သက်၊ ပေါင်းရွာ စသည်များကို ဖြတ်သန်း၍ အိုင်းမ ဆည်တော်စခန်းသို့ သွားရောက်ရပါသည်။

အိုင်းမဆည်တော်စခန်းတွင် ခရီးသည်များ နားနေဆောင်များ တည်ရှိပြီး ဆည်တော် ဆိထမင်း၊ ငါးသလဲ ထိုးကြော်၊ ကောက်ညှင်း ဝါးကျဉ်တောက်၊ ကောက်ညှင်းထုတ်များသည် ယခုအချိန်ထိ အမည်ကျော်ကြား လျက်ရှိပါသည်။

(၁၉၅၉) ခုနှစ်အထိ ညအချိန်တွင် ဂျီဟောက်သံ၊ တောဝက်အော်သံ၊ ျားဟိန်းသံများ ကြားရသကဲ့သို့ အဆင်သင့်သူများ သမင်၊ ဂျီ၊ စိုင်၊ ဆတ်နှင့် ာန်များ တွေ့မြင်ကြရပါသည်။

အိုင်းမဆည်တော်စခန်းမှ မန်းရွှေစက်တော်သို့ (၇)မိုင် (၁)ဖာလုံ ခန့်သာ ာဝေးသဖြင့် ပစ္စည်းနှင့် လူကြီးများသာ လှည်းယာဉ်နှင့် သွားလာကြပြီး လူငယ် ာ်းမှာ ခြေလျင်တောင်တက်ခရီးနှင်ကြပါသည်။

ဆည်တော် စခန်း မှ သပြေပင်စခန်းသို့ (၂)မိုင်၊ သပြေပင်စခန်း မှ ကြီးစခန်း သို့ (၁)မိုင်၊ ရိုးကြီးစခန်းမှ (ကန်ပေါက်စခန်း၊ လုပ်ဆေးချောင်း၊ ည်ပင်ကျော၊ ကင်မိတ်၊ သမုန်းကျော၊ ကျောက်တန်းဆင်း၊ လှေတင်ဆင်း) စခန်း သီးသီး (ခုနှစ်ခုမှာ) (၄)ဖာလုံခန့်စီ ကွာဝေးပါသည်။ စခန်းတိုင်းတွင် ဇရပ်များ ည်ရှိပြီး သောက်ရေ၊ ဇီးဖြူသီးဆားရည်စိမ်၊ ဇီးသီး၊ ငှက်ပျောသီး၊ သရက်သီး ါင်း၊ တည်သီးများဖြင့် ဧည့်ခံကြပါသည်။

ဘုရားဖူးများသည် ရွှေကြို့တဲများတွင် အခမဲ့တည်းခိုနိုင်ပြီး ၎င်းတဲတွင် ျသက်န်းရွှေဆိုင်းများ ဝယ်ယူကြရပါသည်။ ရွှေကြို့တဲမှ ရွှေစက်တော် င်းချိုဖြစ်သော ဘူးသီးနှင့် ဇီးသီးရောချက်သော ဟင်းချို အာဟာရကုသိုလ်ပြုပြီး ရားဖူးလှည်းယာဉ်များအား လှည်းဝိုင်းချရန် ဝါးလုံးများငှားပါသည်။ လှည်းများကို က်ဝိုင်းသဏ္ဌာန် လှည်းဝိုင်းချပြီး လှည်းဝိုင်းထိပ်တွင် ဝါးလုံးများဖြင့် သံယာစင် လေး တည်ဆောက်နေထိုင်ကြပါသည်။

သောင်ပြင်သည် မန်းချောင်းရေစီးဆင်းသည့် သဘာဝအတိုင်း တည်ရှိပြီး အာက်သောင်၊ အထက်သောင်၊ မီးပြန်ကွေ့၊ ငဖဲစောင်းတန်းထိပ် သမုန်းကုန်း ရာများတွင် လှည်းဝိုင်းများ နေရာယူကြပါသည်။

မန်း ရွှေ စက် တော် ဘု ရား ဂေါ ပ က အဖွဲ့
မင်း ဘူး မြို့
စာအမှတ်၊ ၁၄ / စီမံ / ဓတရ(၂၀၀၇)
ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

သို့

ညွှန်ကြားရေးမှူး
စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန
အမှတ်(၄)ဝဏ္ဏဘာလမ်း
ဗဟန်း၊ ရန်ကုန်မြို့

အကြောင်းအရာ။ ပို့စကဒ်၊ ပိုစတာ၊ ရုပ်ပြနှင့်သမိုင်းကြီးစာအုပ်၊ လက်ကမ်းစာစောင် ထုတ်ဝေ ခွင့်ပြုနိုင်ပါရန်ထောက်ခံချက်တောင်းခံခြင်းကိစ္စ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဦးဌေးမြင့်သိမ်း အမျိုးသားမှတ်ပုံတင်အမှတ်၊ ၈/မဘန(နိုင်)၀၀၆၂၃၇ ၊ ၁၉/၃ လမ်း၊ အမှတ်(၂)ရပ်ကွက် ၊မင်းဘူးမြို့ မှ ပို့စကဒ်၊ ပိုစတာ၊ ရုပ်ပြ နှင့် ရွှေစက်တော်သမိုင်းကြီးစာအုပ်၊ လက်ကမ်းစာစောင် အား ထုတ်ဝေဖြန့်ချိခွင့်ပြုပါရန် လျှောက်ထားပါသည်။
၂။ ယင်းကိစ္စအား (၃၀-၁-၂၀၀၇)ရက်နေ့တွင် မန်းရွှေစက်တော်ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ထောက်ခံချက်ပေးရေး ဆွေးနွေးကြရာ ပို့စကဒ်၊ ပိုစတာ၊ ရုပ်ပြနှင့် ရွှေစက်တော်သမိုင်းစာအုပ် ထုတ်ဝေဖြန့်ဖြူးခြင်းဖြင့် ဘုရားဖူးများ လွယ်ကူစွာ ကြည့်ညိုသဒ္ဓါပွားများနိုင်သဖြင့် ထုတ်ဝေဖြန့်ဖြူးခြင်းအား ဂေါပကအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိ သဘောတူညီထောက်ခံချက်ပေးရန် ဆုံးဖြတ်ကြပါသည်။
၃။ သို့ဖြစ်ပါ၍ လျှောက်ထားသူအား သက်ဆိုင်ရာများသို့ ထုတ်ဝေဖြန့်ဖြူးရောင်းချနိုင်ရန် အတွက် အစည်းအဝေးမှတ်တမ်းတစ်စောင်အား ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

( တင်စိုး )
တွဲဘက်အတွင်းရေးမှူး
မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့

မိတ္တူကို

ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့။
လျှောက်ထားသူ ဦးဌေးမြင့်သိမ်း။

၃၀–၁–၂၀၀၇ ရက်နေ့ (၁၄း၀၀)နာရီအချိန် မင်းဘူးမြို့၊ မန်းစွေစက်တော်ဘုရား ဂေါပကရုံး၌ ကျင်းပပြုလုပ်သော မန်းစွေစက်တော် ပို့စကဒ်၊ ပိုစတာ၊ ရုပ်ပြ နှင့်သမိုင်းကြီးစာအုပ်၊ လက်ကမ်းစာစောင် များ ပုံနှိပ်ထုတ်ဝေ ရောင်းချခွင့်နှင့် စာပေစိစစ်မှတ်ပုံတင်ဌာန သို့ ထောက်ခံချက်ပေးနိုင်ရန် လျှောက်ထားခြင်း ကိစ္စအပေါ် ညှိနှိုင်းအစည်းအဝေးမှတ်တမ်း

အစည်းအဝေးတက်ရောက်ကြသူများ

| | | |
|---|---|---|
| ၁။ | ဦးမြင့်သူရ | ဥက္ကဋ္ဌ |
| ၂။ | ဦးမောင်မောင်သောင်း | ဘဏ္ဍာရေးမှူး |
| ၃။ | ဦးတင်အောင် | အဖွဲ့ဝင် |
| ၄။ | ဦးလှမြင့် | အဖွဲ့ဝင် |
| ၅။ | ဦးတင်စိုး | တွဲဘက်အတွင်းရေးမှူး |

**ရည်ရွယ်ချက်**

ဦးငွေမြင့်သိမ်း မှ ထုတ်ဝေခွင့်လျှောက်ထားချက်အပေါ် ထောက်ခံချက် ပေးရေး ဆောင်ရွက်ရန် ရည်ညွှန်းပါသည်။

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ရန် |
|---|---|---|
| | **ဆွေးနွေးချက်**<br>ဦးငွေမြင့်သိမ်းသည် ဘုရားဖူးများကြည်ညိုသဒ္ဓါပွားများနိုင်ရန် မန်းစွေစက်တော် ပို့စကဒ်၊ ပိုစတာ၊ ရုပ်ပြနှင့်သမိုင်းကြီး စာအုပ် ထုတ်ဝေဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် သက်ဆိုင်ရာများသို့ လျှောက်ထားရာတွင် လိုအပ်သော ထောက်ခံချက်များပေးရေးကိစ္စ ဆွေးနွေးကြပါသည်။<br>**ဆုံးဖြတ်ချက်**<br>လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများ တင်ပြ၍ ပို့စကဒ်၊ပိုစတာ၊ရုပ်ပြနှင့်သမိုင်းကြီးစာအုပ်၊လက်ကမ်းစာစောင် ထုတ်ဝေခွင့်ပြုရန် လျှောက်ထားချက်အပေါ် ဘုရားဖူးများကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ဝေရောင်းချခြင်းအား မန်းစွေစက်တော်ဘုရားဂေါပကအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိ ထောက်ခံချက်ပေးရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။<br>**အစည်းအဝေးရုပ်သိမ်းခြင်း**<br>အစည်းအဝေးကို အခြားဆွေးနွေးရန်မရှိပါသဖြင့် (၁၄း၃၀)နာရီတွင် ရုပ်သိမ်းပါသည်။<br>(လက်မှတ်)<br>မှတ်တမ်းတင်သူ<br>နေ့စွဲ။ ၃၀–၁–၂၀၀၇ ။ ( တင်စိုး )<br>တွဲဘက်အတွင်းရေးမှူး | |

၂၀-၁၁-၀၃ နေ့ ( [illegible] ၃၀ ) [illegible] [illegible] မြို့နယ် [illegible] တော် [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ကျောက်ထား [illegible] [illegible] အစည်းအဝေး ပြုလုပ်ပါသည်။

**အစည်းအဝေး တက်ရောက်သူများ**

၁။ ဦး မောင်မောင်မြင့် - [illegible]
၂။ ဦး မောင်မောင် [illegible] - [illegible] ရေးမှူး
၃။ ဦး မြင့်အောင် - [illegible]
၄။ ဦး ဖုမြင့် - [illegible]
၅။ ဦး တင်ရိုး - [illegible] ရေးမှူး

**ရည်ရွယ်ချက်**

ကျောက်ထား [illegible] [illegible] [illegible] ဆွေးနွေး ရန် ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ရန် |
|---|---|---|
| | **ဆွေးနွေးချက်** | |
| | ဦး [illegible] မြင့် [illegible] ( [illegible] ) [illegible] ၂ [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ကျောက်ထား [illegible] ဆွေးနွေး ကြပါသည်။ | |
| | **ဆုံးဖြတ်ချက်** | |
| | ကျောက်ထား [illegible] [illegible] [illegible] [illegible] [illegible] [illegible] [illegible] ဖြစ်ကြပါသည်။ | |
| | **အစည်းအဝေး ရုပ်သိမ်းခြင်း** | |
| | [illegible] [illegible] ( [illegible] ၁၁ ) [illegible] အစည်းအဝေး ရုပ်သိမ်းပါသည်။ | |

[illegible]
( [illegible] )

ရှင်ပင်စက္ကိုန်းတဲဘုရားတော်ထိန်းဂေါပကအဖွဲ့
မင်း ဘူး မြို့
ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်

ညွှန်ကြားရေးမှူး
စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန
အမှတ်(၄)ဝဏ်ဘာလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့

အကြောင်းအရာ။ **ပို့စကာဒ်၊ ပို့စတ္တာ၊ ရုပ်ပြ၊ ရွှေစက်တော်သမိုင်းနှင့်ဆက်စပ်၍ ရှင်ပင်စက္ကိုန်းတဲ ရွှေစေတီ စာအုပ်ထုတ်ဝေခွင့်ပြုနိုင်ပါရန်ထောက်ခံချက်တောင်းခံခြင်းကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဦးဌေးမြင့်သိန်း၊ အမျိုးသားမှတ်ပုံတင်အမှတ် ၈/မဘန(နိုင်)၀၀၆၂၃၇ ၊ ၁၉/၃ လမ်း၊ အမှတ်(၂)ရပ်ကွက် ၊မင်းဘူးမြို့ မှ ပို့စကာဒ်၊ ပို့စတာ၊ ရုပ်ပြ နှင့် ရွှေစက်တော်သမိုင်းနှင့် ဆက်စပ်၍ ရှင်ပင်စက္ကိုန်းတဲရွှေစေတီစာအုပ် အား ထုတ်ဝေဖြန့်ချိခွင့်ပြုပါရန် လျှောက်ထားပါသည်။

၂။ ယင်းကိစ္စအား (၂-၂-၂၀၀၇)ရက်နေ့တွင် ရှင်ပင်စက္ကိုန်းတဲဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ ထောက်ခံချက်ပေးရေး ဆွေးနွေးကြရာ ပို့စကာဒ်၊ ပို့စတာ၊ ရုပ်ပြ ရွှေစက်တော်သမိုင်းနှင့်ဆက်စပ်၍ ရှင်ပင်စက္ကိုန်းတဲရွှေစေတီစာအုပ် ထုတ်ဝေဖြန့်ဖြူးခြင်းဖြင့် ဘုရားဖူးများ လွယ်ကူစွာ ကြည်ညိုသဒ္ဓါပွားများ နိုင်သဖြင့် ထုတ်ဝေဖြန့်ဖြူး ခြင်းအား ဂေါပကအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိ သဘောတူညီ ထောက်ခံချက်ပေးရန် ဆုံးဖြတ်ကြပါသည်။

၃။ သို့ဖြစ်ပါ၍ လျှောက်ထားသူအား သက်ဆိုင်ရာများသို့ ထုတ်ဝေဖြန့်ဖြူးရောင်းချနိုင်ရန် အတွက် အစည်းအဝေးမှတ်တမ်းတစ်စောင်အား ဤစာနှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

၅-၂-၂၀၀၇
( ခင်မောင် )
ဥ က ဋ
ရှင်ပင်စက္ကိုန်းတဲရွှေစေတီဂေါပကအဖွဲ့

မိတ္တူကို

လျှောက်ထားသူ ဦးဌေးမြင့်သိန်း။

နဂါးပွက်တောင်တော် သာယာလှပရေးအဖွဲ့
မင်းဘူး(စကု)မြို့နယ် ၊ မင်းဘူးမြို့
စာအမှတ် ၊ ၁၉ / / ဝ၃ / နဝ
ရက်စွဲ ၊ ၂၀၀၃ ခုနှစ် ၊ ဒီဇင်ဘာလ (၂၁) ရက်

သို့

အတွင်းရေးမှူး
ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့
၄၄၊ ဝက်ဘာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့

အကြောင်းအရာ ။ ။ **<u>နဂါးပွက်တောင်တော်၊ နဂါးပွက်မောင်တော်၊ အမတော်၊ ပို့စတာ၊ ပို့စကဒ်အမျိုးမျိုး ရောင်းချခွင့်နှင့် မှတ်ပုံတင်နိုင်ရန် ထောက်ခံချက်ပေးပို့ခြင်း။</u>**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပါတ်သက်၍ မင်းဘူးမြို့ (၂) ရပ်ကွက် အမှတ် (၁၉) (၃) လမ်းနေ ဦးငွေမြင့်သိမ်း မှ နဂါးပွက်တောင်တော်၊ နဂါးပွက်မောင်တော်၊ အမတော်ပို့စကဒ် ပို့စတာ အမျိုးမျိုးတို့အား တရားဝင်ရောင်းချနိုင်ရန်အတွက် ဗဟိုမှတ်ပုံတင်အဖွဲ့ခွင့်ပြုချက်ရရှိနိုင်ရန်လိုအပ်သော အထောက်အထားများနှင့်အတူ နဂါးပွက်တောင်တော် သာယာလှပရေး အဖွဲ့ရုံးသို့ လာရောက်လျှောက်ထားပါသည်။

၂။ ယင်းကိစ္စအား (၂၁-၁၂-၂၀၀၃) နေ့တွင် အစည်းအဝေးကျင်းပပြုလုပ်ပြီး လျှောက်ထားသူအား ရောင်းချခွင့်နှင့် ထောက်ခံချက်ပေးရေး ညှိနှိုင်းဆွေးနွေးကြရာ ကန့်ကွက်ရန်မရှိဘဲရောင်းချခွင့်နှင့် ထောက်ခံချက်ပေးရန်အတွက် အများ သဘောတူဆုံးဖြတ်ကြပါသည်။

၃။ သို့ဖြစ်ပါ၍ လျှောက်ထားသူအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေးမှတ်တမ်း (၁)စောင်ကို ဤစာနှင့် အတူပူးတွဲပေးပို့ပါသည်။

ဥက္ကဋ္ဌ
( ဦးတင် )
နဂါးပွက်တောင်တော်သာယာလှပရေးအဖွဲ့
မင်းဘူးမြို့

၂-၂-၂၀၀၇ ရက်နေ့ (၁၄:၀၀)နာရီအချိန် ပင်းဘူးမြို့၊ နဂါးပွက်တောင်တော် သာသာလုပရေးအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သော နဂါးပွက်တောင်တော် ဗို့ကောဒ်၊ ဗိုတော၊ ရှပ်ပြ သမိုင်းမှတ်တမ်းစာအုပ် များ ပုံနှိပ်ထုတ်ဝေ ရောင်းချခွင့်နှင့် စာပေစိစစ် မှတ်ပုံတင်ဌာန သို့ ထောက်ခံချက်ပေးနိုင်ရန် လျှောက်ထားခြင်း ကိစ္စအပေါ် ညှိနှိုင်း အစည်းအဝေးမှတ်တမ်း

အစည်းအဝေးတက်ရောက်ကြသူများ

| | | |
|---|---|---|
| ၁။ | ဦးတင် | ဥက္ကဋ္ဌ |
| ၂။ | ဦးစိန်တင် | အတွင်းရေးမှူး |
| ၃။ | ဦးသိန်းဆောင် | ဘဏ္ဍာရေးမှူး |
| ၄။ | ဦးမြင့်အေး | ပဓာနအဖွဲ့ |
| ၅။ | ဦးနိုင်ဝင်း | စာရင်းကိုင် |
| ၆။ | ဦးပျိုချစ် | အဖွဲ့ဝင် |

ရည်ရွယ်ချက်

ဦးထွန်းမြင့်သိမ်း မှ ထုတ်ဝေခွင့်လျှောက်ထားချက်အပေါ် ထောက်ခံချက် ပေးရေး ဆောင်ရွက်ရန် ရည်ညွှန်းပါသည်။

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| | ဆွေးနွေးချက်<br>ဦးထွန်းမြင့်သိမ်းသည် ဘုရားဖူးများကြည်ညိုသဒ္ဓါပွားများနိုင်ရန် နဂါးပွက်တောင်တော် ဗို့ကောဒ်၊ ဗိုတော၊ ရှပ်ပြ ရွှေဂူတော် သမိုင်းနှင့်ဆက်စပ်၍ နဂါးပွက်တောင်တော်မှတ်တမ်းသမိုင်းပုံနှိပ်ထုတ်ဝေခွင့်လျှောက်ထားရာတွင် လိုအပ်သောထောက်ခံချက်များပေးရေး ကိစ္စ ဆွေးနွေးကြပါသည်။<br>ဆုံးဖြတ်ချက်<br>လျှောက်ထားသူသည် လိုအပ်သော အထောက်အထားများ တင်ပြ၍ ဗို့ကောဒ်၊ ဗိုတော၊ ရှပ်ပြ၊ ရွှေဂူတော်သမိုင်းနှင့် ဆက်စပ်၍ နဂါးပွက်တောင်တော်မှတ်တမ်းသမိုင်းပုံနှိပ်ထုတ်ဝေခွင့်ပြုရန်လျှောက်ထားချက်အပေါ် ဘုရားဖူးများကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ဝေရောင်းချခြင်းအား နဂါးပွက်တောင်တော်သာသာလုပရေးအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိ ထောက်ခံချက်ပေးရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။<br>အစည်းအဝေးရုပ်သိမ်းခြင်း<br>အစည်းအဝေးကို အခြားဆွေးနွေးရန်မရှိသဖြင့် (၁၄:၃၀)နာရီတွင် ရုပ်သိမ်းပါသည်။<br>နေ့စွဲ။ ၂-၂-၂၀၀၇ ။<br>မှတ်တမ်းတင်<br>( စိန်တင် )<br>အတွင်းရေးမှူး | |

# "အကြံပြုချက်"

ဦးငွေးမြင့်သိမ်း ရေးသားပြုစုသည့် ရွှေစက်တော် သမိုင်းစုံနှင့် ရွှေစက်တော်လမ်းညွှန်ကို ကြည်နူးစွာ ဖတ်ကြား လေ့လာရပါသည်။ ဝါသနာတူ၊ ရည်ရွယ်ချက်တူ သာသနာ ပြုဘက်ဖြစ်နေတော့ စေ့စေ့စပ်စပ် ဖတ်ရှုမိပါသည်။ ခက်ခက် ခဲခဲ လေ့လာထားသော ကျောက်စာများကိုလည်း တဆင့် ဖတ်ကြားလေ့လာရပါသည်။ ဆရာတော် အကျော်အမော်များ ဖြစ်သည့် ထေရ်ကြီးဝါကြီးများ၏ အတ္ထုပ္ပတ္တိများကိုလည်း လေ့လာခွင့်ရရှိခဲ့ပါသည်။ ကျေးဇူးလည်းတင်မိခဲ့ပါသည်။

အများလက်ခံပြီးဖြစ်သော စက္ကိန်းတဲဘုရား၊ မြသလွန်ဘုရား၊ နဂါးပွက်တောင်တော်တို့ကို ပိဋကတ် ဒေသနာတော်တွင် မပါဝင်သော်လည်း ဖော်ပြခြင်းသည် ပြည်သူများ၏ သဒ္ဓါတရား လျော့နည်းစေမည်ဟု ယူဆမိ၍ မဖော်ပြသင့်ကြောင်း အကြံပြုပါသည်။

ဆရာတော်ကြီးများ ကြည်ညိုပူးမြော်သကဲ့သို့ စက္ကိန်းတဲဘုရားကို ပူးမျှော်သင့်သည်ဟု မဖော်ပြသင့်ကြောင်း အကြံပြုပါသည်။ စက္ကိန်းတဲဘုရားကြီး၏ သိကြားမင်း ကျောက်စာနှင့် သာသနာ့အဆောက်အဦးများ ပျက်စီးစေရန် အင်္ဂလိပ်အစိုးရက ဖျက်ဆီးခဲ့တာမဟုတ်ဘဲ စစ်ခြေကုပ် စခန်းအဖြစ် အသုံးပြုခဲ့ရာမှ ပျက်စီးခဲ့ခြင်းသာဖြစ်ကြောင်း ဖော်ပြသင့်ပါသည်။

ရွှေဘိုဆရာတော် ဦးမုနိန္ဒမှ အမိဋ္ဌာန်ပြုခဲ့ကြောင်းနှင့် ပန္နက်တင်မင်္ဂလာတွင် မိုးအုံ့စေရန် တောင်ပိုင်ကြီးမှ ကူညီခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသင့်ပါသည်။ ဆေးဝက်ပါ ဦးသုရိယ ပြုပြင်ခဲ့သည်မှာ လှေကားများ ပြန်လည် ပြင်ဆင် တပ်ဆင်ခြင်းများ၊ ရွှေထီးတော်တင်ခြင်းများကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စေတီတော်လုံးပတ်ကြီးမှာ ဦးမုနိန္ဒမှ ပထမ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသင့်ပါသည်။

နဂါးပွက်တောင်မှတ်တမ်း ခေါင်းစဉ်အောက်တွင် နမ္မဒါနဂါးမင်း နှင့် နဂါးပရိသတ်သည် ဘုရားဟော တရားများကို နာယူရန် လူပရိသတ်၊ နတ်ပရိသတ်၊ ဗြဟ္မာပရိသတ်တို့ ထိစပ်မရ၍ တောင်ညိုတော (နဂါးပွက်) တောင်မှ နေရာယူခဲ့ကြောင်း ဖော်ပြသင့်ပါသည်။

အပြုသဘော ပြည့်စုံစေလိုသောသဘောမှ လွဲ၍ မည်သည့်သဘောထားမှ မပါရှိကြောင်း ကြိုတင် မေတ္တာ ရပ်ခံချက်ဖြင့် ...

(တင်ယု)

တွဲဘက်အတွင်းရေးမှူး

ရှင်ပင်စက္ကိန်းတဲစေတီတော်

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့


မင်းဘူးမြို့။ ဝ၆၅-၅၁ဝ၇ဝ

# ရွှေစက်တော် တယ်လီဖုန်းနံပါတ်များ


| | |
|---|---|
| နမ္မဒါ (အထူး)ရိပ်သာ | - ၀၉-၆၅၆ |
| မန်းရွှေစက်တော်ဂေါပကအဖွဲ့ | - ၀၉-၆၅၆၀ ၂၆၀ |
| ကိုဌေးကြီး "သန့်" တည်းခိုဆောင် | - ၀၉-၆၅၆၀ ၃၃၀ |
| ကြိုးကြာသောင် "ပြည့်ဖြိုး" တည်းခိုဆောင် | - ၀၉-၆၅၀၈ ၁၁၃ |
| တော်ဝင် "ရွှေမန်း" တည်းခိုဆောင် | - ၀၉-၆၅၆၀ ၆၉၀ |
| "ရွှေမန်း" စားသောက်ဆိုင် | - ၀၉-၈၆၂၆ ၃၇၁ |
| "ဖြိုးခိုင်တင်" တည်းခိုဆောင် | - ၀၉-၆၅၆၀ ၅၇၈ |
| "မိဘရိပ်" တည်းခိုဆောင် | - ၀၉-၆၅၆၁ ၄၈၆ |
| "ကံ့ကော်မြိုင်" တည်းခိုဆောင် | - ၀၉-၆၅၆၀ ၃၉၀ |
| စက်တော်ရာမုဒ်ဦး (ညာ) | - ၀၆၅-၂၁၈၀၀ |
| ကိုတူးတူး"ပြည့်စုံ" တည်းခိုဆောင် | - ၀၉-၆၅၆၀ ၅၁၅ |
| ရွှေပြည်စိုး | - ၀၉-၆၅၆၀ ၂၃၆ |
| "သန့်" တည်းခိုဆောင် | - ၀၉-၄၇၂၃ ၄၁၅၇ |
| "ဟိဏ်း" တည်းခိုဆောင် | - ၀၆၅-၂၁၃၇၆။ |
| | ၀၆၅-၃၀၃၀၂ |
| "အာရှ" တည်းခိုဆောင် | - ၀၉-၆၅၀၈ ၁၁၂ |
| မြသီတာ | - ၀၉-၆၅၆၀ ၃၁၁။ |
| | ၀၉-၄၇၂၀၀ ၇၈၉။ |
| အထူးတံတားထိပ် | - ၀၉-၆၈၁၉ ၄၉၄ |
| ရွှေနန်းတော် | - ၀၉-၆၅၆၀ ၄၈၈ |
| "ငုဝါ" မုံ့ရွာအထည်ဆိုင် | - ၀၉-၆၈၀၅ ၆၃၉ |
| ရွှေဇီးကွက်စတိုး(ကိုးခန်းကြီး) | - ၀၉-၆၅၆၁ ၄၄၁ |
| ရွှေလမင်း | - ၀၉-၆၅၆၁ ၀၉၉။ |
| | ၀၉-၄၇၂၃၄ ၀၀၀။ |
| ကိုးခန်းကြီးမွှာရုံဂေါပကအဖွဲ့ | - ၀၉-၆၅၆၀ ၂၆၁။ |




သံမဏိအုပ်ဆောင်းပေါ်တွင်စေတီတပ်ဆင်ရန် ပြင်ဆင်နေပုံ။



အောက်စက်တော်ရာအားသံမဏိအုပ်ဆောင်းဖြင့် အုပ်ထားပုံ။



(ဂြွးဍင်း၃၈) ပ္မဝဓဒၚ်းနှ်ုပ်ဓဒ္ဂဒ္ဓ် ယး၃ယေဂဒၚ်ဝဇေး၆ဒ


N
E
S
W
ရွှေတက်တော်
မန်းချောင်း
ကျောင်းတော်ရာ


ရွှေစက်တော်သမိုင်းစုံ
ရွှေစက်တော်လမ်းညွှန်
ငွေးမြင့်သိမ်း (ဒဿနိက)
မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ခွင့်ပြုချက်ဖြင့်ထုတ်ဝေသည်။
စက္ကိန်းတဲ
ရွှေစေတီ
အရှေ့
မုဒ်ဦးမှ
မြသလွန်တော်
ပင့်ဆောင်
နေသော
ဘီလူးမင်း
နဂါးပွက်တောင်မှတ်တမ်း
စီးပွါးတိုးတက် နဂါးပွက်
နဂါးပွက်တောင်သာယာလှပရေးအဖွဲ့ ခွင့်ပြုချက်ဖြင့်ထုတ်ဝေသည်။
နဂါး မှဆိုး ရိုကျိုးတောင်းပန်
စာ - ၂၂၆
စာ - ၇၇